ပခုက္ကူမြို့ဦးဟောဘာသာဆရာ

# ကုန်းဘောင်ပြဝန်းစိုး

# ရွှေဘိုမမကြီး



[illegible]

၁၉၉၉ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု

ကျွမ်းစာပေ၊ တတိယဆုရ

Acc No

# ကုန်းဘောင်ဖြူဝန်းမိုး

## (ရွှေဘို မိမိကြီး)

စီစဉ်တည်းဖြတ်သူ - ဦးညွှန့်ဟံ ( ညွှန့်ဟံ - ကြူတော )
(တာဝန်ခံစာတည်း)

စာတည်း - ဒေါ်တင်တင်ဝင်း

အဖုံးပန်းချီ - ညိုညို

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ – ၂၀၀၀

အဖိုး ၁၆၀ ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြမြ (ထုတ်လုပ်) က
မှတ်ပုံတင်အမှတ် ၄၁၆ (ယာယီ) ဖြင့်စာပေဗိမာန်စက်ရုံတွင်
ရိုက်နှိပ်၍မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

SARPAY BEIKMAN
Acc No.........

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | စကားဦး | |
| | အမှာစာ | |
| ၁။ | လာခြင်းကောင်းသော အလောင်းမင်းတရား | ၁ |
| ၂။ | သိဃ်ရတနာ မင်္ဂလာရွှေပိုမြို့ရန်ဖြို | ၄ |
| ၃။ | ဦးအောင်ဇေယျငယ်စဉ်က အင်းဝမြို့အခြေအနေ | ၉ |
| ၄။ | ဖိုသုံးဖို တစ်ဖိုကမီးတောက်လောင်ငြီးလိမ့် | ၁၄ |
| ၅။ | ဦးအောင်ဇေယျ၏ စစ်ရေးအမြင် | ၁၉ |
| ၆။ | အလောင်းမင်းတရားနှင့် နပိုလီယံ | ၂၂ |
| ၇။ | ဦးအောင်ဇေယျ မင်းအဖြစ်ကိုယူတော်မူပြီ | ၂၇ |
| ၈။ | ဘုန်းစွမ်းနှင့် လူပြကြသောအခါ | ၃၂ |
| ၉။ | မြို့တော်တည်ဆောက်ခြင်း | ၃၆ |
| ၁၀။ | အင်းဝမြို့သိမ်းတိုက်ပွဲ | ၄၀ |
| ၁၁။ | ရွှေချက်သိုစေတီတော် | ၄၆ |
| ၁၂။ | ရတနာသိဃ်မြို့တော်သိမ်းပွဲနှင့် လောကနတ်သံ | ၅၀ |
| ၁၃။ | ဒဂုန်မြို့ဟောင်းမှ ရန်ကုန်သို့ | ၅၆ |
| ၁၄။ | အလောင်းမင်းတရားကြီးနှင့် ဟိုင်းကြီးကျွန်း | ၆၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဟိုင်းကြီးကျွန်းမှ အင်္ဂလိပ်စခန်းပေါင်းများ | ၆၈ |
| ၁၆။ | ငါးမသေ ရေမနောက်လမ်းကိုလျှောက် | ၇၂ |
| ၁၇။ | မြို့သစ်တည်ဆောက် မူးရေရောက် | ၈၁ |
| ၁၈။ | အလောင်းမင်းတရားကြီး၏ ဥဒေါင်းအလံတော် | ၈၈ |
| ၁၉။ | အလောင်းမင်းတရားကြီး၏ ဖြောင့်မတ်သော နှလုံးသား | ၉၇ |
| ၂၀။ | အလောင်းမင်းတရားကြီး၏ နောက်ဆုံးခရီး ကျမ်းကိုးစာရင်း | ၁၀၂ |

## "စကားဦး"

ကုန်းဘောင်ဖြူဝန်းမိုးဟုအမည်ပေးထားသော ဤစာအုပ်မှာ အလောင်းမင်းတရားကြီး ( ငယ်မည် ဦးအောင်ဇေယျ) ၏ ဘဝဖြစ်တော်စဉ်ကို အတိုချုပ်ဖော်ပြထားခြင်းဖြစ်သည်။ ဤသည်မှာ ရာဇဝင်ကျမ်းကြီးကျမ်းခိုင်များကို၊ အလွယ်တကူဖတ်ခွင့်မရကြသော လူငယ်လူရွယ်များအတွက် စာမျက်နှာနည်းနည်း၊ အချိန်တိုတိုဖြင့် အလောင်းမင်းတရားကြီး၏ တိုင်းကျိုးပြည်ကျိုးဆောင် လုပ်ရပ်များကို နားလည်သဘောပေါက်ရုံမျှသာ အားထုတ်ရေးထားပါသည်။

ကျွန်မသည် ကလေးအရွယ်ငယ်စဉ်မှစ၍၊ အလောင်းမင်းတရားကြီးကိုအလွန်ကြည်ညိုလေးမြတ်ခဲ့သူဖြစ်ပါသည်။ မျိုးချစ်စိတ်ပြင်းပြလှသောဆရာကြီးတစ်ဦးက သင်ကြားဆုံးမစဉ် အလောင်းမင်းတရားကြီး၏ ဂုဏ်ရည်နှင့်လုပ်ဆောင်ချက်ကျေးဇူးများကိုအထူးဖော်ညွှန်းသွန်သင်ခြင်းခံခဲ့ရ၍ဖြစ်ပါသည်။ ဤအကြောင်းကြောင့် ပင်လျှင် ရာဇဝင်ပါသူရဲကောင်းဘုရင်များစွာရှိသည့်အနက် အလောင်းမင်းတရားကြီးကား ကျွန်မ၏ငယ်စဉ်လူစွမ်းကောင်းကြီး ဖြစ်လာပါသည်။

ကျွန်မအိမ်ထောင်ရှင်မဖြစ်လာသောအခါ အလောင်းမင်းတရားကြီး၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ရွှေဘိုမြို့တွင် နေထိုင်ခွင့် ရလာခြင်းမှာ ထူးထူးခြားခြားတိုက်ဆိုင်မှုဟုပင်ဆိုချင်ပါသည်။ ရွှေဘိုမြို့တွင်နှစ်ပေါင်း ၄၀ နီးပါးနေခဲ့စဉ် ဦးအောင်ဇေယျ၏ဘူမိနက်သန်အောင်မြေမှန်သော သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ဒေသပေဟူသောခံယူချက်ကလည်း ကျွန်မတွင်နက်နက်ရှိုင်းရှိုင်းကျေနပ်မှုရစေပါသည်။ ရွှေဘိုမြို့တွင်နေခဲ့သည့်နှစ်ပိုင်း

အတွင်း၌ စာအုပ်စာပေ – လူမိတ်ဆွေဆိုသလိုပင် စာအုပ်အမျိုးမျိုးကို အစဉ်မပြတ်ဖတ်ပြီး လမ်းခုလတ်မှာပင် ကင်းပြတ်ခဲ့ရလေသော၊ ကျွန်မ၏ပညာရေးကို စာအုပ်ပုံထဲမှာ ကိုယ့်ဘာသာရှာဖွေ တည် ဆောက်ယူရပါ၏။

စာဖတ်နာလာသောအခါ စာပေမဂ္ဂဇင်းများတွင် ဆောင်းပါး အတိုအစများ စတင်ရေးသားဖြစ်လာသည်။ ထို့နောက် လုံးချင်းစာအုပ် များ၊ ခရီးသွားနှင့်ဘုရားဖူးစာအုပ်များ၊ အတ္ထုပ္ပတ္တိစာအုပ်အချို့ကိုပါ ရေးဖြစ်ပါသည်။

အတ္ထုပ္ပတ္တိစာအုပ်များမှာ "မင်းလက်ဝဲ" "လှေသင်းအတွင်း ဝန်မင်း ဦးရွှေမောင်" နှင့် "မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်" အကြောင်းများကိုပြုစုရေးခြင်းဖြစ်ပါသည်။

ဤနေရာတွင် ငယ်ငယ်ကစွဲလမ်းခဲ့သော အလောင်းမင်းတရား ကြီးအကြောင်းကို သူ့ဒေသမှာခိုလှုံခွင့်ရပါလျက် ဘာကြောင့်မရေး သလဲဟုမေးစရာရှိလာပါသည်။ အဖြေမှာမထိုက်၊ မတိုက်၊ မရေးဝံ့လို့ပါ ဟု ရိုးရိုးသားသားဖြေပါရစေ။

မရေးဝံ့သောအကြောင်းမှာ အချက်နှစ်ချက်ရှိပါသည်။ ပထမ အချက်မှာ ကျွန်မပြုစုခဲ့ဖူးသော အတ္ထုပ္ပတ္တိရှင်များမှာ ဝန်ကြီး၊ မှူးကြီး များသာဖြစ်သည်။ အလောင်းမင်းတရားကြီးမှာမူ ကမ္ဘာကသိသော မင်းဇကရာဇ် စစ်ဘုရင်တစ်ပါးဖြစ်နေခြင်း၊ ဒုတိယအချက်မှာ ယင်း ပုဂ္ဂိုလ်များပေါ်ထွန်းရာ မွေးသက္ကရာဇ် ခေတ်ကာလအချင်းချင်း နှစ်ပေါင်း (၁၀၀) ကျော်ခန့်ကွာခြားနေသည်။ ယနေ့နောက်ပြန်လှည့် ကြည့်သော်နှစ်ပေါင်း (၂၅၀) ကျော်ခဲ့ပြီဖြစ်သောကြောင့် ရှာဖွေ

စူးစမ်းရန် ပိုမိုခက်ခဲခြင်းတို့ကြောင့် ရေးမည်ကြံတိုင်း လက်တွန့်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် မိမိရေးရန်အလှမ်းမီပါ့မည်လား ဟူသော သံသယအရွံ့စိတ်ကလည်း တားဆီးနေပါသေးသည်။

ထို့ပြင် အလောင်းမင်းတရားကြီးအကြောင်း အတ္ထုပ္ပတ္တိကို ဆရာ့ဆရာကြီးများက ရာဇဝင်နှင့် အရေးတော်ပုံကျမ်းများတွင် ရေးသားခြင်း များလှပြီဟုသိပြီးဖြစ်ပါ၏။ သို့ဖြစ်စေကာမူ စာရေး ဆရာကြီးလူထုဦးလှနှင့် အိုးဝေ ဦးညိုမြတို့က သွန်သင်ဖူးသောစကား တချို့ကို ကြားယောင်လာမိသည်။ လူထုဦးလှက "ဘယ်အကြောင်း အရာမဆို ဘယ်လောက်ကောင်းနေပြီ ပြည့်စုံနေပြီဆိုဆို သည့်ထက် နည်းနည်းကလေးဖြစ်ဖြစ် ပိုပြည့်စုံလာအောင်လုပ်နိုင်သေးတာချည်းပဲ" ဟုသြဝါဒပေးခဲ့သလို အိုးဝေဦးညိုမြကလည်း "မိမိကြားသိသမျှ နှမ်းစေ့လောက်မှချန်မထားလေနဲ့ လက်ကုန်နှိုက်ပြီးမှန်တယ်ထင် ရေးသာရေး စာပေစင်မြင့်ပေါ်ကိုရောက်တဲ့အခါ နောင်လာမယ့် သုတေသီတွေကရွေးချယ်စိစစ်ပြီး အရိုးဖယ် အသားကို သုံးဆောင်ကြ လိမ့်မယ် " ဟူ၍ တိုက်တွန်းအားပေးခဲ့ကြဖူးသည်မှာ ကာလအတန် ကြာပါပြီ။

ထိုဆရာကြီးများ၏ သြဝါဒစကားတွန်းအားပေးခြင်းကြောင့် တစ်ကြောင်း၊ ကျွန်မစိတ်အထာကိုယ်နှိုက်ကပင် မရေးဘဲမနေနိုင် အောင်လှုံ့ဆော်လာသည်ကတစ်ကြောင်း အနှစ်နှစ်ကကြံရွယ်ချက် အတိုင်းပင် ယခုရေးဖြစ်ပါပြီ။

ဤစာအုပ်မှာ စိတ်မှန်းဖြင့် ဖော်ပြထားသောအချက် တစ်စွန်း တစ်စမျှမပါပါ၊စုဆောင်းရရှိသမျှအချက်များအတွက် အထောက်

အထားနိုင်လုံအောင် အားထုတ်ရေးသားပါသည်။ ရာဇဝင်ကြီးများမှာ ကဲ့သို့ အားလုံးစုံပါရှိမည်ကားမဟုတ်ပါ။ မင်းတရားကြီး အဖြစ်တော်စဉ် ကို ခြုံငုံသိရှိမှုတင်ပြပါသည်။

လူငယ်များအား ဤစာအုပ်ငယ်ကိုဖတ်ရှုမှုဖြင့် ထင်ရှားသိသာနိုင်အောင်ရည်ရွယ်ပါသည်။ ရာဇဝင်စာအုပ်ကြီးများမှတစ်ဆင့် ကူးယူဖော်ပြသော မပါလျှင်မပြီးသည့်အချက်များအပြင် ကျွန်မကြိုးစားစုဆောင်းရရှိသော အချက်အသစ်အချို့ကိုလည်းတင်ပြထားပါသည်။ ထိုပြင်သူ့ခေတ်ကာလက ပေါ်ထွန်းခဲ့သောစာပေပညာရှင်တို့၏ ရှားပါးလက်ရာ အလင်္ကာစာများကိုလည်း သက်ဆိုင်ရာအခန်းများတွင် ဖော်ပြထားပါသည်။

ကျွန်မစာအုပ်တွင် အမှားအယွင်းများပါရှိပါက အပြုသဘောဖြင့် ဖြည့်စွက်ရေးသားကြပါလျှင် ကျေးဇူးတင်ဝမ်းမြောက်ရပါမည်။

" အကာကိုပစ်၍ အနှစ်ကိုသုံးဆောင်နိုင်ကြပါစေ "

ရွှေဘို မိမိကြီး

# "အမှာစာ"

၁၉၅၃ ခုနှစ်ကတည်းကပင် "ကျွန်မသိတဲ့ မင်းလက်ဝါးကြီး" ဆောင်းပါးဖြင့် စာပေလောကသို့ ဝင်ရောက်လာသူ အမျိုးသားစာပေဆုရှင်ရွှေဘိုဒေါ်မိမိကြီးက ပရုဏ္ဏဦးအုံးဖေ စာမူဆုရ "ကုန်းဘောင်ဖြူဝန်းမိုး" စာမူအတွက် အမှာစကားရေးပေးပါဟု ပြောကြားလာသောကြောင့် ဂုဏ်ယူဖွယ်ရာ တာဝန်တစ်ရပ်ဟုမှတ်ယူလိုက်ပါသည်။

ရွှေဘိုဒေါ်မိမိကြီးတို့၏ မျိုးရိုးစာတိကိုဖော်ပြရလျှင် အမရပူရပထမမြို့တည်နန်းတည် ဗဒုံမင်းတရားကြီး၏မင်္ဂလာအိမ်တော်ပါအမှုထမ်း၊ သာရဝေါရွာစားမွန်အမျိုးသားကြီး ဘိုးထောရာမှ အစပျိုးရမည်ဖြစ်ပါ၏။ ယင်းသာရဝေါရွာစားဘိုးထောရာ၏ သားတစ်ဦးသည် ပုသိမ်မြို့သူကြီးအရာ ပုသိမ်မြို့အကောက်ဝန်အရာ စသည်တို့၌တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပုဂံမင်းတရားကြီးလက်ထက်တော်တွင် "မဟာသမိန်ထောရာစော" ဘွဲ့အမည်နှင့် ပုသိမ် ၃၂ မြို့ဝန်အရာ၌အမှုတော်ထမ်းရွက်သူဖြစ်ပါ၏။

ပုဂံမင်းတရားကြီးလက်ထက်တော် သက္ကရာဇ် ၁၂၁၃ ခုနှစ်တွင်စတင်ဖြစ်ပွားခဲ့သော ဒုတိယအင်္ဂလိပ်မြန်မာ စစ်ပွဲစနက်တန်ကိုမီးရှို့ပေးခဲ့သူကွန်မိုဒိုလမ်းဘတ်သည် မြန်မာမင်းစကရာစ်ပိုင် "ရေနန်းယာဉ်သာ" သင်္ဘောကိုအတင်းအကြပ်အနိုင်အထက်လုယက်ပြန်ပေးဆွဲသွားသည်သာမက သူ၏အတွင်းရေးမှူးဖြစ်သူ ဂျေ၊ အယ်၊ ဆောက်သီရာ လက်မှတ်ဖြင့် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်သင်္ဘောဆိပ်များကိုပိတ်ဆို့လိုက်ပြီးဖြစ်ကြောင်း ကြေညာချက်တစ်စောင်ထုတ်ပြန်စေခဲ့ပါ၏။

ဤကဲ့သို့ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးနှောင့်ယှက်လာသည့်အခါ သီးမခံနိုင်သော မွန်အမျိုးသားကြီးမဟာသမိန်ထောရာဇာသည် "မြန်မာမင်းဧကရာဇ် ပိုင်နက်အတွင်းမှ အမြန်ဆုံးထွက်ခွာသွားကြရမည်ဖြစ်ကြောင်း၊ မလိုက်နာပါကမြန်မာစစ်သည်တော်များ၏ တိုက်ခိုက်နှင်ထုတ်ခြင်း ခံရမည်ဖြစ်ကြောင်း" သက္ကရာဇ် ၁၂၁၃ ခု၊ တပို့တွဲလဆန်း ၆ ရက်နေ့စွဲပါ ကြေညာချက်တစ်စောင်ကို အင်္ဂလိပ်စစ်အာဏာပိုင်များထံ တုံ့ပြန်ပေးပို့ခဲ့ပါ၏။

သက္ကရာဇ် ၁၂၁၄ ခု၊ နယုန်လဆန်းပိုင်းတွင် အင်္ဂလိပ်ရေတပ် ဗိုလ်ချုပ်ဂေါ့ဒွင်ခေါင်းဆောင်သောရေတပ်သည် ပုသိမ်မြို့သို့ရောက်ရှိလာကာလက်နက်ကြီးများနှင့် အလျှံပယ်ပစ်ခတ်တိုက်ခိုက်သောကြောင့် မြန်မာစစ်သည်တော်များသည် အကျအဆုံးများစွာနှင့် ဆုတ်ခွာရလေသည်။ ယင်းတိုက်ပွဲတွင် ပုသိမ် ၃၂ မြို့ဝန် မဟာသမိန်ထောရာဇာသည် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပါ၏။

ယင်း ပုသိမ် ၃၂ မြို့ဝန် မဟာသမိန်ထောရာဇာ၌ သားတစ်ဦး သမီးတစ်ဦးရှိသည့်အနက် သမီးသည်အိမ်ထောင်သည်တစ်ဦးအနေဖြင့် မိဘရင်ခွင်မှခွဲလျက် အထက်မြန်မာနိုင်ငံ အမရပူရနေပြည်တော်သို့ ရောက်ရှိနေပြီဖြစ်ပါ၏။ ထို့ကြောင့် ကျန်ရစ်သူ သားငယ်သည် အစ်မရင်းရှိရာ အမရပူရနေပြည်တော်သို့ ကုန်းတစ်တန်၊ ရေတစ်တန်၊ ဆင်းရဲဒုက္ခပေါင်းစုံတွေ့ကြုံရောက်ရှိလာပြီးနောက် လက်ထက်တော်ကြီး၊ လက်ထက်တော်ကလေး နှစ်ရပ်စလုံးတွင် ထင်ပေါ်ကျော်စောခဲ့သော မှူးတော်မတ်တော်ကြီးတစ်ဦးဖြစ်လာပါ၏။ ယင်း မှူးတော်

မတ်တော်ကြီးကား အခြားသူမဟုတ်၊ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင် ရောဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို မင်းလှခံတပ်၌ တပ်စွဲလျက် "လှေခွက်သာကျန်၊ အလံမလှဲစတမ်း" ဖွဲ့သတ္တိအပြည့်အဝဖြင့် ခုခံတိုက်ခိုက်သော မကွေးရာမြို့စားအောက်မြစ်စဉ်ခရိုင်ဝန်၊ လက်ဝဲဝင်းတော်မှူး၊ မင်းကြီး သူရမဟာမင်းခေါင်သမိန်ဗရမ်းဘွဲ့ခံ မင်းလက်ဝါးကြီးပင်ဖြစ်ပါ၏။

မင်းလက်ဝါးကြီးနှင့် ဝန်ကတော်ဒေါ်ခင်သက်တို့၏သားဖြစ်သူ ဦးမောင်မောင်စိုးသည် ရွှေဘိုမိမိကြီး၏အဘိုးအရင်းဖြစ်သောကြောင့် ရွှေဘိုမိမိကြီးသည် "ဘေးဘိုးဘီဘင်မှစလျက် သမိုင်းရေစီးကြောင်းတွင်မျောပါလာသူ" ဟုစာရေးသူက ကင်ပွန်းတပ်ပါ၏။ တစ်ခါက စာရေးသူသည် ရွှေဘိုဒေါ်မိမိကြီးအား "ရက်ကန်းစင်တွင် သွယ်တန်းထားသော ရောင်စုံပိုးချည်မျှင်များအကြားတွင် ခေါက်တုံ့ခေါက်ပြန်လူးလာ လူးပ်ရှားလျက် အဆင်လှအကွက်ဆန်းကလေးများဖော်ပေးသော လွန်းကလေးနှင့် နှိုင်းယှဉ်ကာဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်နန်းတွင်းသူ၊ နန်းတွင်းသား၊ အဆက်အနွယ်များအသိုင်းအဝိုင်းတွင်ဝင်ထွက်လှုပ်ရှားကာ စုဆောင်းရရှိသမျှအချက် အလက်များဖြင့် စိတ်ဝင်စားဖွယ်ဆောင်းပါးများကို ရေးသားပြုစု နေသူတစ်ဦး" ဟုဂုဏ်ပြုရေးသားခဲ့ဖူးပါ၏။

သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများအကြောင်းကိုရေးသားပြုစုရာ၌ ကြားကာမတ္တ၊ သိကာမတ္တဖြင့် ပေါ့ပေါ့တန်တန်ရေးသားရန်မသင့်ချေ။ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများ၏ဘဝကို သူတို့ခေတ်၊ သူတို့ပတ်ဝန်းကျင်၊ သူတို့ဓလေ့စရိုက်၊ သူတို့အတွေးအမြင်များက ပဲ့ပြင်ထိန်းချုပ်ထား

ကြပါ၏။ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများ၏ဘဝကို ယင်းအချက်အလက်များဖြင့်ထင်ဟပ်လျက် စာရေးသူက ပုံဖော်ပေးနိုင်မှသာ အတ္ထုပ္ပတ္တိကောင်းဖြစ်လာနိုင်ပါ၏။

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ဘဝဖြစ်စဉ်ကို ရေးသားရာ၌ မော်ဘီဆရာသိန်းကြီးသည် ရွှေပြည်ဝန်ကြီးကတော် ခင်ဖြူ၏ကိုယ်ကျင့်သိက္ခာကိုထိခိုက်စေသည့်အကြောင်းအရာများကို ထည့်သွင်းရေးသားခဲ့ပါ၏။

ရတနာပုံခေတ်တွင် ကိုယ်ကျင့်တရားပျက်ပြားမှုလုံးဝမရှိဟု မဆိုလိုပါ။ မြောက်ထားဝယ်မိုလ်၊ ရနောင်မြို့စား မောင်မောင်တုပ် အကျဉ်းထောင်အတွင်း အသက်ဆုံးရှုံးပြီးသည့်နောက်ပိုင်းတွင် ရနောင်မြို့စား မောင်မောင်တုပ်၏ မယားငယ်တစ်ဦးကို အသာမိက အထိန်းအအုပ်မရှိဟုယူဆလျက် နန်းတွင်းနေအရာရှိတစ်ဦးက အနိုင်အထက်ပြုကျင့်သည်ကို ရွှေနားတော်ကြားသိသွားသောကြောင့် ယင်းအရာရှိမိသားစုအားလုံးသည် ထောင်သွင်းအကျဉ်းထားခြင်းခံရပါ၏။ ယင်းမိသားစု၏ ကံကြမ္မာသည် မည်သို့ဖြစ်သည်ကိုပင် မသိရတော့ပါ။ မြန်မာမင်းလက်ထက်တော်တွင် လူမှုရေးကျင့်ဝတ်ဖောက်ပြားလျှင် အသက်စည်းစိမ်ဆုံးရှုံးနစ်နာသည်အထိ အပြစ်ဒဏ်ခံရကြောင်း ဆိုလိုရင်းဖြစ်ပါ၏။

နန်းမြို့တွင်းဆိုသည်မှာ လက်ရှိခေတ်အသုံးအနှုန်းနှင့်ပြောရလျှင် ဗီအိုင်ပီနယ်မြေဖြစ်ပါ၏။ နိုင်ငံရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း နန်းတွင်းမှူးမတ်တော်ကြီးများ နေအိမ်ဝင်းအတွင်းသို့ မလိုလားအပ်သူများမဝင်ရောက်စေရန် ကြပ်မတ်ထားရှိပါ

၏။ မန္တလေး ပြင်လေစရပ်ဆင်းရဲသားအိမ်များကဲ့သို့ နန်းတွင်းရှိ မှူးတော်မတ်တော်ကြီးများဝင်းနေအိမ်သည် အဝင်အထွက်လွယ်ကူသည်ဟု မော်ဘီဆရာသိန်းကြီး ယူဆထားဟန်ရှိပါ၏။ မှူးတော်မတ်တော်ကြီးများအိမ်ဝင်းအတွင်းသို့ ဝင်ရောက်လိုပါက ခွင့်ပြုမိန့်လက်မှတ်ကို ကြိုတင်လျှောက်ထား ရယူရပါ၏။

တစ်ခါက စလေဦးပုညနှင့်အပြိုင် စာဆိုဘက် အချုပ်တန်းဆရာဘေသည် တောင်ခွင်မြို့စား ရွှေတိုက်အတွင်းဝန်မင်း ဦးသိုင်းဖြူ၏လက်မှတ်မပါဘဲ အတွင်းဝန်မင်း၏ နေအိမ်သို့သွားရာ တံခါးမှူးများက ကြိမ်းမောင်းလွှတ်လိုက်ကြောင်းကို –

“တွင်း သေနာ ဥက္ကဋ္ဌက၊ နှုတ်မ၍တန်းမှာ
အချုပ်က ချမ်းသာသည်၊ ပန်းပမာစိတ်လန်း
ကျေးဇူးတော်အနန္တါရကို၊ သက်ဆယ်ဖြာဆပ်မယ်လို့မှန်း
ဖူးမယ်လို့ ဘေလာပြန်၊ ရွှေအွာရုံပေါက်လမ်း
ဇောလုန်ငေါက်ငမ်းလို့၊ ကြောက်ခမန်းလူတွေ
လက်မှတ်တော်မတင်တဲ့တာနဲ့၊ မဝင်နဲ့ ဟိန်းဟောက်ကြခြေ”

ဟု ရေးဖွဲ့ထားပါ၏။ အလုံအခြုံကာရံထားသော ဝင်းကြီးအတွင်း၊ အခိုင်းအစေတပည့်လက်သားများ၏ အိမ်တန်းလျားများ ပတ်လည်ဝိုင်းနေသည့်အိမ်ကြီးပေါ်တွင် အခြွေအရံအိမ်သားများနှင့် နေထိုင်သော ရွှေပြည်ဝန်ကြီးကတော်ထံ ပြင်ပမှသူစိမ်း အမည်မသိသူတစ်ဦးသည် ရွှေပြည်ဝန်ကြီး၏လက်မှတ်မပါဘဲ ဝင်းပေါက်စောင့်အမှုထမ်းများကို ကျော်ဖြတ်ကာရောက်သွားသည်ဆိုခြင်းမှာ စိတ်ကူးကောင်းကောင်းနှင့် ဖန်တီးလုပ်ကြံပြောဆိုခြင်းသာဖြစ်ပါ၏။

မှော်ဘီဆရာသိန်းကြီး၏စာအုပ်ကိုဖတ်ကြည့်သူ ဒေါ်ခင်ခင်လတ် (စစ်ကိုင်ခေတ်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာ၊ ဝန်ကြီး၊ ဒေါက်တာဦးသိန်းမောင်၏ဇနီး) က "ဟင်၊ ကိုဖိုးသိန်းက ဘာတွေလျှောက်ရေးထားတာလဲ၊ တိုင်တားမင်းကြီး အမျိုးတွေနဲ့ ရွှေပြည်မင်းကြီးအမျိုးတွေ ဒီလောက်ရင်းနှီးနေကြတာပဲ၊ ရွှေပြည်မင်းကြီးကတော် ဒီလိုဆိုတာ၊ တစ်ခါမှမကြားမိပါဘူး" ဟု ပြောဆိုဖူးပါသည်။

ဒေါ်ခင်ခင်လတ်သည် မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းတော် မိဖုရားကြီးခင်သဲ၏ တူမတော်ရင်း၊ သီးပေါမင်းတရားကြီး၏ မိဖုရားခေါင်ကြီး၊ အသျှင်နန်းမတော်ဘုရား၏ အပျိုတော်မှန်သာကြီး ရွာစား သုသီရိကလျာနှင့် မင်းလှမင်းထင်ကျော်ခေါင်ဘွဲ့ခံ မဘဲမြို့စား အမြောက်ဝန်ဦးခင်မောင်ကြီး၏သမီးဖြစ်ပါ၏။ ဦးခင်မောင်ကြီးကား တိုင်တားမြို့စား လွှတ်တော်ဝန်ကြီး ဦးဘိုး၏သမီးကြီး၊ ပန်းတိမ်မြို့စား တောင်ထားဝယ်ဗိုလ်မင်း ဦးရွှေတိုး၏ကတော်၊ ပန်းတိမ်သခင်ကြီး သုသီရိနန္ဒာ၏သားကြီး ဩရသဖြစ်ပါ၏။

ရွှေပြည်ဝန်ကြီးကတော်ခင်ဖြူ၏ ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ မင်းကြီးမင်းထင်မဟာစည်သူဘွဲ့ခံ ဝက်မစွပ်မြို့စား ဝန်ထောက်တော် ဦးလတ်၏မြေးအရင်း စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးနှင့်ဆွေးနွေးကြသည့်အခါ၊ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး က "ကိုဖိုးသိန်းဒီလိုရေးထားတာ ဖတ်လိုက်ရတော့ မမခင်သိပ်ကိုအံ့ဩသွားတာပဲ၊ မမခင်ငယ်ငယ်တုန်းက ဘိုးဘိုးဘုရားနဲ့အတူ

ရွှေပြည်မင်းကြီးကတော်အိမ် (နန်းမြို့ပြင်) ကို ခဏခဏလိုက်သွားဖူးပါတယ်၊ ရွှေပြည်မင်းကြီးကတော် ဖောက်ပြန်တယ်ဆိုတာ တစ်ခါမှ မကြားမိပါဘူး၊ ကိုဖိုးသိန်းကမန္တလေးမှာနေဖူးတာလဲမဟုတ်ပါဘူး၊ ခဏတစ်ဖြုတ်လောက်သာ အလည်အပတ်ရောက်ဖူးတာပါ၊ ဒါတောင် အင်္ဂလိပ်ခေတ်ရောက်မှပါ၊ သူကြားဖူးတယ်ဆိုရင်လဲ ဈေးစကားပဲ ဖြစ်မှာပေါ့” ဟုဝေဖန်ဖူးကြောင်း ရွှေဘိုဒေါ်မိမိကြီးက စာရေးသူကိုတစ်ဆင့် ပြောပြခဲ့ဖူးပါသည်။

စာရေးသူ၏ယောက္ခမသည် ကနောင်မင်းနှင့် မင်္ဂလာအိမ်တော် ပါဆောင်ရသခင်ကြီး သုသီရိသဉ္စာ၏သားတော် မြင်းမှူးမင်းသား ထိပ်တင်ကိုယ်တော်စိုး၏သမီးဖြစ်ပါ၏။ စာရေးသူ၏ယောက္ခမ မိသားစု မန္တလေးမြို့၊ ထားတန်းရပ်ခွဲနေထိုင်ကြစဉ်၊ ညနေလမ်းလျှောက်ထွက်သည့်အခါတိုင်း လင်းပင်ထိပ်တင်လတ် (ကနောင်မင်း၏မြေးတော်) နှင့် ရွှေပြည်ခင်ခင်ကြီး (ရွှေပြည်ဝန်ကြီး၏ မြေး) ဇနီးမောင်နှံတို့သည် စာရေးသူ၏ယောက္ခမကြီးနေအိမ်တွင် တစ်ထောက်နားအပန်းဖြေပြီးမှ နေအိမ်သို့ပြန်လေ့ရှိကြပါ၏။

အိန္ဒိယနိုင်ငံ၊ အလ္လဟာဘတ်မြို့တွင်နေထိုင်သော လင်းပင်ထိပ်တင်လတ်နှင့် မြန်မာနိုင်ငံမန္တလေးမြို့တွင်နေထိုင်သော ရွှေပြည်ခင်ခင်ကြီးတို့သည် မည်သို့မည်ပုံနှဖူးစာဆုံကြသည်ကို လူကြီးသူများကပြောပြသဖြင့် စာရေးသူမှတ်သားလိုက်ရပါ၏။

ဗြိတိသျှအစိုးရ၏ အထိန်းသိမ်းခံဘဝဖြင့်အိန္ဒိယနိုင်ငံ၊ အလ္လဟာဘတ်မြို့တွင်ရောက်နေသော လင်းပင်မင်းသားကြီး (လင်းပင်ထိပ်တင်လတ်၏ခမည်းတော်) သည် မြန်မာနိုင်ငံသို့ပြန်လာခွင့်မရှိ

သောကြောင့် အရွယ်ရောက်ပြီးသားတော်များ နေရာချထားလိုသည့် အခါတိုင်း အင်္ဂလိပ်လူမျိုး မန္တလေးအရေးပိုင်ထံသင့်လျော်သော ဇနီး လောင်းရှာဖွေပေးရန် မေတ္တာရပ်ခံစာပေးပို့ရပါ၏။ မန္တလေးမြို့တွင် ဆွေတော်မျိုးတော်များရှိကြသေးသော်လည်း တိုက်ရိုက်ရေးသားခွင့် မရှိရှာပါ။

လင်းပင်မင်းသားကြီး၏ မေတ္တာရပ်ခံချက်အတိုင်း၊ အင်္ဂလိပ် လူမျိုး မန္တလေးအရေးပိုင်သည် မြန်မာဘုရင်ဆွေတော်မျိုးတော်များ ကိစ္စနှင့်ပတ်သတ်၍ မန္တလေးအရေးပိုင်ကို အကြံဉာဏ်ပေးရသူ ဝက်မစွတ်ဝန်ထောက်အား တာဝန်လွှဲအပ်ပါ၏။ ထိုအချိန်တွင် မန္တလေးမြို့၌ ကနောင်မင်းသား၏ သားတော်၊ သမီးတော်များ သက်ရှိ ထင်ရှားစွာရှိကြပါသေး၏။ ဝက်မစွတ်ဝန်ထောက်မင်းသည် ယင်း မင်းသားမင်းသမီးများနှင့်တိုင်ပင်လျက် မင်းသားများ၏ကြင်ရာ မြောက်သားများရှာဖွေစီစဉ်ပေးခဲ့ရပါ၏။ ပထမသားတော် လင်းပင် ထိပ်တင်ကြီး၏ကြင်ရာမြောက်သားအဖြစ် ကနောင်မင်း၏ သမီးတော် ကောင်းတုန်းမြို့စား မင်းသမီး သုသိရိသာမာဝတီနှင့် ဦးခင်၏သမီး ကောင်းတုန်းထိပ်တင်မကြီး ကိုရွေးချယ်လက်ထပ်ပေးခဲ့ရပါ၏။

ဒုတိယသားတော် လင်းပင်ထိပ်တင်လတ်အလှည့်တွင်မူကား ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏မြေး၊ ယင်းတောရွာစားမှန်နန်းအပျို တော်ကြီးနှင့် ညောင်ဝန်းမောင်မောင်လေး၏သမီး ရွှေပြည်ခင်ခင်ကြီး ကို ဆွေတော်မျိုးတော်မင်းသမီးကလေးများကို ကျော်ဖြတ်လျက် လင်းပင်ထိပ်တင်လတ်၏ ကြင်ရာမြောက်သားအဖြစ် ရွေးချယ် လက်ထပ်ပေးခဲ့ကြောင်း စာရေးသူမှတ်သားလိုက်ရပါ၏။ မော်ဘီ

ဆရာသိန်းကြီး၏ရေးသားချက်သည် အမှန်အကန်သာဆိုလျှင် ဤသို့ ဖြစ်လာဖွယ်ရာမရှိပေ။

ရွှေဘိုဒေါ်မိမိကြီးသည် သုတေသနစိတ်ဓာတ်အပြည့်အဝရှိသူ စာရေးဆရာမကြီးဖြစ်ပါ၏။ ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏ဘဝဖြစ်စဉ် ကိုရေးသားပြုစုရာတွင် ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏မြေးအရင်း ရှေ့နေ ကြီး ဦးခင်မောင်ဒွေးနှင့် နန်းတွင်းသူနန်းတွင်းသား အဆက်အနွယ်များ ထံမှ ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်နှင့်ပတ်သတ်သည့် အချက်အလက်များ ကို ကုတ်ကတ်ခြစ်ထုတ်လျက်ရေးသားပြုစုခဲ့ပါ၏။

ဤကဲ့သို့ရွှေဘိုဒေါ်မိမိကြီး စေ့စေ့စပ်စပ်ရေးသားခဲ့သော ကြောင့်သာလျှင် မော်ဘီဆရာသိန်းကြီး၏အရေးအသားနှင့်ပတ်သက် သည့် နန်းတွင်းအနွယ်တော်များ၏ သဘောထားအမြင်ကိုလည်း ကောင်း ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏ ဘဝဖြစ်စဉ်အတိအကျကိုလည်း ကောင်း အများပြည်သူတို့ အတွင်းကျကျသိခွင့်ရကြပါ၏။

ယခုလည်းကြည့်ပါလေဦး၊ သုတေသနစိတ်ဓာတ်အပြည့်အဝ ရှိသောရွှေဘိုဒေါ်မိမိကြီးသည် “ကုန်းဘောင်ဖြူဝန်းမိုး”အမည်ဖြင့် ကုန်းဘောင်မင်းဆက်ကို လက်မွန်မဆွတည်ထောင်ခဲ့သူ အလောင်း မင်းတရားကြီး၏ဘဝဖြစ်စဉ်ကို ရေးသားပြုစုထားသည်ကိုလေ့လာရ ပြန်ပါ၏။ အမှန်အားဖြင့် ကုန်းဘောင်ဆက်မဟာရာဇဝင် (ပထမတွဲ) သည်လည်းကောင်း အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း သည်လည်းကောင်း အလောင်းမင်းတရားကြီး၏ဘဝဖြစ်စဉ်များပင် ဖြစ်ကြပါ၏။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက စာရေးဆရာကြီး

စစ်ကိုင်းဦးဘိုးသင်းသည် "ဦးအောင်ဇေယျဝတ္ထုတော်ကြီး" အမည်ဖြင့် အလောင်းမင်းတရားကြီး၏ဘဝဖြစ်စဉ်ကို ပြုစုရေးသားခဲ့ဖူးပါ၏။

မိုးကုပ်စက်ဝန်းသို့ဦးတည်လျှောက်လှမ်းနေသော ခရီးသည် ကဲ့သို့ ပညာဟူသည် နှိုက်လေထွက်လေ၊ လိုက်လေဝေးလေ အဆုံး မသတ်နိုင်အောင် ကျယ်ဝန်းပါ၏။ ထို့ကြောင့် ရွှေဘိုဒေါ်မိမိကြီး ရေးသားပြုစုသော "ကုန်းဘောင်ဖြူဝန်းမိုး"စာအုပ်တွင် အထက်တွင် ဆိုခဲ့သည့် ပညာရှင်ကြီးများ၏ခေတ်ပြိုင်မှတ်တမ်းများကို ထပ်မံ ရေးသားထားသည်ဟု မယူဆသင့်ပေ။ သုတေသနရှာမှီးရာ၌ ပျော်ပိုက် မွေ့လျော်နေသော ရွှေဘိုမိမိကြီးအဖို့အချက်အလက်အသစ်များ တွေ့ပြီးရင်းတွေ့ဖြစ်နေသောကြောင့် ယင်းစာအုပ်တွင်တွေ့ရှိချက် အသစ်အဆန်းများကိုလေ့လာနိုင်ပါ၏။

ပုံစံအားဖြင့် ရွှေဘိုမြို့နယ် ကျားရှာနေ ဦးသာအေး၏ ပေစာ ထုပ်မှ ကူးယူထားသောတပေါင်သံသည် ရွှေဘိုဒေါ်မိမိကြီး ရှာဖွေ တွေ့ရှိချက် အသစ်အဆန်းပင်ဖြစ်ပါ၏။

"ကုန်းဘောင်ဖြူဝန်းမိုး" စာအုပ် စကားဦးတွင်ဖော်ပြထား သည့်အတိုင်း ဤစာအုပ်ကိုရေးသားရခြင်းရည်ရွယ်ချက်မှာ "ရာဇဝင်ကျမ်းခိုင်များကို အလွယ်တကူဖတ်ရှုခွင့်မရကြသော လူငယ် လူရွယ်များအတွက် စာမျက်နှာနည်းနည်း၊ အချိန်တိုတိုဖြင့် အလောင်း မင်းတရားကြီး၏ တိုင်းကျိုးပြည်ကျိုးဆောင်လုပ်ရပ်များကို နားလည် သဘောပေါက်" စေချင်သောကြောင့် ရေးသားရခြင်းဖြစ်သည်ဟု သိရပါ၏။

အလောင်းမင်းတရားကြီးသည် တတိယမြန်မာနိုင်ငံတော် တည်ထောင်ရေးအတွက် နန်းစည်းစိမ်သက်တမ်းတစ်လျှောက်လုံး စစ်တိုက်ခဲ့ရသောမင်းတစ်ပါးဖြစ်ပါ၏။ ထို့ကြောင့် အလောင်းမင်း တရားကြီး၏ စစ်အမြင်၊ စစ်ပရိယာယ်တို့ကို နှောင်းမျိုးဆက်သစ် လူငယ်များ နားလည်အတုယူစေလိုသည်မှာ စာရေးသူ၏အပြင်းပြ ဆုံးဆန္ဒပင်ဖြစ်ပါသည်။ ထိုအချက်ကားအခြားမဟုတ် စစ်ရေးစစ်ရာ တွင် လူအင်အားသည်အဓိကမကျ၊ ခေါင်းဆောင်၏အမြော်အမြင် လုပ်ရည်၊ ကိုင်ရည်သည်သာ အဓိကကျသည်ဟူသော အချက်ပင်ဖြစ် ပါသည်။

မွန်တပ်များသည် ရွှေဘိုမြို့သို့ရောက်ရှိလာသောအခါ မြို့၏ ဆယ်မိုင်ပတ်လည်အတွင်းရှိ ရေချိုရေကောင်းထွက်ရာမှန်သမျှကို ကြိုတင်ဖျက်ဆီးထားပြီးဖြစ်၍ သောက်ရေအခက်အခဲနှင့်ကြုံတွေ့ကြရ ပါ၏။ မြို့၏ပတ်ဝန်းကျင်ရှိ အကွယ်အကာအပိတ်အဖုံးမှန်သမျှကို လည်း ခုတ်ထွင်ရှင်းလင်းပြီးဖြစ်သဖြင့် ခြုံခိုတိုက်ရန်အခွင့်အရေးလည်း မရှိတော့ကြောင်း တွေ့ရပါ၏။

အလောင်းမင်းတရားကြီးသည် မိမိတို့ထက်အင်အားအဆ ပေါင်းများစွာသာလွန်သောမွန်တို့နှင့် ရင်ဆိုင်ရသည့်အခါမိုက်ရူးရဲ ဆန်ဆန်ထွက်၍မတိုက်သေးဘဲ ထန်းလုံးတပ်မြို့တွင်းကသာ ကြံ့ကြံ့ ခံပါ၏။ ထိုသို့နေရခြင်းမှာလည်း အချိန်အခါကို စောင့်ခြင်းဖြစ်ပါ၏။ အလောင်းမင်းတရားကြီးက –

“နိုင်ချင်ကြက်ကဲ့သို့ အားတက်အင်ကြီးပြုတည့်လျှင် နိုင်သော် ကာကောင်း၏၊ မသင့်၍တစွန်းတစလိပ်လည်းခဲ့လျှင် စစ်ဦးမညိုပြီ

လော၊ စစ်တို့သဘောသည်အဦးအစပွဲလမ်းရလျှင်ရဲမက်တို့ အား မြောက်သည်”

စသည်ဖြင့်မိန့်မြွက်တော်မူသည်ကို လေ့လာပါကကျိန်းသေ နိုင်ရမည့်ပွဲလမ်းများကို စောင့်ကြောင်းသိနိုင်ပါ၏။ အလောင်းမင်း တရားကြီးကပင်ဆက်လတ်၍ –

“ငါတို့တွင်လည်း မျိုးရိက္ခာအပြည့်အစုံဖြစ်သည်၊ မွန်တို့စစ် ညောင်း၍ရိက္ခာလည်းပြတ်စေဦး ရေမိုးလည်းဝင်စေဦး” မိန့်တော်မူ သည်ကိုထောက်၍ မွန်တို့စစ်ပင်ပန်းနွမ်းနယ်မည့်ကာလကိုသာ စောင့် နေကြောင်းသိနိုင်ပါ၏။

ရွှေဘိုမြို့ကို မွန်တို့လာရောက်ဝန်းရံတိုက်ခိုက်ကြသည့် အချိန်မှာအလွန်ပူပြင်းသော တန်ခူး ကဆုန်ကာလဖြစ်သောကြောင့် အလောင်းမင်းတရားကြီးကြိုတင်တွက်ဆထားသည့်အတိုင်း ရေမိုး ပြတ်လပ်သည့် ဒဏ်ကိုမွန်တို့အလူးအလဲခံကြရပါ၏။ ယင်း သက္ကရာဇ် ၁၁၁၄ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်သောကြာနေ့တွင် အလောင်း မင်းတရားကြီးကိုယ်တော်တိုင် ထွက်၍တိုက်တော်မူရာ မွန်တို့တပ်လုံး ပျက်၍ မွန်စစ်သူကြီးတို့ ကိုယ်လွတ်ပြေးကြရပါ၏။

အလောင်းမင်းတရားကြီးကိုစံထားလျက် ခေါင်းဆောင်ကောင်း ဖြစ်လိုလျှင် အမြော်အမြင်လုပ်ရည်ကိုင်ရည်နှင့် ပြည့်စုံရမည်ဖြစ် ကြောင်း နှောင်းမျိုးဆက်သစ်လူငယ်များ အတုယူစေလိုသော စာရေး သူ၏ဆန္ဒကို ဒေါ်မိမိကြီးက “ကုန်းဘောင်ဖြူဝန်းမိုး” ဦးအောင်ဇေယျ နှင့် စစ်ရေးအမြင်ကဏ္ဍတွင်လည်းကောင်း၊ အလောင်း မင်းတရားကြီး နှင့် နပိုလီယံကဏ္ဍတွင်လည်းကောင်း အကျယ်တဝင့် မီးမောင်းထိုး၍

ရေးသားထားသဖြင့် စာရေးသူ၏ဆန္ဒကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးရာရောက်သည်သာမက အထက်ကဆိုခဲ့သောစာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီး၏ရည်ရွယ်ချက်သည်လည်း ပီပီပြင်ပြင် အောင်မြင်သည်ကို လေ့လာတွေ့ရှိသောကြောင့် "ကုန်းဘောင်ဖြူဝန်းမိုး"ကို ရှားရှားပါးပါးစာအုပ်ကောင်း တစ်အုပ်ဟုမှတ်ယူမိပါသည်။

ဦးစိန်မောင်ဦး
ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
ရှေးဟောင်းသုတေသနဦးစီးဌာန
၂၀၀၁ ခု၊ မတ်လ ၁၉ ရက်။

## (၁)

## လာခြင်းကောင်းသော အလောင်းမင်းတရား

နိုင်ငံတော်အစိုးရသည် ရှေးရာဇဝင်ခေတ်အဆက်ဆက်က မြန်မာမင်းတို့ နန်းရိုးမပျက် ဆက်လက်စိုးစံခဲ့သော ရာဇစံအိမ်၊ ရွှေနန်းတော်ကြီးများကို ရှေးပုံစံအတိုင်းပြန်လည်တည်ဆောက်ပေးလျက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပေးခဲ့သည်များမှာ နှစ်အတန်ကြာမျှရှိပါပြီ။

ရတနာပုံမန္တလေးမြို့တွင် ကုန်းဘောင်မင်းဆယ်ဆက်မြောက်မင်းတုန်းမင်းကြီး၏ မြနန်းစံကျော် ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ ဟံသာဝတီ ပဲခူးမြို့တွင် ဆင်ဖြူရှင်ဘွဲ့တော်ခံ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးကို လည်းကောင်း၊ ရတနာသိင်္ဃ ငါးမည်ရပြည်ရွှေဘိုတွင် ကုန်းဘောင်မင်းဆက်ကို လက်မွန်မဆွ တည်ထောင်တော်မူသော အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာ စံနန်းတော်ကြီးကိုလည်းကောင်း ထိုက်သင့်ကုန်ကျသော မနကြေးငွေ ကုဋေချီ၍ တည်ဆောက်ပေးခဲ့ပါသည်။

ငွေအင်အား၊ ပညာအင်အား၊ လုပ်သားအင်အား အများအပြားစိုက်ထုတ်လုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုနှင့်တကွ လာမည့်ခေတ်၏ မျိုးဆက်သစ် လူငယ်လူရွယ်များအဖို့ မျိုးချစ်စိတ်

ဓာတိမာန်ထက်သန်ကြစေရန်တစ်ကြောင်း၊ ရှေးအထက်ထက်က လာခြင်းကောင်းသော မင်းကောင်းမင်းမြတ်တို့ကို မမေ့မလျော့ဘဲ၊ ယင်းတို့နိုင်ငံတာဝန်ထမ်းဆောင်ခြင်း လုပ်ရပ်များအား ကျေးဇူးသိစွာ စံနမူနာယူကြစေလိုသော သဘောဖြစ်ပါသည်။

ရွှေဘိုမြို့တွင် ယခု ဆောက်လုပ်ဆဲဖြစ်သော ရွှေဘုံရတနာစံနန်းတော်ကြီးနှင့်ပတ်သက်၍ ဆိုရသော်၊ ရွှေဘိုမြို့ခံများ ကျေနပ်ဝမ်းမြောက်ပုံ အထူးရေးဖွယ်မရှိပြီ၊ မိမိတို့မြို့သို့ နိုင်ငံရပ်ခြားဧည့်သည်များရောက်လာသည်ဖြစ်စေ ရပ်ဝေးဒေသမြို့များမှ ဧည့်သည် ရောက်သည်ဖြစ်စေ ဘုရားစုံဖူးကြပြီးနောက် မြို့ထိပ်ရှိ မဟာအောင်မြေ အလောင်းမင်းတရားအထိမ်းအမှတ် ပြာသာဒ်တော်၊ မဟာနန္ဒာကန် စသည်များသို့ ပို့ဆောင်ပြသရပါ၏။ ယခုအခါ ရှုစရာကား ဤမျှသာမက ရှေးလက်ရာမပျက် တည်ဆောက်ထားသော ရွှေဘုံရတနာနန်းတော်မြေနန်းပြာသာဒ်အဆောင်မကြီး ပြီးစီးနှင့်သည်ကိုပါ ပြနိုင်ပေပြီ။

ထို့ပြင် ရွှေဘိုမြို့သို့အဝင်၊ တောင်ဘက်ကားလမ်းမအတိုင်း အဝင်ဝတွင် ရှေးခေတ်လက်ရာမပျက် စိုက်ထူထားသော မြို့အမည်ကမ္ပည်းတိုင်နှင့်အတူ အလောင်းမင်းတရားကြီး၏ ကြေးရုပ်တုတော်ကိုပါ ခံ့ခံ့ညားညားတွေ့မြင်နိုင်ပေပြီ။

ခုနစ်ပေကျော်အမြင့်ရှိသော ကြေးရုပ်တုတော်၏ အောက်ခြေခုံတွင် မင်းတရားကြီး၏ ဖွားမြင်ခြင်း၊ နန်းတက်ခြင်း၊ နတ်ပြည်ပြောင်းစံခြင်း ရက်စွဲတို့ကို မြန်မာသက္ကရာဇ်၊ ခရစ်နှစ်တို့ဖြင့်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကို အုပ်စီးမပျက်တည်ထောင်ရွက်ရာတွင်

ပါဝင်သောအချက်အတိုချုပ်ကိုလည်းကောင်း ထာဝစဉ်တည်တံ့စေရန် စကျင်ကျောက်ပြားပေါ်၌ရေးထိုးထားပါသည်။

ရွှေဘိုဒေသအတွက် တန်ဖိုးမဖြတ်နိုင်အောင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပါ၏။

ရာဇဝင်သမိုင်းဖြစ်ရပ်ဟူသည် ခေတ်လူတို့ ဖန်တီးပြုလုပ်၍ ဖြစ်နိုင်သည်မဟုတ်၊ စိန်ရွှေမျိုးစုံတောင်လိုပုံပြီး ပေးစေကာမူ ဝယ်ယူ၍လည်း ရနိုင်သည့်ပစ္စည်းမျိုးမဟုတ်ခြင်းကို အထူးပြောစရာမလိုပါ။ ဤသည်များကို မျက်ဝါးထင်ထင်တွေ့မြင်စေရန် စီမံဖော်ထုတ်သော သက်ဆိုင်ရာအကြီးအကဲများနှင့်တကွ သမိုင်းပညာရှင် ဦးမောင်မောင်တင်၊ တမ္ပဝတီဦးဝင်းမောင် ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲဆောက်လုပ်သူ ခရိုင်အင်ဂျင်နီယာ ဦးဇော်ဝင်းနှင့် ရွှေဘိုမြို့ခံ ကာယ၊ ဉာဏပညာရှင်တို့၏ ကျေးဇူးသည် ရွှေဘိုမြို့အပေါ်တွင် တင်ရှိပါကြောင်း ဖော်ညွှန်းလိုပါသည်။ ဘူမိနက်သန်အောင်မြေမှန်သော ရွှေဘိုဒေသဖွား အလောင်းမင်းတရားကြီး၏ တုနှိုင်းမယှဉ်သာသော နိုင်ငံနှင့် လူမျိုးအတွက် ကောင်းကျိုးပြုဆောင်ရွက်ချက်များကား ပြောမကုန်နိုင်အောင်များလှသည်။ မေ့လျော့နေရန်မှာ မထိုက်ချေ။

ဪ ဪ ဪ ဪ ဪ

(၂)

## သိဃ်ရတနာမင်္ဂလာ ရွှေပိုရန်မာန်ဖြို

ကျွန်မတို့ နိုင်ငံတွင်းရှိ မည်သည့်မြို့၊ မည်သည့်ကျေးရွာမဆို သူ့အမည်နှင့် သူ့သမိုင်းတွဲလျက်သား ရှိစမြဲပင်။ ထိုသို့ ဒေသအရပ်ရပ်ရှိ သမိုင်းဟူသမျှအနက် ပုဂံခေတ်အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ခြင်းနှင့် တစ်နည်းနည်းဆက်စပ်ပတ်သက်နေသည်ကို အတော်များများ တွေ့ရတတ်ပါ၏။

ငါးမည်ရ ပြည်ရွှေဘို၏ ပထမဆုံးတွင်သည့် မြို့မည်နှစ်မျိုးမှာလည်း အလောင်းစည်သူမင်းကြီးနှင့် ဆက်စပ်ပြီး၊ ခံ့ညားသော သမိုင်းကြောင်းရှိသည်။ သက္ကရာဇ် (၄၅၄) ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်သောအခါ ဤဒေသသို့ ရောက်လာသည်။ ဤနေရာတွင် ရှိနှင့်သော တောလိုက်မုဆိုး ငပိုက မင်းကြီး၏ပွဲတော်စာအတွက် ရတတ်သမျှသော အမဲဟင်းလျာတို့ကို မပြတ်ပို့ဆက်ခစားသည်။ ထိုအခါ မင်းကြီးက မုဆိုးငပိုကို ပိုမြေ ဘယ်၍ ဘယ်မျှဟု သတ်မှတ်ပြီး ပေးသနားတော်မူသည်။

ဤတွင် ငပိုနှင့် ပိုမြေကို ခွဲခြားနားလည်ရန် လိုအပ်သည်။ “ပို” ဟူသော စကားလုံးသည် ရှေးမြန်မာကြီးများအဆက်ဆက် မြေ

အကျယ်တိုင်းတာရာ၌ ခေါ်တွင်သော ဝေါဟာရဖြစ်သည်။ ထိုခေတ်က မြေတိုင်းစနစ်မှာ တောင်၊ တာ၊ တိုင်၊ ပို၊ ရွှဒ် စသည်ဖြင့် သတ်မှတ်သုံးနှုန်းသည်။ ပိုဆိုသည်ကား အလျား (၁၁) တောင်၊ အနံ (၁၁) တောင်ရှိမြေကွက် စတုရန်း (၁၂၁) တောင်ရှိသော မြေကွက်ကို (၁) ပိုဟု ခေါ်သည်။ ယခုခေတ်သုံး ဧကဟူသည့် ဝေါဟာရမှာ အင်္ဂလိပ်လက်အောက်ရောက်မှ သုံးသော သူတို့အသုံးအနှုန်းဖြစ်သည်။

ထို့ပြင် အလောင်းစည်သူမင်းကြီးသည် စံကားသားကို ထုလုပ်သော (စံကားကိုးဆူတွင်အပါအဝင်) ရွှေတန်ဆာ ဘုရားကိုလည်း ဤဒေသတွင်တည်ထားသည်။ ရွာ၏အရှေ့ဘက်တွင် မင်းကြီးအမိန့်ဖြင့် ဆည်ထားသော (ကုန်းရိုးတန်း) ကုန်းဘောင်ရိုးတောင်မှ မြောက်သို့ တန်းလျက်ရှိသောကြောင့် ကုန်းဘောင်ရပ်ဟူ၍ ခေါ်တွင်သည်။ နောက် မုဆိုး ငပိုအား ဤ ရွှေတန်ဆာဘုရားကို စောင့်ရှောက်ရမည်ဟု မင်းကြီးက မိန့်တော်မူသွားပါသည်။ ထိုအခါ မုဆိုးငပိုသည် သူ့ပိုင်နက်တွင် သူ့အဆွေအမျိုးတို့ဖြင့် စုပေါင်းရွာတည်၍နေသောကြောင့် မုဆိုးငပိုရွာဟု ရွာအမည်တွင်သွားသည်။

ဤ နေရာတွင် စာဖတ်သူလူငယ်တို့ သို့လောသို့လော တွေးတောစရာ တစ်ချက်ရှိနေလိမ့်မည်ဟု ယူဆ၍ ထိုအချက်ကို ရှင်းပြချင်ပါသည်။ ထိုအချက်မှာ ရွှေတန်ဆာ၏ ဒါယိကာသည် အလောင်းစည်သူမင်းဖြစ်သည်။ တချို့က နရပတိစည်သူမင်းဖြစ်သည်ဟု ဒွိဟ ဖြစ်ကြခြင်းဖြစ်သည်။ စင်စစ်အလောင်းစည်သူမင်းသည် သက္ကရာဇ် (၄၅၄–၅၂၉) အတွင်း၌လည်းကောင်း၊ နရပတိစည်သူမင်းသည် သက္ကရာဇ် (၅၃၆–၅၄၃) အတွင်း၌လည်းကောင်း ပုဂံပြည်တွင်နန်းစံခဲ့ကြသည်။

ရွှေတန်ဆာဘုရားမှာ ဘုရားဒါယိကာအလောင်းစည်သူမင်းကဲ့သို့ ပင် တိုင်းခန်းလှည့်လည် အပူဇော်ခံရသောဘုရားဖြစ်သည်။ မူလ မုဆိုးပိုမှ အင်းဝရွှေနန်းသို့၊ ထို့နောက်ဟံသာဝတီဆင်ဖြူရှင်မင်းတရား ကြီးက ဟံသာဝတီနန်းတော်သို့၊ ထို့နောက် (၉၄၅) ခုနှစ်တွင် တောင်ငူ ရွှေနန်းသို့၊ ထို့နောက် အနောက်ဘက်လွန်မင်းကအင်းဝ ရွှေနန်းသို့၊ နောက်ဆုံးအကြိမ်တွင်မှ အလောင်းမင်းတရားပင့်ဆောင်ခဲ့၍ နဂိုမူလ ကိန်းဝပ်တော်မူရာ ပြည်ရွှေဘိုသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပါ သည်။

ॐ ॐ ॐ ॐ ॐ

## (၃)

## ဦးအောင်ဇေယျ ငယ်စဉ်က အင်းဝအခြေအနေ

သီရိပဝရ မဟာဓမ္မရာဇဓိပတိ ဘွဲ့တော်ခံ တနင်္ဂနွေမင်းသည် အင်းဝနေပြည်တော်တွင် သက္ကရာဇ် (၁၀၇၆) ခုနှစ်တွင် နန်းတက်ပြီး နန်းသက် (၁၉) နှစ်အရတွင် နတ်ပြည်စံလေသည်။

ဤ မင်းလက်ထက်တွင် စာပေသမားတို့မှတ်သားစရာကား သူငြေး ဒေဝသေဌနှင့် သူငြေးကတော် မဏိသြဃ တို့၏သား ဦးကုလား သည် ရာဇဝင်ကြီး၊ ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်များကို ရေးသားခြင်း ဖြစ်ပါသည်။ အင်းဝမြို့ဖွား သူငြေးသားပညာရှင်ဖြစ်ပေသည်။

ထို့ထက်အရင် ဘုရင် ဒုတိယမင်းခေါင်လက်ထက်တော်တွင် လည်း ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ စသော စာပေပညာရှင် ရဟန်းပုဂ္ဂိုလ် ကျော်များ ပေါ် ထွန်းခဲ့ပေသည်။ အင်းဝခေတ်ကား မြန်မာစာပေအဆင့် အတန်း လျှမ်းလျှမ်းတောက်မြင့်မားခဲ့သောခေတ်ဟူ၍ အမှတ်အသား ပြုထားကြပါသည်။

ဆိုခဲ့သော တနင်္ဂနွေမင်း၏ အရိုက်အရာကို သားတော်သည် မဟာဓမ္မရာဇဓိပတိဘွဲ့တော်ခံ၍ သက္ကရာဇ် (၁၀၈၅) ခုနှစ် (ခရစ်နှစ်– ၁၇၃၃) တွင်နန်းတက်လေသည်။ နန်းတက်ချိန်တွင် ထိုမင်းသည်

သက်တော်အလွန်နုပျိုငယ်ရွယ်လှသေးသည်။ ညောင်ရမ်းမင်း (၁၀) ဆက်မြောက် နောက်ဆုံးမင်းဖြစ်သည်။ ရုပ်ဆင်းအင်္ဂါကား များစွာလှပသည်ဟု အဆိုရှိသည်။ သူ၏ အကျင့်စရိုက်မှာ နန်းစည်းစိမ်တွင် ပျော်ပျော်နေလိုသည်။ သဘင်ဂီတမြတ်နိုးသည်။ စာပေအလင်္ကာတွင် အလေ့အထရှိ၍ ကောင်းစွာရေးဖွဲ့နိုင်စွမ်းရှိသူလည်းဖြစ်သည်။ သို့သော် နိုင်ငံတော်ကို အုပ်ချုပ်၊ မင်းလုပ်နိုင်သည့်အရည်အသွေးမှာကား အားနည်းလှသည်။

ဖခမည်းတော် လက်ထက်ကပင် လွှတ်တော်ဝန်ကြီးအဖွဲ့တွင် ထမ်းရွက်ခဲ့ကြလေသော မှူးမတ်စစ်သူကြီးအချို့ကိုကျော်ပြီး မိမိထံတွင် ခစားသော အတွေ့အကြုံမရှိသူတို့အား တန်သည်၊ မတန်သည် ကြံစည်ခြင်းမရှိဘဲ၊ မြှောက်စားချီးမြှင့်၍ ရာထူးကြီးများ ပေးနှင်းသည်။ အတိုချုပ်ဆိုသော် လူမှန်၊ နေရာမှန် ပေးအပ်ရန်အရေးတွင် မရွေးချယ်တတ်ဟု ဆိုရန်ရှိသည်။ စင်စစ် ဘုရင်လုပ်ရန် အရည်အချင်း မပြည့်ဝသူသာ ဖြစ်သည်။ ကောက်ကျစ်စဉ်းလဲသူကား မဟုတ်ပါ။

သို့ဖြစ်၍ သူ့လက်ထက်တွင် နိုင်ငံတော်ပြည်အရေးကား အေးချမ်းသာယာခြင်းမရှိတော့ချေ။ ပြည်သူတို့ စားနပ်ရိက္ခာရှားပါးလာသည်။ လက်အောက်ခံစော်ဘွား၊ ဘုရင်ခံ စသူတို့က မခန့်မလေးဖြစ်လာသည်။ ဘုရင်ကလေးကလည်း ပျော်ပါးမြဲ ပျော်ပါးနေပြီး၊ ဤအရေးကို အရေးတကြီးအနေဖြင့် မမြင်တတ်ချေ။ ပေါ့ပေါ့တန်တန်နေလေ့စရိုက်ကို မပြင်ချေ။ ပြည်သူလူထုသည် မိမိတို့ကို အားထားပြုရာ နိုင်ငံ့ဦးသျှောင်ဖြစ်သော ဘုရင်က ဝတ္တရားပျက်လာလေသောအခါ မိမိတို့ လုံခြုံရေးတွင် ကိုယ့်ကိုကိုယ်သာ အားကိုးရာဟု မြင်လာကြတော့သည်။

ထီးဆောင်းဘုရင်ခံ၊ စော်ဘွား၊ မြို့စား၊ ကလန် တို့ကလည်း မိမိတို့ပိုင်နက်နယ်ပယ်ကို မိမိတို့သဘောအတိုင်း စီမံခန့်ခွဲလာကြသည်။ ဘုရင့်အာဏာစက်ပျက်ပြယ်လာသည်။ ထိုအခါ အင်းဝဘုရင်ကလေးသည် ဧစဉ့်ကိုင်ဒေသကို တောင်ငူဟုသမုတ်စေပြီး သတိုးမင်းခေါင်ကို တောင်ငူရာဇာဘွဲ့ဖြင့် အခိုင်အလုံနေစေသည်။ ရာဇာဆိုငြား ဘုရင်အစစ်မဟုတ်ပါ။ ဘုရင်ခံဟု ဆိုရပါမည်။

အောက်ပိုင်း ဟံသာဝတီမြို့ဝန် ဦးသာအောင်ဆိုသူကလည်း မြို့မှ အကြီးအကဲ မွန်တို့နှင့် စည်းရုံးပြီး ပုန်ကန်သည်။ သမိန်ထောဆိုသူကလည်း ဦးသာအောင်ကို ကွပ်မျက်ပစ်၍ ဆင်ကျားရှင်အမည်ခံကာ၊ တစ်ဗိုလ်ထနေသည်။ မတ္တရာ၊ အုတ်ဖို တောင်ခြေတွင်နေသော ကွေ့လူမျိုးတို့၏ ဦးစီးခေါင်းဆောင် ဂုဏ္ဏအိမ်ဆိုသူကလည်း အတိအလင်း ခြားနားပုန်ကန်သည်။

နဂါးဘိုရွာသား ခင်ဦးစား ငချစ်ညိုကလည်း သူ၏ လက်ရုံးရည်ကောင်းခြင်းကို အရင်းပြု၍ တစ်မှောင့်ခြားနားပြန်သည်။

ဆိုခဲ့သည့်အတိုင်း အင်းဝမင်းနေပြည်တော်၌ သူတစ်လူ၊ ငါတစ်မင်း ခြားနားနေကြသည့်အတွင်း မုဆိုးပိုရွာမှ အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်တွင်း အရွယ်ရှိ အစိုးရင်ဦးအောင်ဇေယျသည် လက်ငင်းအခြေအနေကို နားလည်သဘောပေါက်ကာ သတိဖြင့် စောင့်လင့်နေသူဖြစ်သည်။ သူသည် မင်းညိုစံ စောငြိမ်းဦးတို့မှ ၁၀၇၆ ခုနှစ်၊ (ခရစ် ၁၇၁၄ ခုနှစ်) တွင် မွေးဖွားသူဖြစ်၍ ဆွေကြီးမျိုးကြီးမှ ဆင်းသက်သူဖြစ်သည်။ သောကြာသားဖြစ်သည်။ ဤတွင် ကျွန်မမှတ်သားဖူးသော

အချက်တစ်ခုကို ပြောပါရစေ၊ သူ၏ ဖခင် မင်းညိုစံသည် သောကြာသားဖြစ်သော သားကလေးကို နေ့နံအကိုက် အမည်မှည့်မပေးဘဲ အောင်ဇေယျဟု ခေါ်တွင်စေခြင်းဖြစ်သည်။ ဖခင်ကြီး၏ အမြော်အမြင်မှာ ဤသည့် သက္ကရာဇ် ၁၀၇၆ ခုနှစ်မှာ တနင်္ဂနွေမင်း နန်းတက်သော နှစ်ဖြစ်သည်။ ထိုနှစ်နှင့် တစ်ခုတည်းဖွားသော သားကို မင်္ဂလာရှိစေရန် တနင်္ဂနွေမင်း၏ နံတော်ကို ယူပြီး အောင်ဇေယျဟု အမည်ပေးခြင်းဖြစ်သည်။ ဤစကားရပ်မှာ ဇော်ဇောအတည်မပြုနိုင်သော်ငြားသဘာဝယုတ္တိမကင်းခြင်းကြောင့် တင်ပြရပါသည်။

မောင်အောင်ဇေယျကို မုဆိုးပိုရွာ သာထွန်းကျောင်းတွင် ပညာသင်စေသည်။ ကျောင်းထိုင်ဆရာတော်သည် ဖျတ်လတ်သွက်လက်ပြီး ဉာဏ်ကောင်းပုံရသော မောင်အောင်ဇေယျအား နှစ်သက်သည်။ ထို့ကြောင့် အထူးဂရုစိုက်ပြီး ပညာသင်ပေးလေသည်။ သို့လျှင် ငယ်စဉ်ကစ၍ ထူးခြားသော အရည်အသွေးကောင်းများကြောင့် အသက်ပင်ငယ်စေကာ မုဆိုးပိုရွာတွင် အစီရင်ဖြစ်လာလေသည်။ ထိုစဉ်က မုဆိုးပိုရွာမှာ အိမ်ခြေ (၃၀၀) ကျော်ရှိသောရွာကြီးဖြစ်သည်။ ဦးအောင်ဇေယျသည် တိုင်းရေးပြည်ရေးကို အလေးအနက်ဆင်ခြင်ကာ စိတ်မအေးရသော အခြေအနေကို သဘောပေါက်သည်။ သဘောပေါက်သည့်အတိုင်း ဆွေသားမျိုးသားများနှင့် တိုင်ပင်ကာ လုပ်သင့်ရာရာကို စီမံဆောင်ရွက်သည်။ ပတ်ဝန်းကျင်ဒေသရှိ လူများကလည်း သတ္တိဗျတ္တိရှိသော ဆွေအားမျိုးအားတောင့်တင်းသော ဦးအောင်ဇေယျကို အားကိုးကြသည်။

ထိုအချိန်တွင် ဦးအောင်ဇေယျသည် နှမတစ်ဝမ်းကွဲတော်စပ်သူ ဦးဖြိုးမြ၊ မယ်ပလောင်တို့၏သမီး မယ်ယွန်းစံနှင့် အိမ်ထောင်ပြုပြီးဖြစ်၍ နှစ်ဖက်အင်အား ပိုမိုတောင့်လာသည်။ မုဆိုးပိုဒေသတစ်ဝိုက်ရှိ ရွာသားများသည် ဦးအောင်ဇေယျကို မိမိတို့ခေါင်းဆောင်အဖြစ် ကြည်ဖြူစွာ လက်ခံကြလေသည်။ သူက စည်းရုံးသည်နှင့်အမျှ တညီတည်းလိုက်နာဆောင်ရွက်ကြလေသည်။

မုဆိုးပိုဒေသက ဦးအောင်ဇေယျဟူသော နာမည်တစ်လုံးနှင့်အတူ သတင်းကြီးလာတော့သည်။ မုဆိုးပိုဒေသတွင်မက အထက်အညာတွင်ပါ လူပြောများလာသည်။ သို့လျှင် အရပ်ရပ်၌ ကျီးလန့်စာစား ချောက်ချားတုန်လှုပ်လျက်ရှိသည့်အတွင်း သိုက်ထွတ်တဘောင်စာဟူ၍ ပြောစမှတ်စကားတစ်မျိုးပေါ်လာသည်။

ရှေးမြန်မာကြီးများသည် ယခုခေတ်လူများထက်ပိုပြီး အတိတ်နိမိတ်၊ တဘောင်၊ စနည်း စသည်များကို ယုံကြည်စွဲလမ်းလေ့ရှိကြပါသည်။

ॐ ॐ ॐ ॐ ॐ

# (၄)

## ဖိုသုံးဖိုတွင် တစ်ဖိုက မီးတောက်လောင်ညီးလိမ့်

ပြည်သူကြားတွင် ရေပန်းစားနေသော စကားမှာ –

"ဌာနနဂိုရ်၊ ဖိုသုံးဖိုတွင်၊ တစ်ဖိုကမီးတောက်လောင်ညီး၍
မှောင်ကြီး ပျောက်မည်၊ ဂဝံပတော့၊ ရသေ့ဇော်ဂျီ၊ တပသီတို့၊
ထုံးမှီစဉ်ဆက်၊ ညွန်ကြားမြွက်၍၊ သိုက်ထွက်သည်"

ဟူ၏။ ထိုစကားကိုပင် BURMA GAZETTEER SHWEBO DISTRICT အတွဲ (A) တွင် "ဘိုသုံးဘို တစ်ဘို နေလို ထွန်းလတံ့" ဟူ၍ မြန်မာအက္ခရာစာလုံးဖြင့် ဖော်ပြထားသည်။

ထိုစကားသည် ပြည်သူကြားမှ ဘုရင်ခံ တောင်ငူရာဇာ နားသို့ ပေါက်ကြားလေသော် စိတ်စနိုးစနောင့်ဖြစ်လာပြီးနောက် မုဆိုးပိုရွာမှ မိဘမျိုးရိုးအမည်နာမများလည်း ထူးခြားနေသော ဦးအောင်ဇေယျအား ဆင့်ခေါ်ပြီး ကြည့်ရှုမေးမြန်းလေသည်။ ဦးအောင်ဇေယျ၏ မပျိုလွန်း၊ မအိုလွန်းသော အရွယ်၊ ယောကျ်ားပီသသော အလုံးအဖန်၊ ဆင်ခြင်ဉာဏ်ရှိပုံရသော အင်္ဂါရုပ်တို့ကို လက်တွေ့မျက်မြင်အကဲခတ်မိသည်။ သို့ဖြင့်...

"မောင်မင်း ရှင်ဘုရင်စော်နံသည် ဆိုတာ မှန်သလား"

"မမှန်ပါ၊ မလိုသူတို့ ချောပစ်စကားသာဖြစ်ပါသည်" ဟူ၍ တည်ကြည်စွာလျှောက်တင်သည်။ ဦးအောင်ဇေယျသည် အင်းဝမင်းကို နန်းချပြီး ဘုရင်လုပ်ရန်ဆန္ဒမရှိရိုးအမှန်ပင်၊ မိမိတို့နိုင်ငံနှင့် လူမျိုးတည်တံ့ခိုင်မြဲလုံခြုံမှုကိုသာ အားထုတ်သူဖြစ်ပေ၏။

တောင်ငူရာဇာကလည်း တစ်စုံတစ်ရာအပြစ်မတွေ့သောကြောင့် ပြန်ခွင့်ပေးလိုက်လေသည်။ ဦးအောင်ဇေယျ၏ဣန္ဒြေနှင့် လျှောက်ထားဟန်သေသပ်သောကြောင့် အများတကာနှင့်မတူ တစ်မူထူးခြားသော ကြန်အင်ရှိသူပေဟူ၍ စိတ်ဘဝင်တွင်ထင်ယောင်ထင်မှား စိတ်မဖျောက်နိုင်ပေ။ ထို့ကြောင့် မုဆိုးပိုရွာသို့ လူတချို့စေလွှတ်ပြီး ရှေးဟောင်း ရွှေတန်ဆာဘုရားအနီးတွင် ကောင်းနိုးရာရာယတြာချေစေသည်။

ထို့နောက် နိုင်ငံတစ်ဝှန်းလုံး တစ်စထက်တစ်စပိုမိုလှုပ်ရှားလာသည်။ အခြေအနေကောင်းနှင့်တကွ သတ္တိရှိသူအချို့က ခေါင်းဆောင်လုပ်၍ မိမိတို့ဒေသကိုအုပ်စိုးကြသည်။ သာမန်အရပ်သားများကား နိုးစပ်ရာအားကိုးလောက်သည်ဟု ယူဆသောခေါင်းဆောင်များကို မှီခိုနေကြသည်။ "သူတစ်လူ၊ ငါတစ်မင်း" ဆိုရမတတ် ခေတ်ကာလပေ။ ထိုခေတ်အခြေအနေကို ပလိပ်မြို့စား ဦးဖျော်က –

"သက္ကရာဇ်ဖြောင့်၊ ဂဏန်းစောင့်မူ၊ ထောင့်တစ်ရာသုံး မည်မဆုံးတွင်၊ တိုင်းလုံးမှောက်ခုန်၊ နှောက်ဆူမှုန်မှု၊ သူပုန်ရုန်ရိုင်း၊ ဥသာတိုင်းကြောင့်၊ စကိုင်းအင်းဝ၊ ပြည်ကြီးမှလျှက်၊ ဩနယွတ်ယိုတိမ်း ပျက်ပြိုလျက် ....." ဟူ၍၊ မြင်သာထင်သာအောင်စာဖွဲ့ခဲ့ပါသည်။

သို့ဖြစ်နေစဉ် ဦးအောင်ဇေယျသည် တစ်နေ့ထက်တစ်နေ့ ပိုမို လုံ့လထုတ်ကာ မိမိထိန်းအုပ်စုလူများအား လှုံ့ဆော်သည်။ အင်အားစု သည် မနားမနေအလုပ်လုပ်သည်။ ပြောဟောသိမ်းသွင်းသည်။ "အင်းဝ ပျက်တော့မည်၊ ငါဒေသရှေးရေးလုံခြုံအောင်၊ နေနိုင်အောင်နေမှ ဖြစ် တော့မည်" ဟူ၍ ခေတ်အခြေကိုထောက်ပြသည်။ သူ့လူများကလည်း နောက်လိုက်ကောင်းပီသသည်။

ခေါင်းဆောင်ကောင်းဦးအောင်ဇေယျသည် သူ့အဖွဲ့၏လူအင် အား၊ လုပ်နိုင်အားကို မြှင့်တင်တွန်းတိုက်ပြီးနောက် သူကိုယ်တိုင်အပင် ပန်းခံကာ ရှေးဆောင်၍အလျင်အမြန် အလုပ်လုပ်သည်။ အိမ်ခြေ သုံးရာကျော်ရှိသော မုဆိုးပိုရွာကိုဗဟိုပြု ပတ်ဝိုင်းပြီးလျှင် တာဝန်း (၄၇၀) လေးရာခုနစ်ဆယ်ကျယ်သော ထန်းလုံးတပ်တည်ဆောက် သည်။ (၇ တောင်လျှင် ၁ တာဖြစ်သည်) အုတ်အင်္ဂတေမစီမံနိုင်သည့် အချိန် မြို့ရိုးသဖွယ် လုပ်ဆောင်ခြင်းဖြစ်၏။

ရွာနီးချုပ်စပ်ရှိ (၄၆) ရပ်သောကျေးရွာများမှာ (၄၆)ခေါင်းသော၊ ခေါင်းဆောင်များနှင့်အတူ ရွာသားများကို ထန်းလုံးတပ်တွင်းသို့ချည်း၊ စုရုံးနေထိုင်စေသည်။ ရနိုင်သမျှ စားရေရိက္ခာများစုဆောင်းထားစေ သည်။ ခေါင်းဆောင်လုပ်သူကိုယ်တိုင် ပင်ပင်ပန်းပန်းလုပ်နေသော အခါ နောက်လိုက်များပါ အားကြိုးမာန်တက် မခိုမကတ်လုပ်ဆောင်ကြ သည်။ အရေးကြီးပြီမို့ သွေးစည်းကြလေ၏။ ထို့ပြင် ထန်းလုံးတပ် အပြင်ဘက် ငါးတိုင် (ဆယ်မိုင်) ရှိနေသမျှ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း ဟူသရွေ့အား ဖျက်ဆီးပစ်လိုက်သည်။ မိမိလူများအား တပ်ဖွဲ့ အသွင်ပြောင်းလိုက်သည်။ အကြီးအကဲအဖြစ် တစ်ရွာလျှင် တစ်ခေါင်း

စီတင်၍ (၄၆) ခေါင်းသတ်မှတ်ခန့်ထားသည်။ ၎င်းခေါင်းများ၏ အရပ်ရွာများမှာ –

၁။ မြို့တော်အရှေ့ရပ်
၂။ မြို့တော်တောင်ရပ်
၃။ မြို့တော်ဗောင်းဝန်းတိုက်ရပ်
၄။ မြို့တော်ကျိုရပ်
၅။ မြို့တော်အလယ်ကျိုရပ်
၆။ မြို့တော်အလယ်ကုန်းရပ်
၇။ ချောင်းဦးရပ်
၈။ မြို့တော်အနောက်ရပ်
၉။ ဟန်လင်းမြို့ရပ်
၁၀။ မုဆိုးချုံရွာရပ်
၁၁။ ရင်းမာကန်ရွာရပ်
၁၂။ ရင်းတော်ရွာရပ်
၁၃။ နောက်အုန်တတွင်းရွာရပ်
၁၄။ မင်းရွာရပ်
၁၅။ ရွာသာရပ်
၁၆။ သပြွတ်တောရွာရပ်
၁၇။ ပိတ်တောရွာရပ်
၁၈။ မြောင်ဝန်းရွာရပ်
၁၉။ မြွေသမားရွာရပ်
၂၀။ မန်ကျည်းတုံရွာရပ်
၂၁။ သစ်ခေါင်းခွရွာရပ်
၂၂။ ရှားတောရွာရပ်
၂၃။ ယင်းဘာရွာရပ်
၂၄။ ဥနဲ့ပုတ်ရွာရပ်
၂၅။ သမန်သာရွာရပ်
၂၆။ ချည်ပါတောင်ရွာရပ်
၂၇။ ချည်ပါမြောက်ရွာရပ်
၂၈။ ပန်းရန်ရွာရပ်
၂၉။ လိပ်ချင်းရွာရပ်
၃၀။ မင်းကျောင်းရွာရပ်
၃၁။ ဘွတ်လိုင်ရွာရပ်
၃၂။ ကန်ထူရွာရပ်
၃၃။ ပလိုင်းရွာရပ်
၃၄။ အုန်းပေါက်ရွာရပ်

၃၅။ ပေါက်တုန်ရွာရပ်
၃၆။ တောင်မြင့်ရွာရပ်
၃၇။ စိုင်နံရွာရပ်
၃၈။ တောင်ကင်းရွာရပ်
၃၉။ ပန်းတောင်းရွာရပ်
၄၀။ ကာမဝတီရွာရပ်
၄၁။ ထနောင်းဝန်းရွာရပ်
၄၂။ သစ်ဆိမ့်ရွာရပ်
၄၃။ ဆိပ်ခွန်ရွာရပ်
၄၄။ ဟန်လင်းမြို့အနောက်ရပ်
၄၅။ မင်းကြီးရွာရပ်
၄၇။ ရွာသစ်ရွာရပ်

အထက်ပါရွာခေါင်းတို့နှင့်တကွ သူရဲသူခက်လက်နက်ကိုင်သန်မြန်သူ ယောက်ျားပေါင်း (၃၀၀၀) ခန့်စုစည်းမိပြီးဖြစ်သည်။ ယင်းတို့အား ဓားခုတ်၊ လှံထိုး၊ မြင်းစီး၊ မြင်းရေးတို့ကို အမြဲတစေ လေ့လာ ကျွမ်းကျင်စေသည်။ အချို့မှာ တင်ကျည်းစွဲ၊ ဒူးလေးစွဲတို့ ဖြစ်သည်။ သေနတ်ကိုင်နိုင်သူ အနည်းအကျဉ်းသာရှိသည်။

ॐ ॐ ॐ ॐ ॐ

ရည်ညွှန်းစာအုပ်ငှားရန်မဟုတ်
REFERENCE NOT TO BE TAKEN

(၅)

## ဦးအောင်ဇေယျ၏ စစ်ရေးအမြင်

၁၁၁၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်တွင် ဟံသာဝတီမှ မွန်စစ်များက တိုက်ခိုက်သိမ်းပိုက်၍ အင်းဝမြို့ပျက်လေ၏။ မွန်တို့သည် မင်းမိဖုရား၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ မှူးမတ်၊ အချို့နှင့်အတူ နန်းစဉ်ကျောက်မျက်ရတနာ၊ အဖိုးတန်အသုံးအဆောင်များ စသဖြင့် စိတ်ရှိတိုင်းသိမ်းပြီး ဟံသာဝတီ မွန်တို့ပြည်သို့ လှေဖောင်များဖြင့် ဆောင်ယူသွားကြသည်။

“အကယ်စင်စစ် ဗညားဒလ တိမ်ကြားမင်းခေါင်စသူများသည် မွန်လူမျိုးများ မဟုတ်ကြပါ။ အင်းဝမင်း၏ ကျွန်ရင်းအမှုထမ်းမြန်မာများသာ ဖြစ်ချေသည်။ အင်းဝမင်းအုပ်ချုပ်ပုံ လျော့ရဲပြီး မနိုင်မနင်းဖြစ်နေခြင်းအား အခွင့်ကောင်းယူပြီး ကိုယ်တိုင်ဘုရင်လုပ်ချင်ကြသောကြောင့် မွန်နာမည်ခံ၍ မွန်မင်းနှင့် ပူးပေါင်းပြီး လုပ်ကြံကြသူများဖြစ်ပါ၏”

အင်းဝမင်းပိုင်နက် နိုင်ငံအလုံး တုန်လှုပ်ချောက်ချားကာ မင်းမရှိကိုးကွယ်ရာ မသိသော ကာလပျက်ကြီးသာ ကြုံနေကြရသည်။ ဤအဖြစ်ကို –

"နိုင်ငံသားတို့၊ မျောပါးနှောင့်ယှက်၊ ဗျာပါဒ်ဆုံသည့်
အုံပရွက်သို့၊ ထိပ်ထက်မီးစု၊ ဘယ်သူကိုသခင်၊ ဘယ်တွင်
စံနန်း၊ ရှုယ်မှန်းမသာ၊ ခိုရာမရ၊ ဒုက္ခပြန့်ပြော၊
ကပ်သုံးပါးဆောင်၊ ထပ်ကာနှောင်၍၊ ပူလောင်လောကြ၊
စကောနှင့် ဆီးဖြူ၊ လိုမ့်သောတူ။ဟူ၍၊ နောင်တစ်ချိန်တွင်၊ သာချင်းဆရာ ဦးအောင်ဖြိုးက ရေးဖွဲ့လေသည်။

ငစဉ့်ကိုင်အရပ်မှ တောင်ငူရာဇာလည်း အင်းဝမင်းနှင့်အတူ အောက်ပြည်သို့ပါသွားလေပြီ။ ကွေ့ဂုဏ္ဏအိမ်သည်လည်း နေရင်းအုတ်ဖိုတောင်ခြေတွင် အင်နှင့်အားနှင့် အခိုင်နေသည်။ နဂါးဘိုရွာသား၊ ခင်ဦးစား လက်ျာပျံချီ ငချစ်ညိုလည်း လက်အောက်ငယ်သားများနှင့် တကွ ရွှေဘိုမြို့၏ မြောက်ဘက်တွင် တစ်ဗိုလ်လုပ်လျက်ရှိသည်။

အင်းဝမြို့ကို သိမ်းယူပြီးခါစ မွန်ဥပရာဇာနှင့် စစ်သူကြီး ဒလပန်းတို့ကား မြို့တော်အင်းဝနေသားတကျ ငြိမ်ဝပ်ပိပြားအောင် လုပ်ဆောင်လျက်ရှိသည်၊ မုဆိုးဖို ဦးအောင်ဇေယျသည် မိမိ၏ဒေသကိုပင် ခံစစ်အဖြစ် အရပ်အနေသင့်သော အချက်အချာကျသော နေရာဟူ၍ သတ်မှတ်ကာ ထန်းလုံးတပ်အတွင်းမှာ သတိဝီရိယကြီးစွာ နေလျက်ရှိလေသည်။ အရပ်အနေအထားသင့်သည်ဆိုရာမှာ ဤသို့ဖြစ်သည်။ မုဆိုးဖိုရွာ ဝန်းကျင်သည် မိုးခေါင်ရေရှားရပ်ဝန်းတွင်ရှိသောကြောင့် ရေရှားသည်။ သုံးရေသောက်ရေအတွက် ရေတွင်း၊ ရေကန်ကိုသာ အားထားရသည်။ မြစ်ဝေး၊ ကမ်းဝေးဖြစ်၍ အနီးဆုံး ဧရာဝတီမြစ်မှာ (၁၇) မိုင်ကွာသော ကျောက်မြောင်းမြို့ ဆိပ်ကမ်းမှာရှိသည်။

ထိုသို့ သုံးရေ၊ သောက်ရေရှားပါးမှုသည်ပင် မိမိတို့အား အန္တရာယ်ပေးမည့် ရန်သူတို့အတွက် ခက်ခဲစေမည့်အချက်ဟု မြော်မြင်လေသည်။ ဤအချက်ကား မိမိဘက်က အားကိုးလောက်သော အားသာချက်ဟုတွက်ဆသည်။ စားရေရိက္ခာဟူသည်တွင် သောက်သုံးရေကို ပဓာနထားပြီး သုံးနှုန်းခြင်းမဟုတ်ပါလား။ အထူးသဖြင့် စစ်မက်ရေးရာကာလတွင် သောက်စရာရေမှာ အရေးပါလှသည်။

ထို့ကြောင့် မကြာခင်ကပင် ထန်းလုံးတပ်၏အပြင်အပ (၁၀) မိုင်အတွင်းရေတွင်းရေကန်ရေမြောင်းဟူသမျှ ဖို့သိပ်ဖျက်ဆီးပစ်ခဲ့သည်။ မိမိတို့ ထန်းလုံးတပ်အတွင်းမှာကား ဆန်စပါး၊ ပဲ၊ ပြောင်း၊ စသည့်ရိက္ခာတစ်နှစ်စာ စုဆောင်းသိုလှောင်ထားပြီးဖြစ်သည်။

ထိုအခါ မိမိတို့၌ရှိသော ထောင်ဂဏန်းမျှသော ရဲမက်စစ်သည်တို့သည် လက်နက်ကောင်းများကိုင်ကာ ထိုးစစ်ဆင်လာသော သောင်းဂဏန်းရှိလေမည့် ရန်သူများအား ရင်ဆိုင်ရန်မှာ စားရေရိက္ခာ ပေါခြင်း၊ ရှားခြင်းဟူသော အချက်ဖြင့် အောင်မြင်နိုင်ရန်အလားအလာရှိသည်ဟု ဦးအောင်ဇေယျ ဆင်ခြင်တွက်ဆထားသည်။

စားရေရိက္ခာ သယ်ဆောင်စရာမှာ နွားလှည်းမှအပ မည်သည့်ယာဉ်မှ မရှိသေးသော ခေတ်ဖြစ်ပါသည်။ အနေးနှင့် အမြန် မုချရောက်လာလတ္တံ့သော ရန်သူများအား လက်နက်စစ်ဆင်ရေးက တစ်ဖက်၊ စားရေရိက္ခာစစ်ဆင်ရေးက တစ်ဖက်ဖြင့် ရင်ဆိုင်ရန် အသင့်စောင့်လင့်နေလေ၏။

ॐ ॐ ॐ ॐ ॐ

# (၆)

## အလောင်းမင်းတရားကြီးနှင့် နပိုလီယံ

သို့လျှင် ဦးအောင်ဇေယျသည် လက်ရွေးစင်သူရဲကောင်းတို့ဖြင့် စစ်ရေးကို မနားမနေပြင်ဆင်တော်မူလျက်ရှိသည်။ ကြာကြာမစောင့်ရချေ။ ပတ်ဝန်းကျင်ဒေသများ၌ တပ်ချလျက်ရှိသော မွန်တို့၏တပ်အချို့သည် ထန်းလုံးတပ်အား အနီးကပ်လာသည်။ ထိုအချိန်တွင် ဦးအောင်ဇေယျသည် သားတော်ကြီးများ တပ်မှူး၊ တပ်ဗိုလ်များနှင့် လိုပ်သင့်သည်များကို အရေးတကြီး ဆွေးနွေးလျက်ရှိကြသည်။ ဤအချက်တွင် ထွက်၍တိုက်မလား၊ မွန်တို့နှင့် အရေးအရာသင့်ရာဆိုရမလား၊ အသီးသီးတင်ပြအမိန့်ခံကြသည်။

တင်ပြကြသော အကြောင်းအချက်များအား ကြားပြီးသော် ဦးအောင်ဇေယျသည် အဆုံးအဖြတ်ပေးသော စကားကို ဤသို့အမိန့်ပေးသည်။

"မွန်တို့မှာ လက်နက်ဗိုလ်ခြေအင်အားများသော်ငြား၊ စွန့်စားလုပ်ရည်ကြံရည် ငါတို့နှင့် မတန်လေရာ၊ ငါတို့၏တပ်ကိုလည်း မဖြိုနိုင်ရာ၊ ငါတို့က ထွက်ပြီးတိုက်သော်၊ နိုင်လျှင်ကောင်း၏။ အဆင်မသင့်

သော် စစ်ဦးညှိုးလိမ့်မည်။ ဝီရိယမလွတ်စေနှင့်၊ တပ်ကို မချဉ်းကပ်နိုင် အောင်သာ ကြံ့ကြံ့ခံကြ”

မွန်တို့တပ်အားလုံးတက်လာသည်မဟုတ် အားစမ်းသည့်အနေ ဖြင့် ပထမလူ (၃၀၀၀) ခန့်သာ ထန်းလုံးတပ်သို့ ကပ်လာသည်။ ယင်းတို့သည် အကာအကွယ်အဖြစ် လှည်းပေါ်တွင် ကောက်ရိုးအပြည့် အသိပ်တင်ကာ နောက်မှလူတွန်းပြီး သေနတ်မီးပေါက် တရစပ်ပစ်ခါ ချီတက်လာသည်။ ထန်းလုံးတပ်ထဲမှ ယင်းကောက်ရိုးလှည်းများကို ရွယ်ပြီး မီးတုတ်မီးစည်းတို့ဖြင့် ပစ်၍ ရှို့သည်။ အမာခံမွန်စစ်သည် (အသေခံတပ်) တို့က မြန်မာတပ်ရဲမက်ပါးရာနေရာမှ လျှပ်တစ်ပြက် တပ်ကို ကျော်တက်ဝင်ကြလေ၏။ တပ်တွင်း မြန်မာတို့က တရကြမ်း ခုခံထိုးခုတ်ကြသောအခါ အများအပြား ကျဆုံးကြပြီး အနည်းအပါး သာ တပ်ရိုးကို ကျော်တက်ပြီး လက်လွတ်ထွက်ပြေးကြသည်။

မုဆိုးဖိုတပ်တော်ကား ပွဲဦးမျက်နှာပန်းလှချေပြီ။ စစ်ဗိုလ်တပ်မှူး တို့က မွန်တို့လက်စွမ်းကို ရိပ်စားမိပြီဖြစ်၍ ထွက်တိုက်ပါရစေဟု တင်ကြားအမိန့်တော်ခံကြသည်။ ထိုအခါတွင်လည်း ဦးအောင်ဇေယျ က...

“မောင်မင်းတို့အလျင်မလိုကြနှင့်၊ သူတို့စစ်ပန်းလှပြီ၊

အချိန်စောင့်ကြဦး၊ နေ့ရက်ကြာကြာမခံနိုင်၊

ရာသီဥတုလည်း ပူပြင်းလှသည်၊ သင်းတို့ ရိက္ခာပြတ်ပစေဦး၊

ရေမိုးငတ်ပစေဦး” ဟု အမိန့်တော်ချမှတ်ပြီး တပ်အပြင်သို့ ထွက် တိုက်ခွင့်မပေးချေ။

ဤအဆိုအမိန့်ကား စစ်ခေါင်းဆောင်တစ်ဦး၏ အရာတန်သည်၊ မတန်သည်ကို ကြံစည်သိတတ်သော အမြော်အမြင်ကြီးသော စကားပေဟုဆိုရပါစေ၊ ရှေ့တစ်နေရာတွင် ဆိုခဲ့ပြီးအတိုင်း ထန်းလုံးတပ်ကို ပတ်ဝိုက်နေသော (၁၀) မိုင်အတွင်း ရေမရှိအောင် ရေရနိုင်သော ရေတွင်းရေကန်ဟူသမျှ ဖျက်ဆီးပြီးသား မဟုတ်ပါလား။ စစ်သည်လက်နက်အင်အား မိမိတို့ထက်အဆမတန်ကြီးသည်မှန်၏။ သို့သော်ယင်းတို့ ရေမရှိဘဲ မရပ်တည်နိုင်ချေ။

"အလောင်းမင်းတရားကြီးနှင့် နပိုလီယံ" အကြောင်း ဤတွင်တင်ပြလိုပါသည်။ မင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၄ ခုနှစ်၊ (ခရစ်နှစ် – ၁၇၅၂) တွင် နန်းတက်ကြောင်း ထင်ရှားပြီး ဖြစ်ပါသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ဖြစ်သော စစ်ပွဲတွင် ကမ္ဘာကို ချောက်ချားစေသော စစ်ဘုရင် နပိုလီယံသည် ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် နန်းတက်ခြင်းဖြစ်သည်။ စာဖတ်သူတို့ သိကြပြီဟု ထင်ပါ၏။ ကျွန်မအနေဖြင့်ကား မွန်မင်းကြီး မင်းလက်ဝါး (မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင်အမှုထမ်းသူ) ၏မှတ်စုမှတ်ရာ၊ ပေစာထုပ်တွင် တွေ့ရှိခြင်းဖြစ်ပါသည်။ မင်းလက်ဝါးကြီးသည် အနောက်နိုင်ငံများမှ မင်းတို့၏ဖွားသည့်နှစ်၊ နန်းတက်သည့်နှစ်တို့ကို အတော်ပင်စုံလင်အောင် မှတ်တမ်းတင်ထားပါသည်။ သူ၏ပေစာထုပ် တစ်နေရာတွင် နပိုလီယံ၏ အကြောင်းဖြစ်ရပ်ကို –

"နိုင်ငံအမည် ပြင်သစ်၊ မင်းအမည် နပိုလီယံ၊ ဘွားသက္ကရာဇ် ၁၈၀၈ ဧပြီလ ၂၀၊ နန်းတက်သက္ကရာဇ် ၁၈၅၂ ဒီဇင်ဘာလ ၂"

စန္ဒာလီနာကျွန်း (စိန့်ဟယ်လီနာကျွန်းကို ဆိုလိုခြင်းဖြစ်၏) အလျား၊ အနံ အဝှန်းတိုင်ပေါင်း ၁၄၇၊ လူဦးရေ ၅၄၉၀၊ ထိုကျွန်းငယ်ကို အင်္ဂလိပ်မင်းကြီး စိုးလေ၏။ ထိုကျွန်းမှာ ဥရောပတိုက်တွင် တန်ခိုးအာဏာနှင့် ဒီပရာဇ် အမည်ခံယူသောနပိုလီယံ ပြင်သစ်နိုင်ငံ၏ ဘုရင်ကို အင်္ဂလိပ်မင်းက လက်ရသိမ်းယူဖမ်းဆီးပြီးလျှင် ချုပ်ထားသော အရပ်ဒေသဖြစ်၍ အလွန်ထင်ရှားသော ကျွန်းဖြစ်၏။

အထက်ပါမှတ်စုပေစာထုပ်မှာ မင်းတုန်းမင်းကြီးလက်ထက်တော်က မှူးမတ်ကြီးတစ်ဦး ရေးသားထားခြင်းဖြစ်၍ နှစ်ပေါင်း (၁၄၀) ခန့် ကြာမြင့်လေပြီ။ သူ့အဆိုနှင့် တိုက်ဆိုင်ကြည့်ရန် ရှာဖွေသောအခါ မြန်မာ့စွယ်စုံကျမ်း (၅) တွင် ဖော်ပြချက်နှင့် တစ်ထပ်တည်းတူညီနေသည်ကို တွေ့ရသောကြောင့် ယင်းမှတ်စုမှတ်စာကို အတည်ပြုနိုင်လာပါသည်။

ထိုအခါ အလောင်းမင်းတရားကြီးနှင့် ပြင်သစ်ဘုရင်နပိုလီယံတို့ မင်းနှစ်ပါးမှာ နန်းတက်သက္ကရာဇ် နှစ်ပေါင်း (၁၀၀) တိတိကွာခြားကြောင်း စိတ်ချလက်ချ ပြောနိုင်ပါပြီ။ ပြင်သစ်စစ်ဘုရင် နပိုလီယံက သူ့တပ်ဗိုလ်တပ်မှူးအား –

“မင်းတို့စစ်တိုက်ရာမှာ လူအင်အားချည်း အားကိုးလို့မဖြစ်ဘူး၊ စစ်သားတွေ စားရေရိက္ခာပြည့်ဝဖို့အရေးကြီးတယ်၊ စစ်တိုက်တယ်ဆိုတာ၊ ဗိုက်နဲ့တိုက်တာ၊ လက်နက်နဲ့တင် ပြီးတာမဟုတ်ဘူး”

ဟု မိန့်ခွန်းပြောသည်ကို ဖတ်မှတ်ဖူးပါသည်။ သို့ဆိုလျှင် စစ်ပွဲဟူသမျှ လက်နက်လူအင်အားအရေးကြီးသလို စားရေရိက္ခာသည်လည်း ဆတူဘက်းတူအရေးပါကြောင်းကို မင်းနှစ်ပါးတို့အမြင်ချင်းတူကြောင်း တွေ့ရသည်။

နပိုလီယံ၏ ယင်းစစ်ရေးအမြင်ကို သူ့ထက်အနှစ် (၁၀၀) စောပြီး အလောင်းမင်းတရားက မြင်ပါသည်။ ထိုအမြင်ကို "ရန်သူတို့ ရိက္ခာပြတ်ပစေဦး၊ ရေမိုးငတ်ပစေဦး " ဟူ၍ အမိန့်တော်ချမှတ်ခဲ့ခြင်းအားဖြင့် အဖိုးတန်သော ဉာဏ်အမြင်ကို အချက်ကောင်းတွင် အသုံးချခဲ့ခြင်း မဟုတ်ပါလား။ ယခုခေတ်လူငယ်များတွင် မြန်မာမင်းကောင်းတို့ လက်ရုံးရည်၊ နှလုံးရည် စွမ်းပကားကို သိနားလည်စွာဂုဏ်ယူသူများ ရှိပါ၏။ အချို့တို့ကား နိုင်ငံရပ်ခြားမှ စစ်သူရဲကောင်းတို့ကိုသာ အကောင်းမြင်၊ အထင်ကြီးတတ်ကြသည်။ လူငယ်လူရွယ်ထုအတွက် မိမိတို့ဇာတိနိုင်ငံရင်းတွင် စစ်ရေးအမြော်အမြင်နှင့် သတ္တိစွမ်းအားကြီးမားသော အလောင်းမင်းတရားကြီးသည် ပြင်သစ်ဘုရင် နပိုလီယံထက် အလျင်ရှေ့ဦးကျနေကြောင်း အဘောပေါက်စေချင်လှသည်။

ဤအချက်မှာ ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ထက်သန်စေလိုသော ကျွန်မ၏ စေတနာမှန်ဖြစ်ပါ၏။

ဿ ဿ ဿ ဿ ဿ

(၇)

## ဦးအောင်ဇေယျမင်းအဖြစ်ကို ယူတော်မူခြင်း

အင်းဝမြို့တော်ကို လက်ဝယ်ပိုင်ပိုင်အုပ်စီးမိပြီးဖြစ်သော မွန်တို့ သက္ကရာဇ် (၁၁၁၄) ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့တွင် မုဆိုးဖိုသို့ လူသုံးဆယ်စေလွှတ်ပြီး ယင်းတို့ထံ သစ္စာခံရန် အကြောင်းကြားသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့ရက်တွင်ပင် ကွေ့ဂုဏ္ဍာအိမ်တို့အုပ်စုကလည်း လူနှစ်ဆယ်ကျော်ဖြင့် မုဆိုးဖိုကို ယင်းတို့သစ္စာခံရန်ရောက်လာကြသည်။

တစ်နေ့တည်းရောက်လာကြသော သံအဖွဲ့နှစ်ဖွဲ့ကို တဲကြီး တစ်လုံးစီတွင် သီးခြားဧည့်ဝတ်ပြု နေရာပေးထားသည်။ ဦးအောင်ဇေယျ၏ မိဘနှစ်ပါးတို့က စိုးရိမ်မကင်းဖြစ်ကာ သားဖြစ်သူအား ဤသို့ အကြံပေးစကားပြောသည်။ မွန်တို့သည် မိမိတို့နှင့်ယှဉ်လျှင် လူသူ လက်နက် အင်ခွင်ကြီးမားလှသည်။ ဆင်နှင့် ဆိတ်ပမာ ဖြစ်သည်။ အင်းဝမြို့တော်ကိုပင် အောင်နိုင်ပြီးသော မွန်တို့ကို သစ္စာခံသင့်သည်ဟု ဖျောင်းဖျကြသည်။

ဦးအောင်ဇေယျကား တွေဝေကြန့်ကြာနေ၍မဖြစ်၊ ယခုပင် ပြတ်ပြတ်သားသား ဆုံးဖြတ်ရပေတော့မည်။ မူလကပင် လျာထား

သည့် ကြံစည်ရင်းအတိုင်း မိမိ၏နိုင်ငံနှင့် လူမျိုးကို မိမိကိုယ်တိုင်သာ လျှင် လုံခြုံအေးချမ်းရန် ဆောင်ရွက်မည်။ ယနေ့တွင်ကား အလိမ္မာသုံး ကာ သင့်တော်အောင် စကားဆိုရမည်ဟူ၍ ဆုံးဖြတ်သည်။ မိဘများကို နှစ်သိမ့်တောင်းပန်ပြီးသော် သံအဖွဲ့နှစ်ဖွဲ့စလုံးအား –

"ယခုသစ္စာပေးရန် ရောက်လာကြသော မင်းမတ်တို့သည် တစ်မင်းတစ်ဖွဲ့တည်းမဟုတ်၊ နှစ်မင်းနှစ်ဖွဲ့က သံများဖြစ်သည်။ ကျွန်ုပ် တို့မှာ မည်သူ့ကို သစ္စာခံရမည့်အရေး မတွေးမထင်နိုင်ပါ။ နောင်ကာလ တွင် တစ်မင်းက တစ်မင်းကို ရှိသေလေးမြတ်ပြီးသောအခါ ကျွန်ုပ်တို့ အထူးပြောဘွယ်မရှိပြီ၊ ရှိသေခြင်းခံရသော မင်းကို သစ္စာခံပါမည်" ဟု အနူးအညွတ်ပြောသည်။

သံတို့ဘက်မှလည်း ဦးအောင်ဇေယျ၏ ဆိုစကားသည် အရေး အရာမှန်ပေသည်ဟု သဘောရကြလေသည်။ ဦးအောင်ဇေယျသည် ယင်းတို့အား အထိုက်အလျောက် လက်ဆောင်များပေးပြီးသော် ကွေ့ဂုဏ္ဍအိမ်၏အဖွဲ့ကို ကျောက်မြောင်းမြို့မြစ်ဆိပ်သို့ လိုက်ပို့စေ သည်။ အင်းဝမှလာသော မွန်အဖွဲ့ကိုကား မုဆိုးပိုတောင်ဘက် ဟန်လင်းမြို့ဟောင်းအနီးမှ ဆီးကြိုသတ်ဖြတ်စေသည်။ ရုတ်တရက် ဖြေရှင်းရန်ခက်ခဲသော ပြဿနာကြီးတစ်ရပ်အား ဦးအောင်ဇေယျက စကားပရိယာယ်ဖွယ်ဖွယ်ရာရာ သုံးပြီး အလွယ်တကူဖြေရှင်းလိုက်ခြင်း ဖြစ်သည်။

ဟန်လင်းသတ်ကွင်းမှ လွတ်မြောက်သူ သံအချို့ အင်းဝမြို့သို့ပြန် ရောက်ပြီး ဖြစ်ပုံကို အလုံးစုံတင်လျှောက်သော် မွန်ဥပရာဇာနှင့် ဗညား ဒလတို့သည် ဒေါသမာန်ခြောင်းခြောင်းထွက်လျက် –

"အင်းဝမြို့သည်ပင် ငါတို့လက်သို့ရောက်ပြီးဖြစ်လျက်နှင့် မုဆိုးဖို

သည် ထန်းလုံးတပ်ငယ်တစ်ခုကို အားကိုးပြီး ထောင်လွှားချေသည်။ အရေးလုပ်စရာမရှိ။ ငါတို့ လက်က လွတ်နိုင်မလား” ဟု ကြိမ်းဝါး သည်။

“စစ်သူကြီး ဒလပန်းအား မုဆိုးဖိုအရေးကို အောင်မြင်ရန် အင်အားသုံးပြီး ဖြိုဖျက်ရစ်စေ” ဟု မွန်ဥပရာဇာက အမိန့်ပေးသည်။ မွန်ဥပရာဇာမူကား ဟံသာဝတီတွင် အချို့အရပ်သားတို့ ဆူပူလျက်ရှိသောကြောင့် တပ်အလုံအလောက်ယူပြီး အောက်ပြည်သို့ စုန်ဆင်းသွားလေ၏။ ကျန်ရစ်သူ ဒလပန်းကား မုဆိုးဖိုကို ဖြိုဖျက်ရန် စီစဉ်လျက်ရှိ နေရစ်လေသည်။

မုဆိုးဖိုမှ ဦးအောင်ဇေယျသည် မွန်စစ်သူကြီး မလွဲမသွေလာတော့မည့်အရေးအတွက် ခုခံနိုင်အောင် အပြင်းအထန် စီမံကွပ်ကဲလျက်ရှိသည်။ ရှေးအထက်က တောင်ငူဘုရင် တပင်ရွှေထီးသည် သတ္တိခဲ၊ မြင်းရည်တက် (၂၈) ယောက် ရွေးချယ်ဖွဲ့စည်းသည့်နည်းတူ မိမိတို့လည်း လုပ်နိုင်ကောင်းသည်ဟု စီမံသည်။ မိမိ၏ ဆွေသားမျိုးသားများနှင့် ရဲမက်များထဲမှ လက်ရည်ကောင်း၊ သတ္တိကောင်း၊ မြင်းစီးကောင်း ဦးရေ (၆၈) ယောက် ရွေးကောက်ဖွဲ့စည်းသည်။ မူလကနဦးမှပင် ပါဝင်ခဲ့သော (၄၆) ခေါင်းမှလည်းပါသည်။ အသက်စွန့်ပြီး တိုက်ခိုက်မည့် အမာခံတပ်ပေတည်း။

မွန်စစ်သူကြီး ဒလပန်းသည် မုဆိုးဖိုကိုဖြိုရန် မြင်း (၃၀၀၀) စီပါသော လက်နက်ကိုင်တပ်ပေါင်း (၉) တပ်၊ စုစုပေါင်း ရဲမက် (၄၅၀၀၀) ကို ခွဲဝေဖြန့်ကြက်ပြီးလျှင် မုဆိုးဖိုဒေသကို ပတ်ဝိုက်ကာ တပ်စခန်းချစေသည်။ သို့တပ်ချရာ အရပ်များမှာ ကျောက်ကာ၊ အမြင့်၊ တည်တော၊ ငါးစိုဇင်လေးရွာ၊ ခင်ဦးစသည်တို့ဖြစ်သည်။ “သည်တစ်ကြိမ် ငါတို့

လက်မှာခံနိုင်မလား၊ မုဆိုးဖိုပြိုတော့မည်” ဟုကြိမ်းဝါးလျက် မောင်းတင်နေကြလေသည်။ စင်စစ်ထိုမျှအားကြီးသော စစ်အင်အားကိုသုံးရန်ကြံသည်မှာ မုဆိုးဖိုထန်းလုံးတပ်ကို အထင်မသေးကြောင်းသိသာပါ၏။ ကုန်းဘောင်ဆက်ရာဇဝင်အဆိုမှာ “ကြာအချပ်ကဲ့သို့ အထပ်ထပ်ရံလေသည်” ဟူ၏။ မွန်တို့သည် ဝန်းရံကာသာနေသည်။ အနီးသို့မကပ်လာသေးချေ။

ထိုအချိန်တွင် ဦးအောင်ဇေယျသည် သူ၏မြင်းရည်တက် (၆၈) ယောက် ဖွဲ့စည်းပြီး၍ ယင်းတို့အထဲမှ (၅၅) ယောက်ကို ဘွဲ့ဦးပေးခြင်း၊ မူလ (၄၆) ရပ်ခေါင်းတို့ကို ဘွဲ့အမည်အသီးသီးချီးမြှင့်ခြင်း၊ မိမိအတွက် ကိုယ်ရံတော်၊ သက်တော်စောင့်စသည်များ ခန့်ထားနေသည်။ မြင်းရည်တက် (၆၈) ယောက်တို့ကား (၁) ငစည်းစိမ်၊ (၂) ငညွန့်၊ (၃) ငကောင်း (၄) ငအိုး (၅) ငနဲ (၆) ငထွန် (၇) ခင်ပါး (၈) ကျော်မှတ် (၉) ပန်းထွေး (၁၀) ပိန်ကျော် (၁၁) ငအောင် (၁၂) လွမ်းသူ (၁၃) ငမြ (၁၄) ငပိုက် (၁၅) တော်အိုင် (၁၆) သာဝ (၁၇) မှတ်ကျော် (၁၈) ထွန်းရ (၁၉) ငအက် (၂၀) သာမြတ် (၂၁) ငအောင်ငယ် (၂၂) ငတော် (၂၃) စံခဲ (၂၄) စည်ပင် (၂၅) စံမှတ် (၂၆) ထွန်းမြ (၂၇) ပေါ်ထင် (၂၈) ပန်းညို (၂၉) ရွှေရည် (၃၀) ငဖျော် (၃၁) သာထွန်းအောင် (၃၂) ငသာ (၃၃) ငသွင် (၃၄) ဖြိုးသာ (၃၅) ကျော်ထင် (၃၆) ရွှေရည် (၃၇) မြတ်သူ (၃၈) တုတ်ဖြိုး (၃၉) ကျော်စံ (၄၀) ငထွေး (၄၁) စိန်ငုံ (၄၂) မြတ်သာ (၄၃) ထွေးညို (၄၄) ရွှေခဲ (၄၅) မြတ်ထွန်း (၄၆) ချစ်ဖြိုး (၄၇) ငနှောင်း (၄၈) သာထင် (၄၉) ထွန်းကျော် (၅၀) စံရာ (၅၁) ငသော် (၅၂) သာဦး (၅၃) ငရာ (၅၄) ငဘွယ် (၅၅) ညိုသူ (၅၆) ဆုတောင်း (၅၇) ကွမ်းကျော် (၅၈) ငတုတ် (၅၉) ငလွင် (၆၀) ခေက် (၆၁) စံမှတ် (၆၂)

ငအောင် (၆၃) ဆွေနည် (၆၄) ငပန်း (၆၅) ဆွေထင် (၆၆) ချင်းတီး (၆၇) ညိုမင်း (၆၈) ငပွင့် တို့ဖြစ်သည်။

ဤကဲ့သို့ မြင်းရည်တကက် (၆၈) ယောက်အနက် (၅၅) ဦးကို အသီးသီးဘွဲ့ဦးချီးမြှင့်သည်။ ဦးအောင်ဇေယျကား မင်းအဖြစ်ကို ယူလေပြီ။ ထို့နောက် ဆွေတော်မျိုးတော်၊ တပ်မှူး စသူတို့က ဘွဲ့နာမံ ခံယူပါမည့်အကြောင်းလျှောက်ထားကြရာ ငါ့မှာ နတ်ကောင်းတို့နှိုးဆော်ခြင်းဖြင့် ပြည်သူတို့နှုတ်ဖျားတွင် "အလောင်းမင်းတရားကြီး" ဟု ခေါ်တွင်ပြီးရှိလေပြီ၊ ဘွဲ့အထူးခံယူဖို့ မရှိဟု မိန့်တော်မူလေသည်။

စင်စစ် အလောင်းမင်းတရားကြီးသည် နာရီနှင့်အမျှ အရေးကြီးနေသော ဤအချိန်မျိုးတွင် ဘွဲ့တံဆိပ်တော်အတွက် ဗေဒင်ဟူးရားဆရာသမားတို့ဖြင့် တွက်ချက်စိစစ်ရန် အချိန်ကုန်ခံလိုခြင်းမရှိချေ။ မင်းအဖြစ်ကို ယူတော်မူခြင်းမှာ လိုအပ်သော အချိန်ဖြစ်၍ လုပ်သင့်သောအလုပ်ကို အချိန်ကိုက်လုပ်ခြင်းဖြစ်ပါသည်။

မိမိမင်းအဖြစ်ကို ယူခြင်းအားဖြင့် လက်အောက်ငယ်သားတို့အားရဝမ်းမြောက်ကြလိမ့်မည်။ ဘွဲ့ထူးပေးခြင်းဖြင့်လည်း အမှုတော်ကိုသက်စွန့်ကြိုးပမ်းထမ်းဆောင်ကြပေမည်။ ထို့ပြင် နိုင်ငံတစ်ဝှမ်းဘယ်သူ့ကို အရှင်သခင်ခေါ်ရပါမည်နည်းဟု မဝေခွဲတတ်အောင်ပြည်သူတို အားကိုးရာနေစဉ် မုဆိုးဖိုရွာမှ ဦးအောင်ဇေယျ ရှင်ဘုရင်ဖြစ်ပြီဟူ၍ မီးမောင်းထိုးပြသကဲ့သို့ ထင်ရှားစေလိမ့်မည် ဟူသောအကြောင်းခြင်းရာများစွာရှိသည်မဟုတ်လား။ အလောင်းမင်းတရားမင်းအဖြစ်ယူတော်မူသည့်အချိန်မှာ သက္ကရာဇ် ၁၁၁၄ ခုနှစ် (ခရစ်နှစ် ၁၇၅၂) ကဆုန်လအတွင်းဖြစ်ပါသည်။

ဿ ဿ ဿ ဿ ဿ

## (၈)

## ဘုန်းစွမ်းနှင့် လူစ ပြကြသောအခါ

မုဆိုးဖို ထန်းလုံးတပ်တွင်ဖြစ်သော မွန်၊ မြန်မာလက်ရည်စမ်းပွဲတွင် ပွဲဦးထွက်မြန်မာတပ်တို့ မျက်နှာပန်းလှသည်နှင့်အမျှ မွန်တို့စစ်ဦး ညိုးလေပြီ။ သို့သော် မွန်စစ်သူကြီးများသည် –

"ငါတို့တပ်များ ဘေးဝန်းကျင်တစ်ဝိုက်၌ အမြောက်အမြားရှိသည်ကိုကား၊

မုဆိုးဖိုတပ်သည် အရေးမထားလောက်သော အသေးအမွှားသာ" ဟူသော အယူအဆကို မလျှော့သေးပါ။

မုဆိုးဖိုတပ်များကလည်း တရှိန်ရှိန်တဖွားဖွားအားတက်နေသော စိတ်ဓာတ်ဖြင့် ရန်သူကို တပ်အပြင်ထွက်ပြီး တိုက်လိုလှလေပြီ။ မင်းတရားကြီးအမိန့်ချမည်ကိုသာ စောင့်လင့်နေကြသည်။ မင်းတရားကြီးကား တပ်အပြင်ထွက်ပြီး တိုက်ရန်အမိန့်မပေးသေး။ မြို့တော်လေးမျက်နှာတွင်သာ တပ်မှူးများကွပ်ကဲသော တပ်အများချရပ်ခင်းကျင်းထားစေသည်။

"မောင်မင်းတို့ ရန်သူက စစ်ငင်လာစေကာမူ ထွက်မလိုက်နှင့်၊ ကျောက်တိုင်ကဲ့သို့ ကြံ့ကြံ့ခံ၍သာနေကြစေ။ အချိန်တန်လျှင် ငါကိုယ်တိုင်ထွက်ပြီးတိုက်မည်" ဟုအမိန့်တော်ထုတ်ပြန်သည်။

ထိုနောက်သက္ကရာဇ် ၁၁၁၄ ခု၊ ကဆုန်လပြည့်ကျော် (၈) ရက်၊ သောကြာနေ့တွင် ကိုယ်တော်တိုင် ရွှေထီးမိုးကာ သားတော်နှစ်ပါးခြံရံလျက်၊ အရှေ့ဘက်မျက်နှာမှ အောင်တံခွန်လွှင့်ကာ ထွက်တော်မူလေသည်။ တပ်အပေါင်းသည် အောင်စည်အောင်မောင်းတီးကာ တစ်ပြိုင်နက် ဟစ်ကြွေးလျက် မွန်တပ်ရှိရာသို့ ရှေးရှုလျက် တရကြမ်း ချီတက်ကြသည်။

မြင်းတပ်၊ ဓားလွတ်ကိုင်တပ်၊ ဒူးလေးတပ်၊ တင်ကျည်းတပ်တို့သည် မင်းတရားကြီး ကိုယ်တော်တိုင် ရှေ့ဆောင်တိုက်သည်ကိုမြင်လျှင် မိမိတို့အသက်ကို ဖက်ရွက်ပမာထားပြီး စွန့်စွန့်စားစား တိုက်ကြလေ၏။ မွန်တပ်မှာ မခံနိုင်ဘဲ အချိန်တိုအတွင်းမှာပင် ကစဉ့်ကလျားဖြစ်ကာ တပ်ပျက်လေ၏။ သို့တိုက်ပွဲဖြစ်ရာ အရှေ့မျက်နှာမှ တပ်ပျက်လေသော် ကျန်သုံးမျက်နှာရှိ မွန်တပ်များလည်း "ဗိုလ်မကွပ်နိုင်ဘဲ ကိုယ်လွတ် ထွက်ပြေးကြလေသည်။"

"ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်" ဆိုသည့်အတိုင်း ပူပြင်းလှသည့် ရာသီဖြစ်သည်တွင် ပါလာသည့် သောက်ရေကလည်း မလုံလောက်၊ အနီးအနားမှာလည်း ရေရှာ၍မတွေ့သော မွန်တို့သည် ဤပွဲတွင် အထိနာလှချေသည်။

ဤ ပွဲသည် စစ်ပွဲ ပီပီသသ တိုက်ကြရသောပွဲဖြစ်သည်။ လူချင်းလုံးထွေးနေအောင် ပူးကပ်တိုက်ကြရသောပွဲဖြစ်သည်။ မုဆိုးဖို တပ်မတော်အတွက် စစ်အောင်ပန်း အရကြီးရလိုက်ကြသည်။ ရဲမက်သုံ့ပန်းအများဖမ်းမိလိုက်သေးသည်။ ခဲယမ်းမီးကျောက် အမြောက်၊ သေနတ်တို့ကို တောင်လိုပုံအောင်ရလိုက်ကြလေသည်။ မုဆိုးဖိုသား

များအား ရှုံမဆုံးရှိချေပြီ။ သေနတ်ဟူသော လက်နက်ကောင်းများကို စစ်ကာလတွင် အရေးတကြီးလိုချင်နေသော အချိန်ပိုင်းဖြစ်ချေသည်။

အလောင်းမင်းတရားကြီးသည် ထိုနေ့က စစ်ပွဲတွင် လုပ်ရည်ဆောင်ရည်ကို ကြည့်ပြီးလျှင် ဆုတော်၊ လာဘ်တော်၊ ငွေသား စသည်များ အစေ့အငှပေးသနားတော်မူသည်။ ထို့ပြင် ဖမ်းမိသော သုံ့လူများကို မနှိပ်စက်စေရ၊ ကောင်းစွာကျွေးမွေးထားစေသည်။

လက်နက်ကောင်းများ တောင့်တင်းလာသော တပ်တော်သည် မြို့၏ဝန်းကျင် မလှမ်းမကမ်းရှိ ညောင်လှ၊ မြောင်းဝန်း၊ ခင်ဦး စသည်တို့ရှိ တပ်ချထားလေသော မွန်တို့ကိုပါ ဆက်တိုက်အောင်မြင်လေသည်။ ထိုထိုအောင်ပွဲအဆင့်ဆင့်ရရှိသည်ကို သတင်းစကားကြားသိကြလေသော အစုအဖွဲ့များသည် အလောင်းမင်းတရားရှေ့တော်မှောက်သို့ အရောက်လာကြပြီးလျှင် နောက်ပါလူသူ လက်နက် မျိုးရိက္ခာများပါ ဆက်သလျက် ကျွန်ရင်းခံကာ ခိုဝင်လာကြလေသည်။

သို့တဖွဲဖွဲ ခိုဝင်လာကြသော အဖွဲ့များကြောင့် စစ်တပ်အင်အားပွားသည်ထက်ပွားလာသည်။ ဤသည်မှာ ဦးအောင်ဇေယျမင်းအဖြစ်ခံယူတော်မူခြင်း အကြောင်းမှ ရလာသော အကျိုးဆက်ဖြစ်ချေသည်။

မန္တစ်မြို့ဖွယ်ကောင်းသောအချက်မှာ လက်ျာပျံချီဘွဲ့ခံ ခင်ဦးစားလူစွမ်းကောင်း ငချစ်ညို၏ဖြစ်ရပ်ပင်တည်း။ တစ်နယ်တည်းသားအလောင်းမင်းတရားဘက်သို့ မခိုဝင်ခဲ့ပေ။

ထို ၁၁၁၄ ခုနှစ်၊ ကဆုန်လမှ စ၍ နတ်တော်လအတွင်း စစ်ပွဲ (၁၀) ပွဲ အောင်မြင်သည်။ တပ်တော်မှ မြင်းရည်တက် (၆၈) ယောက်

အနက် ကျဆုံးသူ မပေါက်မြောက်သေးသူတို့ကို ချန်၍ ကျန်ကျွန်ရင်းတို့ကို ငယ်မည်ပျောက်ဘွဲ့ပေးတော်မူသည်။

ထို့နောက် အခိုက်အတန့်အားဖြင့် စစ်နား၍ ရက်အားရက်ရှိလာသည်ကို လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် စေ့ငှစေသည်။ ယင်းတို့မှာ ရွှေတန်ဆာ၊ ရွှေသိမ်တော် စသော ရှေးဟောင်းဘုရားများကို မွမ်းမံ ရွှေချခြင်း၊ ရဟန်းသံဃာတော်များကို ပရိက္ခရာအစုံစုံနှင့် ဆွမ်းကပ်လှူခြင်း စသည်တို့ဖြစ်သည်။ သာသနာတော်အရေး၌ မေ့လျော့တော်မမူပါ။

စစ်ရေးစစ်ရာကား လုပ်စရာကြံစရာများစွာရှိပေသေးသည်။ ထိုနှစ်အကုန်ပိုင်းတွင် ကွေ့လဝ တို့၏ အကြီးအကဲ ဂုဏ္ဏာအိမ်၏ အုတ်ဖိုဒေသကို ဖြိုဖျက်လုပ်ဆောင်စေရာ အလွယ်တကူပင် အောင်မြင်သည်။ ခင်ဦးစားလက်ျာပျံချီဘွဲ့မည်ခံ ငချစ်ညို၏ ဖွားရာ ဇာတိဖြစ်သော နဂါးဘိုနှင့် ဂုဏ္ဏာအိမ်၏ အုတ်ဖိုဟူသော “ဖိုနှစ်ဖို” သည် ပျက်ပြုံတိမ်ကောလေပြီ။

ॐ ॐ ॐ ॐ ॐ

(၉)

## နန်းမြို့တည်ဆောက်ခြင်း

တစ်နှစ်လည်၍ သင်္ကြန်ကျပြီးသော် ၁၁၁၅ ခုနှစ် သို့တိုင်ရောက်လာချေပြီ။ အတိုမှတ်နည်းအရ “ဥသြအော်မည်၊ ကုန်းဘောင်တည်” ဟူသော ပြောစမှတ်ပြုသည့်နှစ်ဖြစ်သည်။

မင်းတရားကြီးသည် မှူးမတ်စစ်သူကြီး အစုံအလင်ဖြင့် ညီလာခံဝင်သောတစ်ချိန်၌ –

“ယခုငါတို့သည် သူပြည်သူ့ရွာကို ဝင်စားသော သူကဲ့သို့ သစ်လုံးတပ်နှင့်သာ ဖြစ်သည်။ ထီးဆောင်းနန်းနေမင်းဧကရာဇ်ချင်း၊ မင်းစေသံတမန်တို့ရောက်လာသော်မှ မတင့်တယ်ချေ။ မြို့နန်းတည်မှ သင့်လျော်မည်” ဟုအမိန့်တော်ရှိသည်။

ယင်းအမိန့်တော်အရ မြို့နန်းတည်ဆောက်ရန် စီစဉ်လျာထားရန် လုပ်ဆောင်ရာရှိသရွေ့ တာဝန်အသီးသီးခွဲဝေယူကြပြီးနောက် ကြန့်ကြာနှောင့်နှေးခြင်းမရှိ တက်ညီလက်ညီဆောင်ရွက်ကြသည်။

နောက်ကာလမင်းတရားကြီး ခြေတော်ရင်းသို့ ထမ်းရွက်ခစားလာသော “စိန္တကျော်သူ” ဘွဲ့ရ (ငယ်မည်ဦးသြ) က သို့မြို့နန်းတည်ကြောင်းကို –

"ရွှေဘုံအောင်မျို့၊ ရွှေမြို့၊ ကျုံးဝန်း၊ နတ်ကွန်း၊ ရေကန်၊ ချိန်မှန်ဗဟိုရ်၊ ရွှေချက်သိုဟု၊ ချီးဆိုမကုန်၊ ခုနစ်တန်ကို၊ နိဗ္ဗာန်လွန်ကာ၊ နှစ်ထောင်သာ၍၊ သုံးရာပြည့်ယုတ်၊ သုံးနှစ်နှုတ်တွင်၊ တမုဟုတ်ခြင်း၊ ဘုန်းဖန်ဆင်း၍...." ဟုဖွဲ့ဆိုသည်။

ရှေးမြန်မာကြီးများ၏ ရေးနည်းအတိုင်း မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်သည်မှ စသောသာသနာသက္ကရာဇ်ကို အသုံးပြုပြီး သာသနာသက္ကရာဇ် ၂၂၉၇ နှစ်ဟု သုံးနှုန်းရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ကောဇာသက္ကရာဇ် ၁၁၁၅ နှင့် အတူတူပင်ဖြစ်ပါသည်။

ထို့အပြင် တွင်းသင်းတိုက်၏ ဝန်မဟာစည်သူရေးသော "အလောင်းမင်းတရားကြီးအရေးတော်ပုံ" စာအုပ် စာမျက်နှာ (၂၈) တွင် "သက္ကရာဇ် ၁၁၁၅ ခု၊ ပဉ္စမဝါဆိုလပြည့်ကျော်ခြောက်ရက်၊ ကြာသပတေးနေ့ကျုံး၊ မြို့၊ ရွှေနန်း၊ နတ်ကွန်း၊ ပဟိုရ်၊ ရွှေချက်သိုစေတီတော်၊ နန္ဒာကန်တော်ဟူ၍ ခုနစ်ဌာနကို ပါဒ်ဗီဇနာပြန်ခရာ တစ်ပြိုင်နက်တည်း စီရင်တော်မူ၍ ရတနာသိဃ်ကုန်းဘောင်ပြည်ကြီးသမိုက်တော်မူ၏" ဟူ၍ ခု၊ နေ့၊ ရက်သာမက မင်္ဂလာအချိန်ကိုပါ ဖော်ပြထားပါသည်။

ယင်း စာအုပ်ကလေးအကြောင်း ဖော်ပြပါရစေ။

စာအုပ်ရှေ့ဖုံးတွင် ဟံသာဝတီ ပိဋကတ်စာအုပ်တိုက်၊ ကင်းဘဲလမ်း၊ ရန်ကုန်နေပြည်တော်ဟုတွေ့ရသည်။ ထူးခြားသည်ဟုထင်မိသောအချက်မှာ "၁၃၀၅ ခု၊ အဘိုးဆင့် (၃၀၀) ဟုပါရှိခြင်းပင်"

ဟံသာဝတီ ပိဋကတ်စာအုပ်တိုက်၏ အမှတ်အသားဖြစ်သော ပန်းရုံစက်ဝန်းနှစ်ထပ်အတွင်းက ကြာငါးခိုင်တံဆိပ်ပါရှိသည်။ ဂျပန်

ခေတ်တွင်ထုတ်သော စာအုပ်ပါပေ။ စာအုပ်မှာ အဝါရောင်ဖြစ်ပြီး စာမျက်နှာ (၁၅၀) ရှိသည်။ အလျား ၈ လက်မနှင့် အနံ ၅ လက်မ ရှိသည်။ စာအုပ်မှာ ငယ်ပင်ငယ်ငြား အတန်အသင့်ပြည့်စုံပါ၏။

တစ်ချိန်တည်း ပန္နက်ချသော ခုနစ်ဌာနမှာ –

၁။ မင်းတရားကြီးဖွားရာ မိဘများအိမ်နေရာတွင် ရွှေချက်သို စေတီ

၂။ ရိုးရာဓလေ့အတိုင်း ကိုးကွယ်ရာနတ်ကွန်း

၃။ မင်းစံအိမ်ဖြစ်သော ရွှေနန်းတော်

၄။ မြို့တော်အင်္ဂါရပ်ဖြစ်သော အချိန်မှတ်ခေါင်းလောင်းနှင့် ပဟိုရ်စင်

၅။ တာဝန်းနှစ်ထောင်ရှိသော မြို့တော်

၆။ တာနှစ်ဆယ်ကျယ်သော ကျုံး

၇။ နန္ဒာကန်

တို့ဖြစ်ကြသည်။ မြို့တော်တွင် တံခါး (၁၀) ခု ပါရှိလေသည်။

ထိုနေ့က စနစ်ပုံချသောတံခါးတို့မှာ ဣန္ဒာတံခါး၊ ဆင်ဖြူတံခါး၊ သူဇာတံခါး၊ ကုန်းဘောင်တံခါး၊ ရန်မျိုးနှိမ်တံခါး၊ ဇေယျာတံခါး၊ ကရဝိက်တံခါး၊ ရန်ကြီးအောင်တံခါး၊ လိုင်သာတံခါး၊ မုံအာတံခါး ဆယ်ရပ်ဖြစ်သည်။

ထိုခုနစ်ဌာနတွင် မြေတူးသူ၊ ဆောက်လုပ်သူ၊ ပန္နက်ရိုက်သူတို့မှ စ၍ အားသွန်ခွန်စိုက် လုပ်ဆောင်ကြသည်။ လုပ်ငန်းပမာဏအရ

အချိန်ယူကြရပေမည်။ ကုန်းဘောင်ဆက် ရာဇဝင်ကြီး ပထမတွဲ၌ "အသီးအသီးအကြီးအကြပ်၊ မှူးမတ်စီရင်သူ၊ လုပ်လူကံကျွေးပေးအပ်သည်" ဟုဖော်ပြထားခြင်းကြောင့် လက်ခကံကျွေးပေးအပ်သည်ကို သိရသည်။ အခမဲ့ခိုင်းစေခြင်းမဟုတ်ပါ။

သို့လျှင် တာဝန်ရှိသူ ပြည်သူပြည်သားတို့က တူးဖော်တည်ဆောက်လျက်ရှိစဉ် အလောင်းမင်းတရားကြီးနှင့် အတိုင်ပင်ခံအဖွဲ့ကား အအားနေကြရသည်မဟုတ်ပါ။ စစ်ရေးစစ်ရာကို နေ့ညမရွေး ဆွေးနွေးလျက်သာရှိကြသည်။ မြို့တော်အနီး အောင်မြင်ပြီးစေကာမူ အင်းဝနေပြည်တော်ကား မွန်တို့လက်တွင်ရှိနေသည်။ ယင်းကျူးကျော်သူတို့၏ လက်တွင်းမှ မြို့တော်အင်းဝကို ကယ်တင်ရန်အရေးကား ပမာဏကြီးကျယ်လှသော စစ်ရေးပင်တည်း။

ॐ ॐ ॐ ॐ ॐ

# (၁၀)

## အင်းဝမြို့သိမ်း တိုက်ပွဲကြီး

အလောင်းမင်းတရားကြီးသည် မူလအစက မုဆိုးဖိုအစီရင်ခံဝ ဖြင့် ဆွေမျိုးအားတောင့်သည်။ ရပ်ရွာကအားထားကြည်ညိုသည်။ ဤအဆင့်မှပင် စတင်ခဲ့ရသူဖြစ်သည်။ ယခုလက်ရှိအခြေအနေကား သားတော်ကြီး နှစ်ပါးလည်း အပြိုင်းအရိုင်းလူလားမြောက်လာချေပြီ။ မိတ်ရင်းလူရင်းရဲဘော်သင်းများလည်း အားထားလောက်ဖွယ်ရှိသည်။ ထို့ပြင် မိမိတို့၏တိုက်တိုင်းအောင်သော ဂုဏ်သတင်းကြောင့် သူကောင်းဖြစ် အမှုထမ်းရန်ခိုဝင်လာသူလည်းများလှလေပြီ၊ မွန်တို့ ထံမှရရှိလိုက်သော သေနတ်စိန်ပြောင်းများလည်း အတော်များများ ရှိပြီ။

ထို့ကြောင့် စစ်လက်နက်ပစ္စည်း၊ ရဲမက်လူသူတို့ ပြည့်စုံတန် သရွေ့ပြည့်စုံချေပြီ။ သို့ဆိုလျှင် အင်းဝမြို့ကိုတိုက်ခိုက်ရန် အချိန် တန်ပြီဟု ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ချက်နှင့် လက်တွေ့ဆောင်ရွက် ရာတွင် ဘယ်အခါမှ နှောင့်နှေးလေ့မရှိသူ မင်းတရားကြီးသည် သားတော်ကြီးများနှင့်တကွ တပ်မှူး၊ တပ်ဗိုလ်များအား ရှေ့တော်သို့ စုရုံးစေပြီးသော် အင်းဝကိုလုပ်ကြံမည့်စစ်ရေးအား အသေးစိတ် ချပြ

တိုင်ပင်တော်မူသည်။ အများညီ၍ အသီးသီးတာဝန်ခွဲဝေ ပေးပြီးသော် ၁၁၁၆ ခု၊ (ခရစ်နှစ် ၁၇၅၄) နယုန်လအတွင်း ချီတက် ရန်ပြင်စေသည်။ ရတနာသိဃ်မြို့တော်မှ စစ်ကိုင်းမြို့သို့ စခန်း (သုံးရက်) ဖြင့် ချီတက်ကြလေသည်။ သားတော်ကြီး သတိုးဓမ္မရာဇာဘွဲ့ရတပယင်းစား ဦးဆောင်သောတပ်မှာ လက်ရွေးစင်သူရဲကောင်း (၁၀၀၀) ပါဝင်သော တပ်မှူးများနှင့်တကွ၊ မြင်းတပ်၊ သေနတ်ကိုင် တပ်တို့ဖြင့် ကြည်းကြောင်း။ ဒုတိယသားတော် သတိုးမင်းစောဘွဲ့ရ မြေဒူးစား ဦးဆောင်သော လက်ရွေးစင်တိုက်ပွဲအောင်တပ်သား (၁၅၀၀) ဖြင့် ရဲလှေ၊ တိုက်လှေ၊ ရေကြောင်းတပ်တစ်ကြောင်း၊ ယင်းသည့် ရေကြောင်း၊ ကြည်းကြောင်းချီတပ်များတွင် နာမည်ကျော် မင်းလှရွှေတောင်၊ မင်းလှမင်းခေါင်၊ မင်းလှကျော်ခေါင်စသည်တို့ ကြီးကြပ်ကွပ်ကဲကြရသည်။

မင်းတရားကြီးကား ကျောက်မြောင်းမြို့တွင် စစ်စခန်းချရပ်ကာ စစ်ဌာနချုပ်ဖွင့်ပြီး စံနေတော်မူသည်။

အင်းဝမြို့ရှိ စစ်သူကြီးဒလပန်းဦးစီးသော မွန်တပ်ကြီးကား အလောင်းမင်းတရားကြီးကိုယ်တော်တိုင်ချီလာသော မြန်မာတပ်လာပြီဟု ကြားရသည့်အချိန်မှစ၍ စိုးရိမ်မကင်းရှိနေကြလေ၏။ သို့သော် သူတို့ကျွမ်းသည့် ရေလမ်းမှလာသည့် တပ်များဖြစ်၍တစ်ကြောင်း၊ သူတို့တွင် ရဲလှေ၊ ရဲမက်အင်အားများပြားလှသည်တစ်ကြောင်း၊ ဒလပန်းကလည်း အကွပ်အကဲနာလှသည်ကတစ်ကြောင်းတို့ကြောင့် အနိုင်တိုက်မည်ဟု အမြန်ပင် စစ်ပြင်စောင့်ဆိုင်းနေကြသည်။

သို့လျှင် ရဲလှေ၊ ရဲမက်များပြားလှသည်မှန်သော်လည်း

တကယ်ရင်ဆိုင်ကြရလေသောအခါ မြေဒူးမင်းသားဦးစီးသော လှေတပ်ကိုမတွန်းလှန်နိုင်အောင်ဖြစ်နေကြသည်။ ယင်းတို့မွန်တပ်မှာ များလှသည်မှန်သော်ငြား၊ မွန်တပ်သားချည်းသက်သက်ပါမည်မဟုတ်၊ ရှမ်းနှင့်မြန်မာတပ်များပါ ကျောက်အရောရော၊ အုတ်အရောရော ပါဝင်နေကြသည်။

မင်းတရားကြီး၏တပ်များတွင်မူ မြန်မာစစ်သားချည်း သက်သက် သတ္တိခဲများဖြစ်ကြလေရာ စိတ်ဓာတ်အရ၊ လက်ရည်အရ သာလွန်တက်ကြွကြပါသည်။ ထို့ပြင် သားတော်ကြီး တပယင်းမင်းသားဦးစီးသော ကြည်းတပ်ကပါ အင်းဝမွန်တပ်ကို နှစ်ဖက်ညှပ် တိုက်ခိုက်ခြင်းခံနေရသည်။

ထိုအခါ ဟံသာဝတီမွန်တပ်တို့သည် –

"ငါတို့ကား ဆောင်းလှောင်ကြက်ကဲ့သို့ သူ့လက်တွင်ဖြစ် ချေတော့မည်" တွေးမြင်ပြီးသော် ကြာရှည်မခုခံနိုင်ဘဲ လှေတက်များ ဖြင့် အပြင်းဆုတ်ခွာကြလေ၏။ စစ်ပွဲတို့မည်သည် နိုင်စရှိသော တပ်နှင့် ရှုံးနေကျတပ်တို့မှာ စိတ်ဓာတ်ချင်းကွာခြားတတ်ကြသည်။

မင်းတရားကြီး မိန့်တော်မူဖူးသလို အင်အားအနည်းအများ ပဓာနမဟုတ်၊ လက်ရုံးနှလုံး၊ လုပ်ရည်ကြံရည်သာ အကြောင်းအရင်း ဖြစ်သည်ဟူသော စကားမှာအဓိပ္ပာယ်ရှိချေသည်။ ထို့ပြင် အင်းဝ မြို့တော်ဒေသမှာ စားနပ်ရိက္ခာလည်းပူစရာမရှိ။ ကျောက်မြောင်း မြို့နယ်သည်လည်း မိမိတို့ပိုင်နက်နယ်ဧရာဝတီမြစ်ရိုးဖြစ်သည်။

အစစအရာရာ အနေအထားကွာခြားလှသည်။ ယင်း နယုန် လဆန်း (၆) ရက်နေ့ပင် ဒလပန်း၏တပ်များသည် အင်းဝမြို့ကို

ပစ်ခွာပြီး အပြင်းစုန်ဆင်းသွားကြလေ၏။

ထိုအင်းဝမြို့သိမ်းတိုက်ပွဲသည် တိုက်ပွဲတကာတို့တွင် ဖြစ်နိုင်ခဲ၊ တွေ့နိုင်ခဲသော တိုက်ပွဲကြီးဖြစ်၏။ မြစ်တစ်ပြင်လုံး သွေးရောင်လွှမ်းပြီး၊ မြေတစ်ပြင်လုံး သူကောင်အတင်တင်ရှိနေကြသည်ဟူ၏။ အရင့် အရင်ကတိုက်ခိုက်ပြီးခဲ့သော တိုက်ပွဲများနှင့် လားလားမျှမတူ။ ပြောစမှတ်ပြုလောက်သောစစ်ပွဲကြီးပေတည်း။

သားတော်ကြီးနှစ်ပါးနှင့် မင်းလှရွှေတောင်၊ မင်းလှမင်းခေါင်၊ မင်းလှကျော်ခေါင် စသောသူရဲကောင်းများ၊ အံ့မခန်းလက်စွမ်းထက်သည်ကိုအထူးပြောဖွယ်မလိုပြီ။ မြေဒူးစား သတိုးမင်းစော၏ တိုက်ရည်ခိုက်ရည်ကိုလည်းအများက အကဲခတ်မိကြသည်ဆို၏။ စစ်ဘုရင်ဖြစ်လာမည့်သူပေ။

အထူးပြောဖွယ်တစ်ရပ် ပြောပါရစေ။

သတိုးမင်းဖျားဘွဲ့မည်ရှိသောမင်းပျို မင်းလွင်လူငယ်မင်းသားကလေးက သက္ကရာဇ် (၇၂၆) ခုနှစ်တွင် အင်းဝမြို့တော်ကိုအောင်မြင်စွာတည်ထားခဲ့သည်။ ဤမြို့တော်ကြီးသည် ကြီးကျယ်စည်ကား၍ ညောင်ရမ်းမင်း (၁၀) ဆက်ကိုကျော်လွန်အောင် မြို့သက်ရှည်ခဲ့သည်။ ယခု အလောင်းမင်းတရားကြီး၏ ဒုတိယသားတော်သတိုးမင်းစောဘွဲ့မည်ခံ လူငယ်မင်းသားကလေးကပင်လျှင် မွန်တို့လက်မှမြန်မာတို့လက်သို့ရောက်အောင် အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့လေပြီ။ ထိုမင်းသားလေးနှစ်ပါးတို့၏လုပ်ရည်၊ ကြံရည်ကိုအမှတ်တမဲ့ မနေသင့်ပါ။ အမှတ်တရထားကာ နားလည်သဘောပေါက်ခြင်းဖြင့် စံနမူနာယူထိုက်လှပါသည်။

တစ်ခုကျန်သေးသည်မှာ ထိုမင်းသားကလေးများသည် သက်တော်နှစ်ဆယ်ရွယ်ချည်း ဖြစ်ကြသည့်ပြင် "သတိုးမင်းဖျား" "သတိုးမင်းစော" ဟူသောဘွဲ့မည်ခြင်းကလည်း ဆင်တူလှသည်။ လူငယ်များအားကျစရာပင်။ သူတို့နှစ်ပါးကိုစံထားကာ နိုင်ငံတော်အတွက် ကောင်းရာ၊ ကောင်းကြောင်းဆောင်ရွက်ကြစေရန်တိုက်တွန်းချင်လှပါသည်။

ॐ ॐ ॐ ॐ ॐ

## (၁၁)

## ရွှေချက်သိုစေတီတော်

အလောင်းမင်းတရားနှင့် သားတော်နှစ်ပါး၊ စစ်သူရဲကောင်းများ ပါသောအောင်တပ်တော်ကြီးသည် ရတနာသိဃ်နေပြည်တော်သို့ပြန် လာကြရာ ထိုနှစ်ဝါဆိုလဆန်းနှစ်ရက်နေ့တွင်ရောက်ရှိလာကြသည်။

သားတော်များနှင့်တကွ အောင်ပွဲရစစ်မှူးစစ်သည်ရဲမက်များကို လုပ်ရည်၊ ကြံရည် အလျောက်ထိုက်သင့်သောဘွဲ့မည်၊ စားကျေးမြို့ရွာ၊ ရာထူးစသဖြင့် အသီးသီးချီးမြှက်တော်မူသည်။

ယင်းနှစ် ၁၁၁၆ တော်သလင်းလအတွင်းမှာပင်၊ မွန်တို့က ဟံသာဝတီသို့ယူဆောင်သွားသော အင်းဝဘုရင်နှင့်အတူ မိဖုရားအခြွေ အရံများ၊ ဦးရေ (၁၀၀၀) ကျော်အား ရေချပြီးကွပ်မျက်သည့်သတင်း ကြားသိရလေသည်။ ထိုအခါအလောင်းမင်းတရားကြီးသည် အလွန် နှမြောကြေကွဲတော်မူသည်။

ထို့နောက်တည်ဆောက်လက်စနန်းမြို့ပါ၊ ခုနစ်ဌာနတို့သည် ပြီးစီးလုနီးအခြေရှိလေပြီ။ နန်းတော်ပုံမှာတကောင်းမြို့နန်းတော်ပုံ ဖြစ်သည်ဟု ကုန်းဘောင်ဆက်ရာဇဝင်တွင်ဖော်ပြထားသည်။ ရွှေနန်း တော်မြေနန်းပြာသာဒ်တော်နှင့်တကွ အဆောင်ပေါင်း (၅၄) ဆောင်ရှိ သည်။



ရွှေချက်သိုစေတီတော်

သက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် နံ့တော်သင့် ရွှေချက်သိုစေတီပြီးမြောက်၍ ရွှေထီးအထွတ်တင်လှူပါသည်။

“ရွှေချက်မြှုပ်ရာ၊ မြေချူပ် ချာတွင်၊ ရတနာအုတ်၊ ရွှေပြားခုတ်ကို၊ လိုက်မုတ်ဘိနပ်၊ ကြာယပ်ဘောင်းနား၊ ချရားမြင့်သီ၊ ချပ်သင့်စီ၍၊ စေတီတည်ထောင်၊ နေခြည်ပြောင်သို့၊ မိုးခေါင်ထိထွန်း၊ မြို့မြောက်စွန်းဝယ်၊ ဝိုက်ဝန်းပတ်ခြံမဟာရံနှင့်၊ ဓာတ်ဆံကေသာ၊ စူဠာလိုလို၊ ရွှေချက်သိုဟု၊ တိမ်ညိုမိုးယံ၊ ပျံတလူလူ မျှော်ရှုတင့်တယ်၊ ငါးမာန်ပယ်သည်။ ခြောက်သွယ်ထွန်းရောင်ဝါကိုလည်း။

(စိန္တကျော်သူဖွဲ့ဆိုသော ရွှေချက်သိုစေတီရတုပိုဒ်စုံမှ ပထမအပိုဒ်)

ရွှေချက်သိုစေတီတော်မှာ ဉာဏ်တော်အမြင့် (၆၉) တောင်ရှိသည်ဟု ဘုရားတည်ဖူးသော ပန်းရန်ဆရာကြီး ဦးဆာမိက ပြောပြပါသည်။ (မြန်မာအစစ်တစ်ဦးပါ) သူ့အတွေ့အကြုံစနစ်အရ ပြောပြခြင်း ဖြစ်သည်။ စတင်ပန္နက်ချသည့်အချိန်မှ ထီးတော်တင်ချိန်အထိ (၁၆) လမျှကြာသည်။

စတင်ပန္နက်ရိုက်သော ခုနစ်ဌာနအနက်၊ နှစ်ဌာနကို တစ်နေရာတည်း ဖူးမြော်လေ့လာနိုင်သည်။ ဘာကြောင့်ဆိုသော် ရွှေချက်သိုစေတီအနီးတွင်ပင် နာရီမှတ်သော ဗဟိုစင်ရှိသောကြောင့် ဖြစ်သည်။ ဘုရားပရဝဏ်အတွင်း စည်တော်စင်ဟု ကျောက်ဖြူပြားကပ်ထားသည်။ အုတ်စီစင်ကြီးပေါ်တွင် ခေါင်းလောင်းတော်ရှိသည်။ ရှေးက စင်တော်ပျက်စီးနေ၍ အသစ်ဆောက်ထားသောစင်ဖြစ်သည်။

ခေါင်းလောင်းတော်မှာ အလောင်းမင်းတရားကြီး နတ်ရွာပြည်စံပြီးနောက်၊ သားတော် ဆင်ဖြူရှင် (မြေဒူးမြို့စားမင်းသား) လက်ထက်တွင် အင်းဝနန်းမြို့ပြောင်းစံလေရာ၊ ဤခေါင်းလောင်းတော်ကြီးကို မိဖုရားခေါင်ကြီးက ဗဟိုစင်မှဖြုတ်ပြီး ဤစေတီသို့ လှူဒါန်းချိတ်ဆွဲထားခြင်းဖြစ်သည်။ ယခုခေါင်းလောင်းတော်ချိတ်ထားသော အုတ်ဖြင့်ဆောက်ထားသည့် စင်မြင့်ကြီးမှာ လှေကားအထစ်ပေါင်းလေးဆယ်တိတိရှိပါသည်။ ရွှေဘိုမြို့မှရွှေကုန်သည် ဦးဘထူးမိသားစုက လှူထားခြင်းဖြစ်သည်။ ခေါင်းလောင်းတော်မှာ အစောက် ၃ ပေ ၃ လက်မ၊ လုံးပတ် ၆ပေ ၁၁လက်မ၊ အထူ ၃ လက်မ ရှိပါသည်။

ခေါင်းလောင်းတော်ကြီးရှိ စာကြောင်းကား –

"ဇေယတု ။ ။ တရာတပါ လူမျိုးများလည်၊ ကျော်ကြားသတင်း စောရန်ခွင်ကို မညင်မဆန် ပုံကန်မဝန် စောင်မန်ညန်လျက် အလွန်ပတ်ကုန် ဇမ္ဗူလုမ်ကိုယူကြုန်ရန် ပိုင်တော်မူစေတော်"

(သတ်ပုံ သတ်ညွှန်းမူရင်းအတိုင်း)

အထက်ပါခေါင်းလောင်းစာနှင့်တကွ၊ အင်းကွက်များရေးသွင်းထားခြင်း၊ ခြင်္သေ့ရုပ်၊ ဥဒေါင်းရုပ်၊ ကျားရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်များပါတွေ့ရသည်။ ခေါင်းလောင်းတော်အတွင်းဘက်တွင်လည်း ဂဏန်းအင်းကွက်နှင့် အက္ခရာအင်းကွက်များ ပတ်လည်အပြည့်ရှိပါသေးသည်။

ခေါင်းလောင်းတော်ကို လက်ခတ်တုတ်ဖြင့် တစ်ချက်နှစ်ချက် ထိုးနှက်ကြည့်သောအခါ တစ်မူထူးခြားသောစည်ပင်၊ ကြည်လင်သည့် အသံကို ဝေဝေစည်စည်ကြားရပါသည်။ အလောင်းမင်းတရားကြီး

ဘုန်းတောက်စဉ် သွန်းလုပ်သော ခေါင်းလောင်းများအနက် သာယာနာပျော်ဖွယ်အကောင်းဆုံးဖြစ်သောကြောင့်သာလျှင် ဗဟိုခေါင်းလောင်းတော်အဖြစ်ထားရှိခြင်းဖြစ်နိုင်ပါသည်။

အထက်တွင်ဖော်ပြထားသော ရွှေချက်သိုစေတီသမိုင်းမှာ ကျွန်မရွှေဘိုမြို့တွင် နေထိုင်စဉ်ကာလ (၁၉၈၃) ခုနှစ်က မြို့နယ်စာပေလုပ်သားအဖွဲ့မှပြုစုရေးသားသည့် "ရွှေဘိုနိဒါန်း" စာအုပ်၊ စာမျက်နှာ (၂၇၃ မှ ၂၉၆) အထိ ဖော်ပြထားသောစာကို ကူးယူတင်ပြခြင်းဖြစ်သည်။ ထိုစာမျက်နှာများရှိ "ရွှေဘိုမြို့မှ ထင်ရှားသောစေတီပုထိုးများ" ကဏ္ဍပါဘုရား (၂၇) ဆူအကြောင်းရပ်တို့မှာ ကျွန်မတာဝန်ယူပြီးရေးသော ကဏ္ဍဖြစ်ပါသည်။

ॐ ॐ ॐ ॐ ॐ

(၁၂)

## ရတနာသိဃ်မြို့တော်သိမ်း အခမ်းအနားနှင့် လောကနတ်သံ

ရွှေချက်သိုစေတီကြီးကို ထီးတော်တင်ပြီးစီးအောင်မြင်လေပြီ။ အလောင်းမင်းတရားကြီးသည် မနှစ်က စတင်တည်ဆောက်သော စံနန်းတော်လည်း ပြီးစီးပြီဖြစ်သောကြောင့် ထီးဆောင်းမင်္ဂလာဥကင်သ၊ သဘင်ဖွင့်ပြီး ရာဇပလ္လင်တက်တော်မူသည်။ ထိုအခါနန်းမလေ့အစဉ်အလာအတိုင်း မိဖုရားခေါင်ကြီးနှင့်အတူ ပလ္လင်ပေါ်တွင်ထိုင်တော်မူပါသည်။

ဤတွင်မှတ်သားထိုက်သောအချက်တစ်ခုမှာ –

အလောင်းမင်းတရားကြီးသည် (၁၁၁၄) ခု (၁၇၅၂ A.D )နှစ်ကပင် မင်းအဖြစ်ကိုယူတော်မူပြီးဖြစ်စေကာမူ နှစ်နှစ်ကျော်ကြာပြီး ၁၁၁၆ ခုနှစ်၊ နတ်တော်လပြည့်ရောက်မှ ရာဇဘိသေက ခံယူတော်မူခြင်းဖြစ်သည်။

ဆိုလိုသည်မှာထီးဆောင်းမင်းအဖြစ် ရာဇပလ္လင်ကိုအရင်တလိုရယူလိုခြင်းမရှိသော မင်းတရားကြီး၏ စိတ်နှလုံးတော်ကိုရည်ညွှန်းလိုခြင်းဖြစ်သည်။

ထိုနေ့နှင့်တစ်ဆက်တည်းပင် မြို့တော်သိမ်းပွဲပါ ဆင်နွှဲကျင်းပသည်။ သက္ကရာဇ် (၁၁၁၆) ခုနှစ်၊ (ခရစ်နှစ် ၁၇၅၂) နတ်တော်လပြည့်နေ့၊ သောကြာနေ့ဖြစ်သည်။ ထိုမြို့တော်သိမ်းအခမ်းအနားတွင် ရှေးထုံးစဉ်လာမပျက် တပ်ဝင်းခင်းကျင်း၍ စည်တော်အစုံ အတီးအကပါမင်းတရားကြီးကိုယ်တော်တိုင်မြို့တော်ကို လက်ျာရစ်လှည့်ခြင်းဖြစ်ပါသည်။ ပြည်ရွှေဘိုတွင် ရှေးအဆက်ဆက် ဘယ်အခါကမျှ မကြုံဖူးသောကိုယ်တွေ့မျက်မြင်ဖူးမြော်ခွင့်ရသော နန်းသိမ်းပွဲကြီးဖြစ်လေသည်။

အလောင်းမင်းတရားကြီး၏ ဘုန်းလက်ရုံးအားဖြင့် တတိယမြန်မာနိုင်ငံတော်ကြီးတည်ထောင်မှုခြင်း အထိမ်းအမှတ် နေ့ထူးနေ့မြတ်ဖြစ်လေသည်။ မြို့တော်သိမ်းအခမ်းအနားနှင့်ပတ်သက်ဆက်စပ်၍ ရှာဖွေသိရှိရသော သမိုင်းအလှတစ်ကွက်ကိုဖော်ပြပါမည်။

ထိုနေ့တွင် အလောင်းမင်းတရားကြီးသည် ဆင်ပေါ်တွင်သဉ္ဇာလီဖြင့်စမ္ပာယ်ပြီးလိုက်ပါသည်။ (သဉ္ဇာလီမှာ၊ လက်တင်နှင့် နောက်မှီပါသောကုလားထိုင်ဖြစ်သည်။ ) ထိုသဉ္ဇာလီ၏နောက်မှီတွင် လောကနတ်ရုပ်တုတပ်ဆင်ပါရှိသည်။ လောကနတ်ရုပ်ဆိုသည်မှာ သာမန်ပန်းပုရုပ်မည်ကာမတ္တမဟုတ်ပါ။ နန်းသုံးတော်ဝင်ရုပ်တုပစ္စည်းဖြစ်သလို ကျယ်ဝန်းနက်နဲသောအဓိပ္ပာယ်ကိုလည်းဆောင်ပါသည်။

ကျွန်မတို့မြန်မာဗုဒ္ဓဘာသာဝင်များကြားနေကျ နားယဉ်ပြီးဖြစ်သော သိကြားမင်း၏ လက်သုံးတော်ကြီးများဖြစ်သော ကုဝေရနတ်၊ ဝိသကြုံနတ်၊ မာတလိ၊ ပဉ္စသိခ်နတ်စသဖြင့်ရှိကြသည်။

စစ်မှုရေးရာတွင် ကုဝေရနတ်မင်းကိုတာဝန်ပေးသလို အတီးအဆိုဘက်တွင် ပဉ္စသိခ်နတ်သားကိုဆောင်ရွက်စေသည်။ အခြားထမ်း

ရွက်စရာကိစ္စများပေါ် လာလျှင် မာတလိနတ်သားနှင့် ဝိသကြုံနတ်သား တို့ကိုစေပါးသည်။

လောကနတ်သည်ကား ငြိမ်းချမ်းသာယာရေးကိုလိုလားသော ပျော်ပျော်ပါးပါးနေလေ့ရှိသည့် နတ်တစ်ပါးပင်။ ဤသည့်နတ်များမှာ သူတစ်ပါးအား ဆိုးကျိုးရောက်အောင်ဖန်တီးတတ်သော နတ်အမျိုးအစားမဟုတ်။ နတ်ကောင်း နတ်မြတ်စာရင်းဝင်များဖြစ်သည်။

ဗုဒ္ဓဘုရားလောင်း ဒုက္ကရစရိယာကျင့်တော်မူစဉ်သိကြားမင်းက ဘုရားလောင်းအပါးသို့ ချဉ်းကပ်ခွင့်ရအောင်ပဥ္စသိခ်နတ်သားက စောင်းတီးပြီး သီချင်းဆိုပြရသည်။ လောကနတ် (ပါဠိ = လောကနာထ = လောကကိုစောင့်ရှောက်ခြင်း ) သည်လောကကြီး ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်ရသောနတ်ဖြစ်ပါသည်။ ထိုနတ်သားနှစ်ပါးမှာ ရည်ရွယ်ချက်ချင်းခြားနားသလို ကောင်းကျိုးဖြစ်ထွန်းစေနိုင်သည် မှာလည်း တစ်နည်းတစ်ဖုံစီ ကွဲပြားသည်။

ပဥ္စသိခ်နတ် သိကြားမင်း စေပါးလိုက်သည့်အတိုင်း ဘုရားလောင်း ဒုက္ကရစရိယာကျင့်မူစဉ် စောင်းတီးပြီး သီချင်းဆိုပြသောအခါ သူသီဆိုသောသီချင်းမှာ သူစုံမက်နှစ်သက်သော သူရိယဝစ္ဆသာ နတ်သမီးအကြောင်းဖွဲ့ဆိုသော သီချင်းဖြစ်လေသည်။ ထို့ကြောင့် ပဥ္စသိခ်သည်အတီးကောင်း အဆိုကောင်းနတ်ဖြစ်သည်။

လောကနတ်မူကား အတီးအဆိုတွင်မျှမက အကပါကောင်း သောနတ်ဖြစ်သည်။ သူ့မှာပါးစပ်ကလည်းဆိုရ၊ လက်နှစ်ဖက်ကလည်း ကနေရသောကြောင့် လက်မအားပါ။ ထို့ကြောင့် အတီးတူရိယာ ဖြစ်သော စည်းဆုပ်ကို ခြေဖဝါးနှစ်ဖက်မှာညှပ်ပြီး တီးနေရသည်။

ဤလောကနတ်ပုံကို မြန်မာ့ရုပ်သံလွှင့်အစီအစဉ် သီချင်းကြီးကဏ္ဍမှာ ဖြစ်စေ၊ တစ်ဆယ်ကျပ်တန် စာပို့တံဆိပ်ခေါင်းပေါ်မှာဖြစ်စေ မြင်တွေ့နိုင်ကြပါ၏။

လောကနတ် ဤသို့ဆိုရ၊ ကရ၊ တီးရသည့်အကြောင်း ဖော်ပြပါမည်။ (လူငယ်ထုအတွက်ပါ။)

ရှေးရှေးတုန်းက လောကနတ်သားသည် ထက်ကောင်းကင်တိမ်တိုက်ကြားတွင် ပျော်ရွှင်စွာသီဆို ကခုန်နေသည်။ ဤအချိန်တွင် ဟိမဝန္တာမှ တက်လာသောဆင်ပျံကြီးတစ်စီးနှင့် ခြင်္သေ့ကြီးတစ်စီးသည် မရှေးမနှောင်းတက်ရောက်လာကြလေ၏။ တိမ်ညွန့်စားဖို့တက်လာကြခြင်းဖြစ်သည်။ ယင်းတို့သည် သူစားကျက်၊ ကိုယ့်စားကျက်ဟူ၍ နယ်လုရင်းတိုက်မည်၊ ခိုက်မည် မာန်သွင်းနေကြသည်။ အလျှော့ပေးကြမည့်ပုံမရှိ၊ ဒေါသကို ဒေါသဖြင့်တုံ့ပြန်ပြီး အသေအကျေလုပ်ကြမည့်တိုက်ပွဲဖြစ်ပေသည်။

ယင်းတို့ တိုက်ပွဲကိုလှမ်းမြင်နေရသော လောကနတ်သည် များစွာစိုးရိမ်ပူပန်သွားသည်။ အလွန်အလွန်ရှားပါးပြီး ကြုံတောင့်ကြုံခဲဖြစ်ထွန်းလာသော သတ္တဝါမျိုးဖြစ်သောကြောင့် ယင်းတို့သေကျေပျက်စီးကြမည်ကို မမြင်ချင်ပါ၊ အစားတစ်လုတ်အတွက် ဒုက္ခမဖြစ်စေချင်ပါ။ သည်အတိုင်းကြည့်နေလို့တော့မဖြစ်ပြီ။ တတ်နိုင်သမျှ ရန်အေးအောင်ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် နှုတ်မှ သီချင်းဆို၊ လက်နှစ်ဖက်က က၊ ခြေကြားမှာ စီးဆုပ်ကို ညှပ်ပြီး တီးလိုက်သည်။ ဤတွင် သဲသဲမဲမဲတိုက်နေကြသော ဆင်ပျံနှင့် ခြင်္သေ့ကြီးတို့သည် သာယာနာပျော်ဖွယ်သီချင်းသံနှင့်

ကြည့်လို့ကောင်းသော အကဟန်ကိုကြားမြင်ရပြီး ရုတ်တရက် အာရုံပြောင်းသွားကြသည်။ ယင်းတို့နှစ်သားသည် အကြားနှင့် အမြင်ကိုနှစ်သက်သောစိတ်ဖြင့် အရသာတွေ့သလိုဖြစ်နေကြသည်။ မကြာခင်ပင် မိမိတို့ဒေါသကို ထိန်းသိမ်းနိုင်သောအခြေအနေရကြပြီး အေးချမ်းစွာ ခွဲခွာသွားကြလေတော့သည်။ သာယာကြည်မွေ့ဖွယ် ဖြစ်သော တူရိယာသံကို လူများနှစ်သက်ကြသလို တိရစ္ဆာန်များသည် လည်း လက်ခံတတ်ကြောင်း သတိပြုမိကြပါလိမ့်မည်။

ဤဖြစ်ရပ်ကို အကြောင်းပြုပြီး ရန်အေးခြင်း၊ ငြိမ်းချမ်းခြင်းကို အတိတ်ဆောင်သော လောကနတ်ရုပ်ကို အမြတ်တနိုးထားကာ၊ ရှေးမင်းအဆက်ဆက်တို့ နှစ်သက်စွာနန်းတော်တွင် နေရာကောင်းဖြင့် ထားလေ့ရှိကြပါသည်။ ယင်းနန်းဓလေ့အတိုင်းပင် ကျင့်သုံးလိုသော မင်းတရားကြီးသည် မြို့တော်သိမ်းပွဲတွင်ပင် ငြိမ်းချမ်းခြင်းကို လိုလား ကြောင်း ပြသရာရောက်ပေသည်။

နန်းသိမ်းပွဲနေ့တွင်ပင် သက်ဆိုင်ရာ သုခုမသဘင်ပညာရှင် တို့က စပ်ဆိုသော လောကနတ်သံအဖွဲ့ကို မူလသတ်ပုံအတိုင်းဖော်ပြ လိုက်ပါသည်။

" လောကနတ်သံ "

သောင်းလုံးမြေယံ၊ ကျံကျံငယ်ကြွေးရင်၊ တော်ကြီးရယ်သာ တင့်နှိုး။ နတ်ပေါင်းကြေညာ၊ အင်္ဂါငါးမည်၊ တုလောင်းငယ်တံ ရှည်နှိုး။ ယမုံသီတာအဟုန်ချီကာ၊ ပင်လယ်အဏ္ဏဝါဖြိုး။ မြန်ခန်းထွက်စိုး၊ ရွှေဦးသျှောင်၊ ကုန်းဘောင်ဖြူဝန်းမိုး။ ညွတ်ကျိုးဆင်ကာလေတည့်၊ ရှိခိုးမြတ်ဆယ်ဖြာ။ စကြာတော်

လျှင်ကြောင်းရေး၊ သံသာလေချိုကျူးတေး။ ဘွဲ့ရေးကုန်နိုင်
ပါလေတည့်မှ၊ ရွှေနန်းရွှေညီလာ။ ရေဖျန်းဘွဲ့သီဟာ။

ကျွန်မသည် ဤလောကနတ်သံ အဖွဲ့စာသားများကို သိမြင်သမျှ၊ နားလည်သမျှဖြင့်ပင် နှစ်သက်လှပါသည်။ အထူးသဖြင့် "ကုန်းဘောင်ဖြူဝန်းမိုး"ဟူသော စကားလုံးကို အလွန်လှသောအဖွဲ့ဟု ခံစားမိပါသည်။ အနက်အဓိပ္ပာယ်မှာ နက်နက်ရှိုင်းရှိုင်းတာသွားလှသည်ဟူ၍ကျေနပ်လှသည်။ ရေးဖွဲ့စပ်ဆိုသူ၏အမည်ကိုရှာ၍မတွေ့သေးပါ။ ယနေ့ခေတ်လူငယ်တို့တွင်ဆိုခဲ့သော ပဌသိခ်၊ လောကနတ်ဆိုသည်တို့အား ဒဏ္ဍာရီပုံပြင်မျှသာဟူ၍ သဘောထားသူတို့ရှိကောင်းရှိပါလိမ့်မည်။

စင်စစ် ဤအယူအဆများသည် မြန်မာဗုဒ္ဓဘာသာဝင်တို့ယုံကြည်ကိုးကွယ်ကြသော မဟာဗုဒ္ဓဝင်၊ မဟာရာဇဝင်ဆိုင်ရာ သိသင့်သိထိုက်သော အကြောင်းအရာများချည်းဖြစ်ပေသည်။ ကမ္ဘာ့နိုင်ငံများမှာလည်း ဒဏ္ဍာရီဆန်သော သမိုင်းကြောင်းရှိကြသည်ချည်းပင်။ သူတို့အယူအဆနှင့်၊ သူတို့သမိုင်းနှင့် အသီးသီးရှိကြစမြဲဖြစ်ပါသည်။

လောကနတ်မသော မြန်မာတို့ရိုးရာယဉ်ကျေးမှုများကို ယနေ့နိုင်ငံတော်အစိုးရသည် မပျောက်ပျက် မတိမ်ကောစေရန် အရပ်ရပ်၌ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်းမှာ ပြည်သူအများ ကိုယ်တွေ့မျက်မြင်ရှိကြပြီးဟု ယုံကြည်ပါသည်။

ॐ ॐ ॐ ॐ ॐ

# (၁၃)
## ဒဂုန်မြို့ဟောင်းမှ ရန်ကုန်သို့

အလောင်းမင်းတရားကြီးသည် မြို့တော်သိမ်းပွဲပြီးသည့်နောက်
မင်းအဖြစ်တွင် စည်းစိမ်တော်ယစ်မူးလျက်စံတော်မမူအားသေးပါ။
စစ်ရေးစစ်မက် ဆက်လက်ရန် ခရီးအများကြီးကျန်ပါသေးသည်။

(၁၁၁၆) တပို့တွဲလ (ခရစ်နှစ် ၁၇၅၃) ဆန်း တစ်ရက်နေ့တွင်
ကျောက်မြောင်းမြို့မှတစ်ဆင့် ရေကြောင်းဖြင့် အောက်ပြည်သို့ချီတက်
တော်မူသည်။ အင်းဝမြို့တွင် (၅) ရက်ခန့် စံတော်မူပြီး ဆက်လက်
စုန်ဆင်းသည်။ မင်းတရားကြီးကိုယ်တော်တိုင် တပ်တော်ကြီးနှင့်
ချီလာပြီကို ကြားသိနှင့်သော ပြည်မြို့ရှိ မွန်တပ်ကြီးသည် အမြန်ပင်
တပ်ဖြုတ်ပြီး ဆုတ်ခွာသွားလေ၏။ ယင်းတို့၏ ထားရစ်ခဲ့ကြသော
လက်နက်ရိက္ခာအများအပြားရလိုက်သောကြောင့် မြန်မာတပ်မှာ
အင်အားတိုးသည်ထက်တိုးပွားလာသည်။ ပြည်မြို့ကိုသိမ်းပိုက်ပြီး
သော်လည်း တပ်မတော်မနားသာသေးချေ။ ဟံသာဝတီသို့ တိုင်အောင်
ချီတက်ရပေဦးမည်။

ထို့နောက် တပေါင်းလပြည့်ကျော် (၇) ရက်နေ့ရောက်သော်
ဂူထွတ်မည်သောလွန်ဆေးမြို့သို့ရောက်သည်။ စတင်စုန်ဆင်းလာ

သည်မှစ၍ ခရီးစဉ်တစ်လျှောက် ရန်သူတပ်များအား အမြန်အောင်မြင်ခဲ့သည်ချည်းဖြစ်သောကြောင့် ယင်းလွန်ဆေးမြို့ကို မြန်အောင်မြို့ဟု သမုတ်တော်မူသည်။ ထိုမြို့ကား ဂူထွက်မှလွန်ဆေး ထို့နောက် မြန်အောင်မြို့ဟူ၍ ပြောင်းလဲခဲ့လေသည်။ ယင်း မြန်အောင်မြို့တွင် မင်းတရားကြီးဆိုက်ရောက်တော်မူနေကြောင်း သတင်းကြားကြသော ထိုဒေသဝန်းကျင်ရှိ မြန်မာမင်းအမှုထမ်းဟောင်းများဖြစ်ကြသော မြို့စား၊ သူကြီး၊ ကလန်တို့ ခိုဝင်လာကြသည်မှာ ဝင်လာမစဲဖြစ်နေခြင်းကြောင့် သစ္စာပေးနေရခြင်း၊ တပ်မတော်အနားရပြီး အားပြည့်စေရန်တစ်ကြောင်း တစ်လခန့်ကြာမျှ နားနေတော်မူသည်။

ထို့နောက် ဆက်လက်စုန်ဆင်းခဲ့ရာ (၁၁၁၇) ခုနှစ်၊ ကဆုန်လအတွင်း ဓနုဖြူသို့ ဆိုက်ရောက်ကြသည်။ မင်းတရားကြီးကား တပ်မတော်ကိုအနားပေးချိန်တွင် နားစေသော်လည်း စစ်ရေးအလျင်စလိုရှိသောအခါ တက်သုတ်ရိုက်နှင်စေသည်။

ဓနုဖြူသို့ တပ်မတော်ဆိုက်ရောက်သည့်အချိန်ကား နေဝင်၊ မိုးချုပ်ဖြစ်သည်။ ရေကြောင်းတပ်ကြီးဖြစ်သောကြောင့် ရဲလှေ၊ ဆွဲလှေ၊ ဝန်တင်လှေမှစပြီး အလွန်များလှ၍ မြစ်လုံးပြည့်မျှ ပမာဏရှိသည်။ အင်အားများသည်နှင့်အမျှ စစ်သည်တို့ ကိုယ်လက်ပင်ပန်းကြရသည်။ ယင်းသည့်အတွေ့အမြင်ကို နောက်တော်ပါ "စာဆိုတော် စိန္တကျော်သူ" က ရတုပိုဒ်စုံရေးသားထားရာ ပထမ နှစ်ပိုဒ်ကို ဖော်ပြပါမည်။

"ဓနုဖြူတွင်၊ ထွက်သိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်၊ စံကွန်း
ထောက်က၊ တောင်မြောက်အုပ်မှိုင်း၊ ရှေ့အတိုင်းလျှင်၊ မှီခိုင်း

ကမ်းယပ်၊ တင်းကျမ်းစပ်မျှ၊ မလပ်ဆိပ်ကမ်း၊ လေပြင်းလှိုင်း
ရိုက်၊ ဝဲဝိုက်ကလိုင်၊ မနိုင်ခိုင်းမက်၊ ပဲ့တက်မစား၊ ထိုးဝါးမမီ၊
ခတ်ချီမပါ၊ ရေကြီးရာတွင်၊ ရှပ်လာလှေချင်း၊ ဦးသွင်းပဲ့ဆုတ်၊
ချိတ်ကုတ်မမြဲ၊ ရေထဲကူသန်း၊ မြုပ်မွမ်းစုတ်ဖွား၊ ကြိုးဖျားငင်နှဲ့၊
ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းသံခိုင်း၍၊ လှေတိုင်းပဲ့ပန်း၊ စခန်းမလှ၊
ဆိုက်ကြရသည်။ ။ ချုပ်ညမှိုင်းဝေရီတော့၏။ ။

တစုလူရှင်၊ အတင် တင်တည့်ဘယ်တွင်မလပ်၊ လှေချင်းကြပ်
၍၊ ကမ်းရပ်မှီတွဲ၊ ဆိုဆဲမနာ၊ ညစာဝေးလံ၊ မြစ်ယံကမ်းမှေး၊
ရွှံ့စေးထူထပ်၊ မြေလပ်ကုန်းခင်၊ မမြင်မြောက်တောင်၊
ညဥ့်မှောင်ရီနက်၊ ဗိုလ်ရဲ မက်တို့၊ စိတ်စက်ကွဲပြို၊ ရှိသည်ကို
လည်း၊ တိမ်ညိုရှက်စေ့၊ မိုးလုံး ဝေ့၍၊ ညဥ့်နေ မစဲ၊ ဖြန့်ကြဲဆွတ်
ရွှမ်း၊ အလွမ်းရှိဟောင်း၊ အချမ်း လောင်းခဲ့၊ သိန်းသောင်း လူမျိုး၊
မရွှင်ညိုးသည်။ ။ အောက်မိုးအောက်လေပီတော့၏။ ။

(ထွက်သိုက်ဝင်လျှင် = သိုက်စာဝင် မင်းတရားရောက်လျှင်)

မနေ့ဖြူတွင်ရက်အနည်းငယ်နားနေပြီး နောက်စခန်းကား၊
ဒဂုန်မြို့ဟောင်းဖြစ်သည်။ ဟံသာဝတီနှင့် နီးကပ်လှပြီဖြစ်၍ အရေး
ကြီးသောဒေသဖြစ်ပါသည်။ ရန်သူဌာနီဟံသာဝတီသို့ ချဉ်းကပ်လာ
ပေပြီ။

"ဒဂုန်မြို့ဟောင်းရာတောဖြစ်၍၊ ရှိသည်ကို၊ မြို့သစ်တည်
လောက်အောင်၊ တောချုံအိုင်အင်းကုန်းကျင်းရှိသည်များ၊
ရှင်းလင်းတူးဖို့စေ၍သက္ကရာဇ် (၁၁၁၇)၊ ကဆုန်လပြည့်ကျော်
ခုနှစ်ရက်နေ့တွင်၊ တာဝန်းတထောင့်တရာတဆယ့်ကိုးတာရှိ

သောမြို့သစ်ကို၊ ကျူးမြောင်းတံခါး စသောမြို့အင်္ဂါပြည့်စုံအောင်တည်လုပ်တော်မူသည်။ ရန်သူတော်တို့ကို၊ သည်တွင်ကုန်အောင်လုပ်ကြံတော်မူမည်အမိန့်တော်ရှိ၍ ရန်ကုန်ဟုသမုတ်တော်မူ၏။

(ကုန်းဘောင်ဆက်ရာဇဝင်ပထမတွဲမှ )

အလောင်းမင်းတရားကြီးက ဒဂုန်မြို့မှရန်ကုန်မြို့ဟု ပြောင်းလဲသမုတ်တော်မူသည်မှာ ယခုဆိုလျှင်နှစ်ပေါင်း (၂၄၅) နှစ်ရှိပါပြီ။

ယနေ့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြို့တော်အဖြစ်ကမ္ဘာ့အလယ်မှာ တင့်တယ်နေချေပြီ။

ရန်ကုန်မြို့တွင်စစ်ဌာနချုပ်ဖွင့်ပြီးစံနေတော်ရင်း၊ သန်လျင်မြို့အားအောင်တော်မူသည်။ သန်လျင်တိုက်ပွဲကားအလွယ်တကူရသည်မဟုတ်ပါ။ ရွှေဘိုသားလက်ရွေးစင်သူရဲကောင်း (၉၈) ဦး၊ ကြိုးကြပ်ကွပ်ကဲလျက် အပြင်းအထန်တိုက်ယူရသော တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင်မုဆိုးချုံဗိုလ်ထွန်းသည် ရန်သူ တို့သင်္ဘောကို နောက်ဖက်လှည့်ပြီး ကျောက်ဆူးကြိုးကိုတွယ်တက်ကာ ကျောဘက်မှ ဓားဖြင့်တရကြမ်းဝင်မွှေ့သောအကြောင်း၊ သူ့ဘက် ကိုယ့်ဘက်မှပြောမဆုံးအောင်ရှိကြသည်ဟူ၏။

သန်လျင်မြို့ကျကြောင်း ဟံသာဝတီပဲခိုးမင်း ကြားသိလျှင်မြို့တော်ကို ဆတက်ထမ်းပိုး လုံခြုံအောင် စီမံလျက်ရှိလေ၏။

ॐ ॐ ॐ ॐ ॐ

## (၁၄)

## အလောင်းမင်းတရားနှင့် ဟိုင်းကြီးကျွန်း

ဟိုင်းကြီးကျွန်းဆိုသည်နှင့် ကျွန်မတို့မြန်မာပြည်သူတို့သည် မျက်နှာကိုပင့်၊ နားကိုစွင့်လိုက်မည်ထင်ပါ၏။ ကုန်းဘောင်ဆက် ပြည်တည်ဦးကပင် အလောင်းမင်းတရားကြီးသည် တိုင်းတစ်ပါးသား အင်္ဂလိပ်၊ ပြင်သစ်စသည်တို့နှင့် ပတ်သက်ဆက်နွှယ်ခဲ့ရလေသည်။

အင်္ဂလိပ်တို့သည် ခရစ်သက္ကရာဇ် ၁၆၉၀ ခုနှစ်ခန့်ကစပြီးလျှင် ဟိုင်းကြီးကျွန်းပေါ်မှာ ခြေချ၍ တည်းခိုစပြုလာကြသည်။ ဤကျွန်းသည် မြန်မာမင်းတို့ပိုင်နက်တွင်ရှိပြီးဖြစ်စေကာ ဘယ်သူမှအရေးတယူ မရှိကြသေးချေ။ ထို့နောက် အနှစ် (၅၀) ခန့်ကြာသော ခရစ်နှစ် ၁၇၄၀ ခုနှစ်လောက်အရောက်မှာကား၊ အဂိလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် ထိုကျွန်းတွင် အဆောက်အဦနှင့်တကွ အခြေချနေကြလေပြီ။

ဟိုင်းကြီးကျွန်း၏ တည်နေရာမှာ ပုသိမ်မြစ်ဝ၊ အိန္ဒိယမဒရပ်၊ ရခိုင်ကမ်းရိုးတို့ဖြင့်မဝေးလွန်း မနီးလွန်းဖြစ်သောကြောင့် အဆက် အသွယ်ရနိုင်သည့် အကွက်အကွင်းကျသည့်နေရာကောင်းဖြစ်ပါ သည်။ ပြစ်သစ်အရှေ့အိန္ဒိယကုမ္ပဏီက ရှိသေးသည်။ ထို ပြင်သစ် တို့ကား အိန္ဒိယနိုင်ငံ ပွန်ဒီချယ်ရီမြို့ ( PONDICHERRY) တွင်ဌာနချုပ်

ဖွင့်ထားပြီး အနီးဝန်းကျင်တစ်ဝိုက်တွင် ခြေကုပ်စခန်းရရန် လုံးပန်းနေသောကာလဖြစ်သည်။

စင်စစ်မူ ယင်းတို့နှစ်ဦးစလုံးပင် အာရှတိုက်အရှေ့ပိုင်းတွင် လက်အောက်ခံတိုင်းပြည်ထူထောင်ရန် အပြိုင်အဆိုင်အကွက်ချောင်းနေကြခြင်းဖြစ်၏။ မြန်မာတို့က ယင်းတို့အား သင်္ဘောကုမ္ပဏီ ဟုအလွယ်တကူသုံးနှုန်းခေါ်ကြသည်။ သင်္ဘောဖြင့်လာရောက်ရောင်းဝယ်ကြသောကြောင့်ဖြစ်နိုင်ပါသည်။ ထိုတိုင်းတစ်ပါးသားတို့အမြင်၌ –

ထို သည့်ကာလတွင် မြန်မာနိုင်ငံမှာ ပြည်အရေးရှုပ်ထွေးလျက်ရှိသည်။ အင်းဝရှိ မြန်မာမင်းအစိုးရအာဏာစက် လျော့လျဲအားပျော့လာသည်။ တစ်နယ်တစ်မင်းဆိုသလို အကွဲကွဲဖြစ်နေသည်။ ပဲကူး ဟံသာဝတီ မွန်မင်းက အင်းဝဘုရင်ကို တိုက်ခိုက်သိမ်းယူသည်။ ထို့နောက် ရွှေဘိုနယ်မှ ဦးအောင်ဇေယျဆိုသူက မွန်တို့ကိုလက်နက်မချဘဲ၊ ကြံ့ကြံ့ခံနေသည်။ ယင်းတို့က အကဲခတ်နေစဉ်တွင်ပင် ဦးအောင်ဇေယျအဖွဲ့မှာ အံ့သြစရာကောင်းလောက်အောင် အောင်မြင်မှုများရလာပြီးကာ မြို့တော်အင်းဝကိုပင် မွန်တို့၏လက်မှပြန်လည်သိမ်းယူနိုင်လေသည်။ များမကြာခင် အလောင်းမင်းတရားကြီးအမည်ဖြင့် ဘုရင်ဖြစ်လာသည်ကိုတွေ့ကြရသည်။

ထိုအချိန် ထိုကာလမှာ ဟံသာဝတီမှ မွန်ဘုရင်နှင့် အင်းဝ၊ ရွှေဘိုမှ မြန်မာဘုရင်တို့ အရေးတကြီးအလျင်အမြန်လိုချင်ကြသည်မှာ ခဲယမ်းမီးကျောက်သေနတ်၊ စိန်ပြောင်းတို့ဖြစ်လေသည်။ ထိုအခါ စစ်လက်နက်ရောင်းနိုင်သော ယင်းတို့သင်္ဘောကုမ္ပဏီများသို့ မွန်နှင့် မြန်မာတို့က ဆက်သွယ်သည်။

ထိုအခြေအနေကို ကောင်းကောင်းအသုံးချပြီး ယင်း လူမျိုးခြားကုမ္ပဏီများက အမြတ်ထုတ်ချင်ကြသည်။ သူတို့သည် မွန်နှင့်လည်းကောင်း၊ မြန်မာမင်းအလောင်းမင်းတရားနှင့်လည်းကောင်း၊ လက်နက်အနည်းအပါးရောင်းမည်။ အမြတ်အစွန်းရမည်။ နောက်တစ်ဆင့် နိုင်ချေရှိသူကို သင့်အောင်ပေါင်းမည်။ အားနည်းပုံရှိသူကို ဥပါယ်တံမျဉ်ဖြင့်ဆုတ်သာ၊ တက်သာလုပ်ထားမည်။ စင်စစ်အမှန်မှာကား “သူလူ – ကိုယ့်ဘက်သား” ယောင်ဆောင်ကာ ကိုယ်ကျိုးရှာမည့် အကြံဖြစ်ချေသည်။

အလောင်းမင်းတရားကြီး ရန်ကုန်မြို့တွင်စံနေပြီး၊ သန်လျင်ကိုလုပ်ကြံနေစဉ် အင်္ဂလိပ်တို့ကိုလည်းကောင်း၊ ပြင်သစ်တို့ကိုလည်းကောင်း၊ စစ်လက်နက်ဝယ်လိုကြောင်းဖြင့် စာသဝဏ်အချို့ သက်ဆိုင်ရာအကြီးအကဲများထံသို့ တရားဝင်ပေးပို့ခဲ့လေသည်။

မြန်မာက လက်နက်ဝယ်လိုသည်။ ယင်းတိုကိုလည်းရောင်းဝယ်ရေးနှင့် နေထိုင်ခွင့်သင့်တင့်အောင်ခွင့်ပြုမည်ဟူ၍ ရိုးရိုး သားသားအကြောင်းကြားခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၁၈ ခု၊ ခရစ်နှစ် ၁၇၅၆ ခု၊ ကဆုန်လအတွင်း မင်းတရားကြီးက အင်္ဂလိပ်နှင့် ပြင်သစ်တို့ထံ စာသဝဏ် (၄) စောင်ပေးပို့ခဲ့ကြောင်း တွေ့ရပါသည်။ ၎င်းစာတို့မှာ –

၁။ အင်္ဂလန်ပြည့်ရှင် ဒုတိယမြောက်ဂျော့ဘုရင်သို့တစ်စောင်၊

၂။ အင်္ဂလန်ပြည်အရှေ့အိန္ဒိယကုမ္ပဏီသို့ တစ်စောင်၊

၃။ အိန္ဒိယပြည် မဒရပ်မြို့စားထံသို့ တစ်စောင်၊

၄။ အိန္ဒိယပြည် ပွန်ဒီချယ်ရီမြို့ရှိ ပြင်သစ်ကုမ္ပဏီသို့ တစ်စောင်၊

ပြင်သစ်တို့ထံ ပေးစာမှာ ၁၁၂၁ ခုနှစ်တွင်ဖြစ်ပါသည်။

ယင်းစာများအနက် ဒုတိယမြောက်ဂျော့ဘုရင်ထံသို့ပေးပို့သော သဝဏ်လွှာတစ်စောင်ကို ဖော်ပြပါမည်။ ယင်းသည့် စာသဝဏ်ကိုမဖော်ပြခင် ရှေ့ကဖြစ်ခဲ့သောအကြောင်းရပ်ကို ဦးစွာဖော်ပြရန်လိုအပ်ပါသည်။

မင်းတရားကြီးက အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို ရန်ကုန်၊ ပုသိမ်နှင့် ဟိုင်းကြီးကျွန်းတို့တွင် ရောင်းဝယ်ဖောက်ကားခွင့်နှင့် နေထိုင်ခွင့်သင့်တော်သလောက်ခွင့်ပြုပြီးဖြစ်သည်။

သက္ကရာဇ် ၁၁၁၇ ခုနှစ် ကဆုန်လတွင်ဖြစ်ပွားသော မြန်မာနှင့် မွန်စစ်ပွဲတွင် မြန်မာတို့က မွန်တပ်သားအချို့အား သုံ့ပန်းအဖြစ်ဖမ်းယူရရှိသည်။ ယင်း မွန်သုံ့ပန်းတို့ထံမှ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်များ၏ လုပ်ရပ်တချို့ကို ခိုင်ခိုင်လုံလုံသိရသည်။

အလောင်းမင်းတရားကြီး၏ ခွင့်ပြုချက်ဖြင့် ဟိုင်းကြီးကျွန်းတွင် မကြာခင်ကမှ နေထိုင်ခွင့်ရရှိကြသော အင်္ဂလိပ်တို့သည် ယခုအခါ မွန်တို့ဘက်သို့ လက်နက်များတိတ်တဆိတ် ထောက်ပံ့ကူညီနေကြောင်း မွန်သုံ့ပန်းတို့က ဖွင့်ဟဝန်ခံကြသည်။ အင်္ဂလိပ်ကုမ္ပဏီက သို့လျှင် ရန်သူအားပေးလုပ်နေခြင်းကား မင်းတရားကြီးသိတော်မူသောအခါ –

“ကောင်ကျစ်လှသည်” ဟုမိန့်တော်မူပြီး မိမိတပ်မှလက်ရွေးကောင်း “မင်းရဲကောင်းပုံ” ခေါင်းဆောင်သော ရဲမက်အချို့အား

ဟိုင်းကြီးကျွန်းသို့ စေလွှတ်လိုက်လေသည်။ အင်္ဂလိပ်တို့၏ စခန်းကို ချေမှုန်းရန်သွားကြသောအဖွဲ့သည် ထင်ရှားသိသာလွယ်အောင်သွားကြရခြင်းမဟုတ်။ လူအင်အားသုံးသည်လည်းမဟုတ်ပါ။ အနည်းငယ်မျှသာကျွန်းပေါ်သို့တက်ရောက်ကြသည်။ ယင်းတို့ နှစ်သက်သောဆင်စွယ်များ၊ ကြုံ့ချို့များ၊ ပျားရည်ကျည်တောက်များဖြင့် ကုန်ရောင်းလာသူအသွင်ဖြင့်သွားကြသည်။ ကျွန်းပေါ်သို့ရောက်လေသော် –

မြန်မာရဲမက်များသည် ယင်းတို့အားတရကြမ်းသတ်ဖြတ်ကြရာ အင်္ဂလိပ်တို့အများကျဆုံးသည်။ ယင်းတို့ပိုင် ပစ္စည်းများကိုလည်း မီးရှို့ဖျက်ဆီးကြလေ၏။ အသက်လွတ်သူအနည်းငယ်မျှသာကျန်ရှိပြီး သင်္ဘောဖြင့်ထွက်ပြေးကြလေသည်။ (အထက်တွင်ဆိုသော “မင်းရဲကောင်းပုံ” ဘွဲ့ရသူအရာထမ်းမှာ လူမျိုးခြား အာမေနီယန် တစ်ဦးဖြစ်သည်ဟု ဒေါ်တင်တင်မေ (ဦးမောင်မောင်တင်၏သမီး) ၏ မှတ်စုတွင်တွေ့ရပါသည်။

သို့ ဟိုင်းကြီးကျွန်းတွင် ယင်းတို့စခန်းအား ချေမှုန်းဖျက်ဆီးခြင်းခံရပြီး နောက်တစ်နှစ်ခန့်ကြာသောအခါ အင်္ဂလိပ်ကုမ္ပဏီသည် ကျွန်းပေါ်သို့ပြန်လည်စခန်းချနေကြပြန်သည်။ အလောင်းမင်းတရားထံသို့လည်း လက်ဆောင်ပဏ္ဏာများတင်ဆက်ရန် သံအဖွဲ့တစ်ဖွဲ့ လာရောက်ကြသည်။ မင်းတရားကြီး မိုးတွင်းကာလရောက်ပြီဖြစ်၍ နေပြည်တော်ရွှေဘိုသို့ ပြန်လည်စံနေသည့်အခိုက်တွင် ယင်းတို့သံအဖွဲ့ ရွှေဘိုအထိလိုက်လာပြီး အလိုရှိသည်များအခွင့်တောင်းခံပြန်သည်။ ဟိုင်းကြီးကျွန်းနေကုမ္ပဏီ၏အကြီးအအုပ်ဖြစ်သူ “မည်စလီပရုပ်” ဦးဆောင်ခံစားဝင်သည်။

မင်းတရားကြီးက ယင်းတို့တောင်းခံသမျှအရေးတို့ကိုအလုံးစုံ ပေးတော်မမူပါ။ အသင့်အတန်မျှသာခွင့်ပြုသည်။ အင်္ဂလိပ်သံအဖွဲ့က အလိုတော်ရှိလျှင် သူတို့ကဝင်၍ တိုက်ပေးပါမည်ဟူသော လျှောက်တင်ချက်ကိုလည်း လက်မခံပါ။ "မောင်မင်းတို့ ကတိရှိသည့်အတိုင်း လက်နက်ကိုသာ ဆက်သပါ။ ရန်သူကို နှိမ်နင်းရန် ဘယ်သူ အကူအညီကိုမျှမလို" ဟူ၍ မိန့်တော်မူသည်။ ထိုသံအဖွဲ့သည် ရွှေဘိုမြို့တွင် ရက်နှစ်ပတ်ခန့်နေပြီး ပြန်သွားကြသည်။ လက်နက်များပို့ပေးရန်နှင့် အလောင်းမင်းတရားကြီး၏ခွင့်ပြုသောနေရာတွင် အငြိမ်အဝပ် နေမည့်အကြောင်း ကတိစကားလျှောက်ထားသွားသည်။ မင်းတရားကြီးကလည်း ဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့တွင်ပြန်လည်နေထိုင်ခွင့် ပေးတော်မူသည်။

ထိုကဲ့သို့ ဟိုင်းကြီးကျွန်းတွင် ဒုတိယအကြိမ်စခန်းချခွင့်ပေးပြီးနောက် အင်္ဂလိပ်ဘုရင့်ထံ စာသဝဏ်ပေးပို့ခြင်းဖြစ်သည်။ ဤကား အင်္ဂလိပ်ကုမ္ပဏီနှင့် ဆက်ဆံခြင်း နောက်ခံအကြောင်းဖြစ်သည်။

## အလောင်းမင်းတရားက အင်္ဂလန်ပြည်
## ဒုတိယမြောက်ဂျော့ဘုရင်ထံပေးသော သဝဏ်လွှာ

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သူနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း၊ ကမ္ဘောဇတိုင်း စသော တိုင်းကြီးအပေါင်းတို့၌၊ မြန်မာပြည်၊ ရှမ်းပြည်၊ ယွန်းပြည်၊ ကသည်းပြည်၊ တလိုင်းပြည်၊ ရာဇဋ္ဌာနပြည်ကြီးထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော

ပတ္တမြား၊ ရွှေငွေ၊ ကြေး၊ သံ၊ ပယင်း၊ ရတနာတွင်များသခင်၊ ဆင်ဖြူ ဆင်နီ၊ အရိန္ဒမာစကြာရွှေလှေရ၊ အာဒိစ္စဝံသနေမင်း၏ အဆက်အနွယ်၊ အဆောင်ဆောင်သောရွှေပြာသဒ်သခင်ဖြစ်တော်မူသော၊ ရတနာပူရ အင်းဝရွှေပြည်ကြီးနှင့်တကွ အယုဇ္ဈပူရမည်သော ရတနာကုန်းဘောင် ရွှေပြည်ကြီးကို အစိုးရတော်မူသော အလောင်းမင်းတရားကြီးဘုရား၊ ချစ်ကြည်စွာကြားရောက်အပ်သောဇိနပတ္တံ။ ဘင်္ဂလား၊ ဒေဝိကတ် စသောမြို့အပေါင်းတို့သည်၊ လပြည့်ဝန်းကို နက္ခတ်တာရာ အပေါင်း ခြံရံသကဲ့သို့ ရံလျက်၊ အင်္ဂလိပ်မြို့မကို အစိုးရသောအကြည်တော် အင်္ဂလိပ်မြို့မဘုရင်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက်၊ မြန်မာမင်းအင်္ဂလိပ်မင်းဆက်ဆက် ဖောက်ကား ပေါက်ရောက်ကြ၍ အလိုရှိသမျှကိုဆောင်ယူကြရသည်။ ကိန်းခန်း အလျောက်တလိုင်းကိုနှောင့်ယှက်ရာတွင်၊ တလတ်တလျား မရောက် မပေါက်ရှိကြ၍ တောင့်တ၍နေသည်နှင့်။ အကြည်တော် နိုင်ငံတော် စွန်း မော်တင်ဟိုင်းကြီးသို့ အကြည်တော်အင်္ဂလိပ်မြို့မဘုရင်က မည်စလီပရုပ်တို့ကိုစေ၍ ရောက်ပေါက်လာရာတွင်မှ မေးမြန်းကြားသိ ရလျှင် အတိုင်းထက်အလွန်၊ မင်းဇေကရာဇ်တို့ဝယ် မြို့၏အင်္ဂါ ခုနစ်ပါးတွင်။ သခါဟူသောပြည်ထောင်ချင်းအင်္ဂါဟပါးသည် ဖြစ်ခဲ သောအရာကိုတွေ့ရပေတော့မည် ဝမ်းမြောက်တော်မူသည်။ အကြည် တော် အင်္ဂလိပ်မြို့မဘုရင်က စေသူ မည်စလီပရုပ်တို့က ပုသိမ်မြို့တွင် တိုက်ကြသဘော်သွင်းထားရန်နေရာနေရပ်လိုပါသည်ရှိခိုးသံတော်ဦး တင်သောကြောင့် အကြည်တော်အင်္ဂလိပ်ဘုရင်ကစေ၍လျှောက်ရ သည်ဖြစ်သည်။ အရှည်ချစ်ကြည်ရမည်ကိုထောက်၍ ကြိုက်ရာနေ

ထိုင်စေ။ ပုသိမ်မြို့တွင် တိုင်းတာမှတ်သား၍ ပုသိမ်မြို့ဝန်တို့က ချပေးစေသည်။ အကြည်တော်အင်္ဂလိပ်မြို့မဘုရင် အမှူးအမတ် ပုသိမ်မြို့ဝန်တို့၊ မျက်နှာညီတံဆိပ်စာချွန်တော်ပေးအပ်တော်မူသည်။ ပြည်ထောင်ချင်းမင်းတို့ဝယ် မြတ်သောအဆွေခင်ပွန်းကောင်းတို့ကို မှီကြရသည်မှ အလိုရှိရာနှစ်ဦးသားပြည့်စုံကြမည်ဖြစ်သည်။ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်သည္တွန် အကြည်တော်အင်္ဂလိပ်မြို့မဘုရင်ကို သားမြေးမြစ်အစဉ်ရှည်စွာချစ်ကြည်ကြရမည့်အကြောင်းကို သက္ကရာဇ်တထောင့်တရာတဆဲ့ရှစ်ခု၊ ကဆုန်လဆန်းဆယ်ရက် စနေနေ့၊ ရာဇသံရွှေပေစာနှင့် ချစ်ကြည်စွာကြားရောက်အပ်သော အင်္ဂလိပ်မြို့မကိုအစိုးရသော အကြည်တော်အင်္ဂလိပ်မြို့မဘုရင်။ ။”

အထက်ပါစာကို ရွှေပေနာရကာ အချိန်ငါးကျပ် အလျားသံတထောင့်လေးသစ်။ အနံသံငါးသစ်။ စာကြောင်းရေတစ်ဆယ်။ ရင်းဖျားပတ္တမြားနှစ်ရစ်စီရသည်။

စာကိုလက်ဝဲသုန္ဒရေးရသည်။

(အလောင်းမင်းတရား အမိန့်တော်များ စာအုပ်မှ )

ॐ ॐ ॐ ॐ ॐ

(၁၅)

## ဟိုင်းကြီးကျွန်းမှ အင်္ဂလိပ်တို့စခန်းယောင်း

အလောင်းမင်းတရားကြီးက ဟိုင်းကြီးကျွန်းပေါ်ရှိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကို ချေမှုန်းဖျက်ဆီးပစ်တော်မူသောအကြောင်း ရပ်များအား စာအုပ်များမှ ဖတ်ရသမျှ အကျဉ်းချုပ်တင်ပြပြီးပါပြီ။

ယခုတစ်ဖန် ရာဇဝင်စာအုပ်၊ အရေးတော်ပုံစာအုပ်များတွင် မပါသော ယနေ့လက်ရှိဟိုင်းကြီးကျွန်းအကြောင်းဖြစ်ရပ်အချို့ကို ကျွန်မကြားရသရွေ့ဖော်ပြပါဦးမည်။ ကြားသိရသည်မှာ ခုနစ် နှစ်ရှိပါပြီ။

၂၆.၁၁.၉၂ ရက်နေ့တွင် ရန်ကုန်မြို့ မြဝတီရိပ်သာရှိ ဗိုလ်မှူး အုန်းမောင် (မြင်းမူမောင်နိုင်မိုး) ၏ တိုက်ခန်းတွင် ရွှေဘိုရှစ်မြို့နယ် အသင်း မိတ်ဆုံညှိခံပွဲကျင်းပသည်။ ရွှေဘိုနယ်ဒေသမှ လာရောက်ကြသောသူတွေချည်းဖြစ်၍ သူ့အကြောင်း၊ ကိုယ့်အကြောင်းပြောကြရ ပျော်စရာကောင်းလှ၏။

စာပေသမားများက စာပေအကြောင်းနည်းနည်းစီပြောကြပြီးနောက် အသင်း၏နာယကတစ်ဦးဖြစ်သူ ဦးဘကြွယ် (အငြိမ်းစားတိုင်းအင်ဂျင်နီယာ) က စကားထပြောပါသည်။ ကျွန်မတို့တစ်တွေကား

အမှတ်မထင်ပင် စားရင်း၊ သောက်ရင်းနားထောင်နေကြသည်။ "အလောင်းဘုရားနှင့် ဟိုင်းကြီးကျွန်း" ဆိုသည်ကိုကြားလိုက်ရသော အခါ မုန့်ပွဲများဘေးဖယ်ပြီး အားလုံးနားစွင့်လာကြသည်။ ဦးဘကြွယ် ပြောချက်များကို စာဖတ်သူနားရှင်းစေရန် သူ့စကားအတိုင်းတင်ပြ ပါမည်။ စာသံပေသံမပါဘဲ ခေတ်စကားကို ခေတ်နားနှင့်ပင် နားထောင်ကြစေချင်ပါသည်။ အစချီပုံမှာ –

"ကျုပ်က ရေးဦးသား စပြီးကျောင်းနေတော့ ရွှေဘိုမှာနေ ရွှေဘိုမှာပဲ ကြီးပြင်းပါတယ်။ ဒီတော့ကာ နောက်အလုပ်ခွင်ဝင်တဲ့ အခါမှာ ဘယ်မြို့ရောက်ရောက် ကျုပ်တို့ရွှေဘိုဒေသ၊ ရွှေဘိုသမိုင်းနဲ့ ပတ်သက်တာတစ်ခုခုကြားရ၊ သိရရင် သိပ်စိတ်ဝင်စားတယ်။ ကိုယ် သိချင်တာရှိရင်လဲ အခွင့်သာတဲ့အခါ ရေဆုံးရေဖျားဆိုသလို လိုက် ကြည့်ပြီး သိရအောင်လုပ်တာပဲ။"

ဆိုပါတော့ဗျာ၊ တစ်ခုပြောမယ်၊ ကျုပ်တို့အလောင်းမင်းတရား လက်ထက်တော်တုန်းကကောင်းရောင်း၊ ကောင်းဝယ်လုပ်ပါရစေလို့ ခွင့်တောင်းလာတဲ့ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို ဟိုင်းကြီးကျွန်းပေါ် နေရာပေးစခန်းချခွင့်ပေးထားတယ်လေ၊ နောက် သူတို့သစ္စာမရှိ၊ ကတိမတည်တာတွေသိတော်မူတော့ အပြီးတိုင်သုတ်သင်ရှင်းလင်း ပစ်လိုက်တာ၊ ခင်ဗျားတို့ ကျုပ်တို့ရာဇဝင်မှာ ဖတ်ဖူးကြတယ်မဟုတ် လား၊ အဲဒါနဲ့ကျုပ်ပုသိမ်မြို့မှာရုံးထိုင်အလုပ်လုပ်တော့ အဲဒီဟိုင်းကြီး ကျွန်းနဲ့နီးလေတော့ ကိုယ်တိုင်သွားကြည့်ချင်လိုက်တာဗျာ၊ ရာဇဝင်ထဲ ဖတ်ရတဲ့အချက်နဲ့ဆိုင်တဲ့သဲလွန်စကလေးများ တွေ့လိုတွေ့ငြားပေါ့။

တစ်နေ့မှာ အခွင့်အရေးတစ်ခုရလာတယ်လေ၊ ဟိုင်းကြီးကျွန်း

ပေါ်မှာရှိတဲ့ "အဏ္ဏဝါ" ဆိုတဲ့ရွာမှာ စာသင်ကျောင်းဆောက်ပေးဖို့ဘဲ သည်တော့ကျုပ်ဌာနကလူတွေ သွားဆောက်ပေးကြရတယ်။ ကျုပ် ကိုယ်တိုင် ၂ ရက်လောက်လိုက်ကြည့်ခဲ့တယ်။ ပုသိမ်နဲ့မိုင် (၁၀၀) လောက်ဝေးမယ်ထင်ပါရဲ့တခြားကျွန်းတွေပေါ်ကနေပြီး အဲဒီကျွန်း ကိုလှမ်းကြည့်လိုက်ရင် တကတဲဗျာ၊ ဆင်တစ်ကောင်ဝပ်နေသလိုပဲကိုး၊ သူ့အနေအထားက ဒါ့ကြောင့်ဟိုင်းကြီးကျွန်းလို့ခေါ်တာဆိုပဲ။ ကျွန်း မျက်နှာပြင်ကမြေညီတယ်၊ ရွာတည်ဖို့ကောင်းတယ်။

ကျုပ်လိုက်သွား လေ့လာကြည့်လိုက်တော့ ... ဟုတ်သဗျို့၊ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ စခန်းချနေထိုင်ခဲ့တဲ့ တိုက်ဟောင်း တိုက်ပျက်အကြွင်းအကျန်တွေ သူတို့သုံးခဲ့တဲ့ရေချိုတွင်းတို့ ဘာတို့ အခုထိရှိသေးဗျာ၊ သိကြတဲ့ဒေသခံတွေလိုက်ပြကြတာပေါ့။ နံရံမှာ ထွင်းရေးထားတဲ့ အင်္ဂလိပ်စာလုံးတချို့တောင် ပျက်လုပျက်ခင်ပေမယ့် ဖတ်လို့ရသေးတယ်၊ ကျုပ်လဲကိုယ်တွေ့မျက်မြင် မြင်လိုက်တော့ ကျေနပ်သွားရော။"

"အဲဒါ ဘယ်တုန်းကရောက်ခဲ့တာလဲ အစ်ကိုကြီး"

"၁၉၇၄ ခုလောက်ကပေါ့ဗျာ ... ဟိုင်းကြီးကျွန်းကပြန်လာပြီး၊ နောက်တစ်နှစ်လောက်ရှိတော့ မြဝတီကိုအလုပ်ပြောင်းရပါရော၊ မှောင်ခိုမြို့မြဝတီလေ"

ဤတွင်ပြောသူတင်မက ကြားနာရသူပါရိသတ်ပါ၊ ကိုယ်တိုင် ရောက်ရသလို မြင်ကွင်းကျယ်ပေါ်လာပါတော့သည် ဦးဘကွယ်မှာ ရန်ကုန်မြို့တွင်ယခုတိုင် နေထိုင်ဆဲဖြစ်ပါသည်။

ဟိုင်းကြီးကျွန်းသည် ရှေးထက်ထက်ကပင်လျှင် မြန်မာတို့ ပိုင်နက်ဒ္ဓတည်ရှိသော ကျွန်းအမှန်ဖြစ်ကြောင်းကို ကျွန်း၏အမည်ကို ထောက်၍သိသာပါသည်။

သို့လျှင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီနှင့်အလောင်းမင်းတရားက နှစ်ဦးနှစ်ဖက်အကျိုးအတွက် ဆက်လက်ဆက်ပါသော်ငြား၊ အင်္ဂလိပ်တို့က မှန်မှန်ကန်ကန်မရှိချေ။

အင်္ဂလိပ်တို့က မရိုးသားသောအခါ အလောင်းမင်းတရားကြီးသည် သက္ကရာဇ် (၁၁၂၁) ခုနှစ် နှောင်းပိုင်းတွင် အိန္ဒိယပြည်ပွန်ဒီချယ်ရီမြို့ (PONDICHERRY ) မြို့ရှိ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စားလှယ်ထံ စာသဝဏ်ပို့ပြီး လက်နက်ခဲယမ်းရအောင် ဆောင်ရွက်ပါသည်။ ဤတွင်လည်း အလောင်းမင်းတရားအလိုတော် မပြည့်ပါ။

ပြင်သစ်တို့သည် မူလကလည်း မရိုးသား၊ နောင်တွင်လည်း ဖြောင့်မတ်မည်ဟု မမျှော်လင့်နိုင်ချေ။

အမှန်စင်စစ်အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အရှေ့အာရှတွင် မိမိတို့ ပိုင်နက်နယ်ပယ်များ တိုးချဲ့ထူထောင်လိုသောစိတ်အရင်းခံဖြင့် အပြိုင်အဆိုင်ကြိုးပမ်းနေကြခြင်းသာဖြစ်သည်။

ॐ ॐ ॐ ॐ ॐ

## (၁၆)

## ငါးမသေ ရေမနောက်လမ်းစဉ်

"သူပြည်ကြီးပိုင်၊ ငါနိုင်ငံစိုး၊ ဂုဏ်ချင်းကိုး၍၊ တန်ခိုးဘုန်းတန်း၊ ပြိုင်နှုန်းနှမ်း၏၊ ဂဏန်းတခြားဟူးရားတလည်စနည်းများမြောင်၊ တဘောင်အတိတ်၊ နိမိတ်သြဘာ၊ အရာရာကို၊ ရှာရှာရွေးရွေး၊ ဉာဏ်ရည်သွေး၍၊ အရေးဤသို့ကြံသင့်သော။"

(လက်ဝဲသုန္ဒရအမတ်ကြီး)

သန်လျင်မြို့ အလောင်းမင်းလက်တွင်းသို့ကျရောက်သွားသောအခါ ဟံသာဝတီမင်းသည် စစ်ရေးကိုခိုင်လုံစိတ်အေးရအောင် မြို့စီးပြစီးအထပ်ထပ်ချပြီး၊ ဆွေသားမျိုးသားစစ်သူကြီးများဖြင့် ခုခံရန်အသင့်ပြင်လျက်ရှိသည်။ စစ်သူကြီးဒလပန်းလည်း အားမလျှော့တမ်းပါမြဲပါဝင်သည်။

ဟံသာဝတီပဲခူးမြို့ကား အလောင်းမင်းတရား၏ တပ်တော်ကဝန်းရံခြင်းပြုလာသည်။ ၁၁၁၄ ခုနှစ်က ဒလပန်းက မုဆိုးဖိုထန်းလုံးတပ်ကိုဝန်းရံခဲ့သည့်နည်းတူ ၁၁၁၈ ခုနှစ်တွင်မူကား ဟံသာဝတီမြို့တော်အား မုဆိုးဖိုတပ်က အဝိုင်းခံနေရလေပြီ။

လာတော့မည့်စစ်ပွဲကား အရေးကြီးဆုံးနှင့် အရှုံးအနိုင်ကိုအဆုံး

အဖြတ်ပေးမည့်စစ်ကြီးဖြစ်ကြောင်း နှစ်ဖက်စလုံးက ကောင်းကောင်း သိကြပြီးဖြစ်လေသည်။ ထို့ကြောင့်နှစ်ဖက်စလုံးကပင် နည်းမျိုးစုံသုံးပြီး အောင်ပွဲရအောင်ကြိုးပမ်းကြသည်။ သို့ဆိုရာတွင် စစ်ပြင်မှုကိုချည်းအားထုတ်ကြသည်မဟုတ်ပါ။ တစ်ဖက်နှင့် တစ်ဖက်စိတ်ဓာတ်စစ်ဆင်ရေးအရ ဝါဒဖြန့်သောလုပ်ရပ်များကို လုပ်ခြင်းဖြစ်ပါသည်။ ထိုလုပ်ရပ်များမှာရွှေပေလွှာသဘောကဲ့သို့ သိုက်စာလိုလို နဘေကာရံကလေးများဖွဲ့ပြီး၊ လူသိများအောင်လုပ်ခြင်း၊ အတိတ်နိမိတ် စသည်ထည့်သွင်း၍ လိုသလိုသုံးခြင်းများဖြစ်သည်။ သူ့ခေတ်သူ့ကာလအလျောက် ယုံကြည်လက်ခံသူမျိုးရှိတတ်၍ထိရောက်သင့်သလောက်ထိရောက်သည်ဟုဆိုနိုင်ပေသည်။ အလောင်းမင်းတရားကြီးကားအောက်ပြည်ရန်ကုန်မြို့မှာ တပ်စခန်းချ စံနေတော်မူသည်မှာ တနှစ်ကျော်နှစ်နှစ်ခန့်ကြာချေပြီ၊ သန်လျင်ကိုလည်းအောင်နိုင်ပြီးပြီ၊ ဟံသာဝတီမင်းနေပြည် တစ်ခုသာကျန်တော့သည်။ အောက်ပြည်အောက်ပိုင်းရေမိုးပေါရာ စပါးစိုက်လျှင် အထွက်ကောင်းရာဒေသဖြစ်သောကြောင့် စစ်သည်ဗိုလ်ပါများစေကာမူ စားရေရိက္ခာပူစရာမရှိ။

ထိုကဲ့သို့ အလောင်းတရားကြီး ရန်ကုန်မြို့၌ စစ်စခန်းချရပ်၍ ဟံသာဝတီမင်းနေပြည်အား စစ်ရေးငင်ဝိုင်းရံနေစဉ် တဘောင်သံတစ်ခုပေါ်လာလေသည်။ ယင်းတဘောင်စာကို ဟံသာဝတီရှိ ကလေးသူငယ်များစုမိ၊ ဆုံမိရာတွင် ရွတ်ဆိုကြွေးကြော်လေသည်ဆိုပါ၏။ ယင်းတဘောင်စာမှာ–

ဟင်္သာချီထ၊ ဖားကိုရ၊ နောက်မှဟင်္သာ၊ လူမှာမုဆိုး၊ အရိုးမဟုတ်၊ လေးဖြင့်ထုတ်၍၊ ကုပ်ကုပ်အသာ၊ ချုံမှာလည်းအောင်း၊

သုံးနှစ်ခြောင်းမှ၊ ပြစ်ထမကြာတချက်သာ၊ ဟသာ်ရင်သွေး၊ နှစ်ယောက်မွေး၊ အထွေးနှင့်သာ၊ ချော့လိမ့်မည် ဟူ၍ဖြစ်ပါသည်။

(ယင်းစာကို ရွှေဘိုမြို့နယ် ကျားရွာနေ ကိုသာအေး၏ပေစာထုပ်မှ ကူးယူပါသည်။) ထိုတဘောင်စာတွင်ပါရှိသော "အရိုးမဟုတ်" ဆိုသည်မှာ အလောင်းမင်းတရားကြီးသည် မင်းမျိုးမင်းနွယ်အရိုးအစဉ် မဟုတ်သူဟု ဆိုလိုခြင်းဖြစ်သည်ဟူ၍ ကျွန်မအနေဖြင့် ယူဆမိပါသည်။ ကျန်စာသားများကို အထူးဖော်ပြရန်မလိုပါ။

ဝိုင်းရံနေသော မြို့ပြင်တပ်က ပူစရာမရှိသောကြာ မြို့တွင်းနေလူထုအတွက်မူ တစ်စတစ်စရှားပါးလာချေပြီ။ ဤအခြေတွင်မွန်တို့ဘက်မှ မွန်မြန်မာရဟန်းကြီးအချို့တို့ အလောင်းမင်းစံရာရန်ကုန်သို့ သံတမန်သဖွယ် အရေးဆိုရန်ရောက်လာသည်။ ဆိုလိုရင်းမှာ –

"ပြည်ထောင်ချင်း မင်းနှစ်ပါးတို့ ခိုက်ရန်ဖြစ်ပွားသဖြင့် ပြည်သားတို့လည်းပန်း၊ ရဟန်းတို့လည်းပရိယတ် ပဋိပတ်မပွားနိုင်ကြ၊ ထို့ကြောင့် ရဟန်းပြည်သူတို့ ချမ်းသာအောင် စစ်ပွဲကို ကြေအေးစေလိုကြောင်း" ပင်ဖြစ်သည်။

အလောင်းမင်းတရားကြီးက ပြန်ကြားသည်မှာ –

"ကိုယ်တော်တို့ဆိုလာသည်မှာ၊ လက်အောက်ခံ ဖြစ်ထိုက်သူကိုမဖြစ်ပါစေနှင့်၊ ကိုယ်တူအရေးတူပြုပါဟု ဆိုရာရောက်သည်။ ကျွန်ုပ်နေပြည်တော်ကချီ၍၊ ရန်ကုန်သို့စိုက်ဆောက်နေသည်မှာနှစ်နှစ်ခန့်ရှိပြီး ဗိုလ်ပါအားကို ယုံ၍တစ်စုံတစ်ခုသော ပဏ္ဏာ၊ တခွင့်တရာဖြစ်သောအရေးကိုမှ မစေမရောက် –––––––––––– ဗိုလ်ထုဗိုလ်တပ်ဖြင့်တိုက်ကြရမည်ကို ကျွန်ုပ်မ

ကြောက်၊ တယောက်ချင်းသူရဲကောင်းတို့ကို ထွက်စေမည်ဆို လည်းကျွန်ုပ်မစိုး၊ စစ်မြေပြင်၌ –”

“ သူ့ထီးမတ်မတ်၊ ငါ့ထီးမတ်မတ်၊ ဆင်ဦးချင်းယှဉ်ရမည်ဆို လည်းကျွန်ုပ်မရှောင်၊ ဆင်ဖြူရှင်မင်းတရား (ဘုရင့်နောင်) ယိုးဒယားသို့ချီတက်စဉ်၊ ယိုးဒယားမင်းက၊ ဆင်ဖြူလေးစီးနှင့် သားသမီးတို့ဆက်သောကြောင့်၊ ပြန်တော်မူခဲ့သည့်ထုံး ဟောင်းပုံစံရှိသည့်ပင်၊ ပဲခူးမြို့ကျွန်ုပ်လက်သို့ မရောက်သမျှ ကျွန်ုပ်မပြန်”ဟု ရဲလည်းရဲရင့် ခွင့်လည်းခွင့်သိသောစကားကို အမိန့်တော်ရှိလိုက်၍ ရဟန်းများပြန်တော်မူကြရသည်။”

ရဟန်းတော်များ ပဲခူးသို့ပြန်ရောက်ပြီး၊ အရေးမရခဲ့ကြောင်း သိကြရသော် စစ်သူကြီးဒလပန်းက တစခန်းထပြန်သည်။

ဒလပန်းက –

“ ဓားချင်းယှက်ပြီး၊ အသက်နှင့် ကျေးဇူးဆပ်မည်။ ”ဟုမွန် မင်းကိုလျှောက်တင်ပြီးနောက် ရဲမက်အင်ခွင်ပြင်ပြီး မြန်မာတို့တပ်ကို ထွက်၍တိုက်သည်။ မြန်မာတပ်များက နိုင်လိုက်သည်။ ထိုသို့အကြိမ် ကြိမ်တိုက်သော်ငြား အကြိမ်ကြိမ်ရှုံးပြီး မြို့တွင်းသို့ပြန်ဝင်ရသည် ကြီးပင်၊ ဤတွင်ဒလပန်းသည် ရှေ့ကိုဆက်လျှင်လည်း နိုင်ကွက်မမြင် ကြောင်းသဘောပေါက်လာလေ၏။ ထိုအခါ မွန်မင်းသို့ပရိယာယ်ဆင် ကာလျှောက်တင်ပြီးနောက် သားမယား၊ ဆင်ကောင်းမြင်းကောင်းနှင့် လက်နက်ရဲမက်တို့ကို ရနိုင်သမျှယူပြီးသော် ကိုယ်လွတ်ရုန်းထွက်ပြေး လေ၏။

ဒလပန်းထွက်ပြေး၍ လက်ရုံးတစ်ဖက်ပြုတ်သလိုဖြစ်ကျန်ရစ်သောမွန်မင်းသည် အခက်ကြုံရသည်။ သည်အတိုင်းဆက်သွားလျှင် – မိမိ၏ပြည်သူတို့သည်“စစ်မြေသလင်း၊ ထမင်းမွတ်ရှား၊ ရောဂါများ” သောကပ်ကြီးသုံးပါးနှင့် မုချရင်ဆိုင်ကြရပေတော့မည်။ ထို့ကြောင့် မွန်မင်းသည် မိမိ၏အတိုင်ပင်ခံအဖွဲ့နှင့် ဆွေးနွေးမေးမြန်းတော်မူရသည်။

“စစ်ပွဲရင်ဆိုင်သည့် လမ်းဟောင်းကိုပင် လျှောက်မည်လော၊ အခြားအနုနည်းဖြင့် လမ်းသစ်ကို ဖောက်မည်လော”တွေးတောကြံစည်ကာ ဤသို့သဘောတူ ဆုံးဖြတ်ကြသည်။ ကိုယ်မချိသော်အမိသော်လည်းသားတော်ခဲဖြစ်သည်။ ဤအရေးတော်၌ ရန်သူပင်ဖြစ်စေကာမူ အမျိုးအနွယ်ဆက်ခြင်းဖြင့် ရဟန်းရှင်လူတို့ချမ်းသာစေနိုင်ပါသည်။ “ငါးလည်းမသေ ရေလည်းမနောက်” ဖြစ်ကြစေရန်သမီးတော်တစ်ပင်တိုင်နန်းရှင်အား အလောင်းမင်းတရားသို့တက်ပြီးရန်မီးငြိမ်းစေမည်ဟူ၍ သဘောညီကြလေသည်။

ထို့နောက်မွန်မင်းက ရာဇာမဟာမိတ်ဖြစ်လိုကြောင်းအနူးအညွတ်ရေးထားသော သဝဏ်စာကို အလောင်းမင်းတရားဖတ်ကြားပြီးသောအခါ –

တစ်စုံတစ်ရာ စာပြန်လည်မရေးဘဲ၊ မူလစာကိုဆက်လာသည့်ပဲခူးမင်းသံတို့ကိုပင်၊ သဇင်ပန်းနှစ်ခြင်း၊ ပဲခူးမင်းထံ လက်ဆောင်တော်ပါးလိုက်သည်။

စာသဝဏ်မရေးသော်ငြား အမှာစကားတစ်ခွန်းကမ်းလှမ်းလိုက်သည်။ ထိုအမှာစကားမှာ –

"တင်ဆင့်ရာတင်လေ၊ ဆင်သင့်ရာဆင်စေ"ဟူ၍ ပဲခူးမင်းဘက်တော်ကလည်း ကောင်းစွာသဘောပေါက်သည်။ သဇင်ပန်းတစ်ခြင်းကို နန်းဦးဘုရားဆောင်တွင်ကပ်လှူပြီး၊ တစ်ခြင်းကိုတစ်ပင်တိုင်နန်းရှင်သမီးတော်ကို ပန်ဆင်စေသည်။

ဤကား "ငါးမသေ ရေမနောက်" လမ်းသစ်ဖောက်ကြမည့်အစီအစဉ်ဖြစ်ပါသည်။ ထို့နောက် နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင်သမီးရတနာ ဆက်သမည့်အကြောင်း မွန်မင်း၏ အတွင်းဝန်တို့က လာရောက် လျှောက်တင်ကြလေ၏။ ထိုအခါ အလောင်းမင်းတရားကြီးက ပဲခူးမင်းထံ အောက်ပါစာသဝဏ်ပို့တော်မူသည်။

"သာသနာ့ဒါယိကာ၊ ဘဝရှင်အလောင်းမင်းတရားကြီးကြားရောက်လိုက်သည်။ ဟံသာဝတီပြည်ကြီးသခင်၊ မင်းတို့ဝယ်ကျင်းပသော အခမ်းနားတို့ကား၊ မင်းတို့၏အသုံးဆောင်မှုသာ ဖြစ်သည်။ ရန်ကို အောင်သည်သာ၊ မင်းတို့၏အတင့်အတယ်ဆင်ရာတန်ဆာဖြစ်သည်။ လောကဓံတရားတို့ကား၊ နိဗ္ဗာန် သို့ ရောက်မှ၊ ကင်းရာဖြစ်၍၊ ဟံသာဝတီမင်းလည်းဝမ်းမနည်းရာ၊ ငါလည်းဝမ်းမမြောက်သင့်။ ဟံသာဝတီမင်းနှင့် ငါနှင့်သာအမူရှင်ဖြစ်လျှက် မထိုက်မဆိုင်ရ၊ ကျေးကျွန်မှူးမတ်တို့ကိုသာ တကိုယ်တသက်မျှကြောင့် စေခိုင်း၍၊ သူရဲသူခက်အသက်ဆုံးရှုံးကြသည်များလှလေပြီ။ ရှမ်းပြည်ယွန်းပြည်စော်ဘွားတို့လည်း၊ ဘုန်းကံမမှီကြောင်းသိလျှင်လက်နက်ချ၍ မင်းဇာကရာဇ်တို့နှင့် ထိုက်တန်သည့်သားသမီးဆက်လျှင်၊ ငါလည်းဘုရားဆုကိုပန်သည်နှင့်အညီ။

စည်းစိမ်မပျက်၊ အသက်မသေ၊ နေရာမနိမ့်၊ ချမ်းသာပေး
တော်မူမြဲဖြစ်သည်။ ”

ပဉ္စာလရာဇ်မင်းနှင့် –

“ပဉ္စာလရာဇ်မင်းနှင့် ဝိဒေဟမင်း၏သမီး ပဉ္စာလစန္ဒီသည် ဝိဒေဟရာဇ် မင်း၏လက်သို့ ရောက်သည်မှစ၍ နှစ်ပြည်ထောင်စစ်ငြိမ်းဖူးကြောင်း၊ ထုံးဟောင်းသက်သေအထင်ရှားရှိသည် ”

အထက်ပါစာသဝဏ်တော်ကို နန်းစာရေးတော် ဦးတိုး ရေးသားပြန်ကြားရသည်။ အဆိုပါနန်းစာရေးတော် ဦးတိုးမှာ နောင်အခါ ရာမရကန်ကြီး ရေးဖွဲ့သော ရွှေတိုက်စိုးမင်းဦးတိုးဖြစ်ပါသည်။

ထိုစာကိုရရှိသောအခါ ပဲခူးမင်းသည် အစ်မတော်၊ ယောက္ခမတော်စသော ဆွေရင်းမျိုးချာများ ပရောဟိတ်ပုဏ္ဏားများဖြင့်သမီးတော်ဆက်မည့် နေ့ကောင်းရက်သာရွေးချယ်ရန် စီမံတော်မူသည်။ သို့သော် အလောင်းမင်းတရားက –

“ နေပြည်တော်မှာဖြစ်သော်မှသာ အခါရွေးသင့်သည်။ ယခု စစ်မြေအရပ်ဖြစ်၍၊ အခါရွေးရန်မဟုတ် သမီးရခြင်းသည်၊ နက္ခတ်ကောင်းမည်၏။ နက်ဖြန်ပင်ဆက်စေတော့” ဟုအမိန့်တော်ချမှတ်သည်။ ယင်းနှစ်ပြာသိုလဆန်း ၂ ရက်နေ့တွင် ခန့်ညားကြီးကျယ်သောလက်ထပ်နန်း အမြန်ဆောက်လုပ်ကြရလေသည်။ လက်ထပ်နန်းအလယ်တွင်မြင့်မားသောပလ္လင်နှင့် ရေသဖန်းပျဉ်ခင်းရသည်။ ထို့ပြင် အနားရွက်ထပ် သုံးဆင့်အဝန်းနှစ်ဆယ့်ငါးတောင်ရှိသော

ထီးဖြူကြီးကို စိုက်ထားရ၏။ ထီးဖြူတော်လက်ဝဲလက်ျာက ကကြိုးတန်ဆာဆင်သောဆင်၊ တဖက် လျှင် (၁၀၀) စီ၊ ထို့အပြင် စစ်ဝတ်တန်ဆာချပ်မိန့်ညိုဆင်လျှက် မြင်းစီးသူရဲ (၅၀၀) ရွှေဖျင်းခါးစည်း၊ ဘောင်းဘီ၊ ဦးထုပ်ဝတ်ဆင်သော သဘော်သားကုလား (၂၅၀၀) စသဖြင့် မဆုံးနိုင်အောင်များပြားသော မှူးမတ်စစ်သည်တို့ နေရာယူကြရသည်။ သားတော်အိမ်ရှေ့မင်းနှင့် သားတော်မြေဒူးမင်းတို့လည်းလက်ဝဲ၊ လက်ျာဖတိုင်နီနှင့် အဆောင်အရွက်ကျင်းပလျက်နေရ၏။

မင်းညီမင်းသားစော်ဘွား၊ စစ်ကဲဗိုလ်မှူးတို့ ခြံရံနေရာစဉ်အလိုက်ရှိစေပြီး၊ အလောင်းမင်းတရားသည် အဖိုးအနဂ္ဃထိုက်သောလက်ကောက်လက်စွပ်တို့နှင့် ရွှေစလွယ်သားမြီးယပ်ကိုကိုင်လျက်၊ ရေသဖန်းသားဖထိုင်တော်တက်ထိုင်တော်မူသည်။

ဟံသာဝတီမင်းသမီးလည်း ပြာသိုလဆန်း ၂ ရက်နေ့တွင်မွန်အတီးအက၊ ရွှေဖျားရွှေသိုင်းနှစ်ချက်၊ ရွှေယာဉ်ကိုးဆူနှင့်တကွမှူးကြီးမတ်ကြီးတို့၏ကတော်မယား၊ မွန်မင်း၏အစ်ကိုမြောက်သားစုံကိုယ်လုပ်တော်၊ ရံရွှေတော်အပေါင်းခြံရံလျက် ကြွရောက်လာပြီးသော်ဆွေတော်များအဖေးအမဖြင့်ဝင်ရောက်ကာ ပန်းစည်းဖြင့် ကန်တော့ရလေသည်။

လက်ထပ်မင်္ဂလာပွဲတော်တွင် မွန်အတီးအက၊ မြန်မာအတီးအကတို့ဖြင့် သဘင်စုံရက်လည်အောင်ခင်းကျင်းရသည်။ ဟံသာဝတီမင်းထံမှ ဆက်စာရောက်လာသည်မှာ –

“အလွန်ချစ်ကြည်လေးမြတ်စွာ ဟံသာဝတီရွှေနန်းရှင်ကြားရောက်ပါသည် အလောင်းမင်းတရား... ဘုန်းအာနုဘော်ကိုယ်ထက်သာ

လွန်သည့် မင်းကေရာဇ်ပေါ်ထွန်း၍၊ ရင်ဝယ်ဖြစ်သော သမီးရတနာ ဆက်သရပါသည်... ကျွန်ုပ်ညီသား မွှားမတ်တို့ရွှေစက်တော်အောက် မရောက်မလာအယူတော်မရှိပါနှင့်၊ ချင်းတို့တစုလည်း၊ ဘဝါးအပလက် ဝါးကျင့်ဝံ့မည်မဟုတ်ပါ...” ဟူသောသဝဏ်လွှာတော်နှင့်အတူ ခုံညင်း ခန့်ရှိမြလက်စွပ်တော်၊ ရွှေဒုယင်နား၊ ရွှေရေးပုဆိုး၊ ရွှေပုစွန်ဆီအုပ်များ ကို၊ ဒေဝသိဒ္ဓနှင့် စက္ကသူတို့ကိုစေ၍ ဆက်လာကြ၏။

(တွင်းသင်းတိုက်ဝန် မဟာစည်သူရေးသော “အလောင်းမင်း တရားကြီးအရေးတော်ပုံ” မှ)

ဤနည်းဖြင့် အလောင်းမင်းတရားနှင့် မွန်မင်းသမီးတော်တို့ လက်ထပ်ခြင်းအောင်မြင်လေပြီ၊ နှစ်ဖက်သောရဲမက်စစ်သည်တို့အ သက်သွေးချောင်းစီးမည့်အခြေအနေသည် လွဲရှောင်ကင်းလွတ်သွား လေပြီ။

ॐ ॐ ॐ ॐ ॐ

# (၁၇)

## မြို့သစ်တည်ဆောက် မူးရေရောက်

ဟံသာဝတီပဲခူးမင်းနှင့် ရတနာသိင်္ဃ ရွှေဘိုမင်းတို့စစ်ခင်းပွဲ ကြီးကား နိဂုံးကမွတ် အဆုံးသတ်လေပြီ။ မြန်မာနှင့် ဆွေမျိုးဆက် ခြင်းဖြင့် တစ်နိုင်ငံလုံး ငြိမ်သက်အေးချမ်းမှုရကြလေပြီ။ ဆင်းရဲသားပြည်သူများမှာလည်း စစ်ရေးပြီး၍ ထွန်ရေးထယ်ရေးဘက်သို့မျက်နှာမူနိုင်ကြလေပြီ။

အလောင်းမင်းတရားသည် ဟံသာဝတီပဲခူးမြို့ကိုထုံးတမ်းအစဉ်အလာနှင့်အညီ သိမ်းယူပြီးနောက် နယ်မြေငြိမ်ဝပ်အေးချမ်းစေရန်စီမံတော်မူပြီးလျှင် ၁၁၁၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့တွင်နေပြည်တော်သို့ ဆန်တက်တော်မူခဲ့သည်။ ကျောက်မြောင်းမြို့တွင် စခန်းချရပ်ပြီး ရတနာသိင်္ဃပြည် ရွှေဘိုသို့ကြည်းကြောင်းကြွချီရာ တော်သလင်းလပြည့်ကျော် ၁၀ ရက်တွင် နေပြည်တော်သို့ချောမောစွာရောက်ရှိလေသည်။

အထက်ထက်က မကျင်းပဖူးသော အောင်ပွဲသဘင်ကြီးကျယ်စွာ ခံတော်မူသည်။ မှူးမတ်စစ်သူကြီး၊ အမှုထမ်းအရာထမ်း စသည်တို့ကို ရာထူး၊ အဆောင်အယောင်နှင့်တကွ စားကျေးမြို့ရွာ ပေးသနားတော်မူသည်။

ထိုသည့်နောက် သုံးလခန့်စံနေတော်မူပြီးလျှင် မြို့တော်၏အရှေ့မြောက်ထောင့်တွင် ဖိနပ်တော်စတုရန်းအတောင် ၁၈၀ ရှိသောစေတီတော်တည်လုပ်စေသည်။ ပဲခူးမြို့မှ ရွှေမော်ဓောဘုရား၏ပုံတူကိုပန်းချီတော်များ ရေးဆွဲခဲ့သည့်အတိုင်း ပုံစံတူတည်ဆောက်ခြင်းဖြစ်သည်။ ပြီးစီးသော် "မော်ဓောမြင်သာ" ဟုသမုတ်တော်မူသည်။ ပုံတော်ကိုဖူးမြော်၍ ရွှေမော်ဓောဘုရားကို မြင်သာထင်သာရှိစေသည်ဟုအဓိပ္ပါယ်ကောက်သော်မမှားနိုင်ပါ။

ရွှေဘိုမြို့ မြို့ထောင့်စေတီဟု လူသိများသည်။ ပဲခူးမိဖုရား၏အလိုအတိုင်း ရွှေမော်ဓောစေတီပုံတည်သည်ဟုလည်း လူကြီးတို့အဆိုစကားကြားဖူးပါသည်။ တပ်အပ်သေချာမဆိုသာပါ။

ထိုမြို့ထောင့် စေတီတည်ခြင်းနှင့် မရှေးမနှောင်းပင်လျှင် စံနေဆဲမြို့တော်ကို တိုးချဲ့ဆောက်လုပ်ရသည်။ ယခုအခါတွင်ရှေးကနှင့် မတူနန်းမြို့တွင်း၌ မင်းညီမင်းသား၊ အမှုးအမတ်များ၊ စစ်သူကြီး၊ ဝင်းတော်မှူး၊ သူဌေးသူကြွယ်တို့များပြားလှပြီဖြစ်သောကြောင့် ရှိရင်းမြို့နှင့်မဆံ့တော့ပြီ။

ဘုံခုနစ်ဆင့်ပြာသာဒ်တင်ပြအိုး၊ တန်ဆောင်းအသီးသီးဖြင့်မြို့တံခါးလေးဆယ်တိတိရှိသော မြို့ကြီးဖြစ်သည်။ ယင်းမြို့တော်အကျယ်အဝန်းကို အောက်ပါအတိုင်းဖော်ပြကြသည်။ တွင်းသင်းတိုက်ဝန်မဟာစည်သူရေး "အလောင်းမင်းတရားအရေးတော်ပုံ"တွင်–

"အချင်းတထောင့်တရာတာပေါင်းရှိသော၊ တံခါးလေးဆယ်နှင့်၊ ပြအိုးတန်ဆာဆင်လျက်မြို့ကြီးတည်၏" "BURMA GAZETTEER SHWEBO DISRICT VOLUME A တွင်ဖော်ပြထားသည်ကား–

မြို့ရိုးမှာ ၁၂ ပေထူပြီး၊ ပေ ၂၀ မြင့်သည်။ မြေနီသရွတ်ကိုင်ထားသောအုတ်မြို့ရိုးဖြစ်သည်။ မြို့တွင်း၌ အိမ်ခြေ (၄၀၀၀) ခန့်ဆောက်လုပ်နေထိုင်ကြသည်ဟုတွေ့ရပါသည်။

"ထွန်းတောက်သာသနာ၊ ပွင့်လင်းစွာ၍ ဝေသာလီဝယ်၊
ချဲ့သည့်နှယ်လျှင်၊ လေးဆယ်ဒွါရ၊ တန်ဆောင်းပြမူ၊ ရာသုံး
ဆယ့်နှစ်၊ ဝန်းရစ်လုံးယူ၊ ဇမ္ဗူဉသျှောင်မြို့ကြီးထောင်၏။
သည့်နောင်တနှစ်၊ ရောက်ပြန်လစ်လည်း၊ မူးမြစ်တိုးလျှို၊
မြို့ရန်ဖြိုကို၊ ရေညိုလကျာ၊ ရစ် စိမ့်ငှာဟု"

**(စိန္တကျော်သူ)**

ဤသို့ မြို့တော်ကြီးပြီးစီးသောအခါ ရန်ဟူသမျှအောင်တော်မူပြီးဖြစ်၍ "ရန်ကြီးအောင်" ဟူ၍သမုတ်ခေါ်တွင်ကြသည်။ ထိုအခါ မုဆိုးဖို၊ ရွှေဘို၊ ကုန်းဘောင်၊ ရတနာသိင်္ဃ၊ ရန်ကြီးအောင် ဟူ၍ငါးမည်ရမြို့တော်ဖြစ်လာတော့သည်။

အထက်ပါအဖွဲ့တွင် စိန္တကျော်သူရေးသည့်အတိုင်း ထိုနောက်တစ်နှစ်ရှိသောအခါ မြို့တော်ရေရောက် – မူးကိုဖောက်သောစီမံကိန်းကိုအကောင်အထည်ဖော်လုပ်ဆောင်သည်။

ဤသည်ကို ကုန်းဘောင်ဆက်ရာဇဝင် ပထမတွဲ၌ –

"ထိုအခါမူးကိုဆည်၍ မဟာနန္ဒာကန်တော်ရောက်တူးဖောက်မည်အကြံတော်ရှိ၍ ၁၁၂၀ ပြည့်၊ တပို့တွဲလပြည့်ကျော်သုံးရက်နေ့မြေဒူးမြို့သို့ချီတော်မူပြီးလျှင် မြို့အနောက်တာသုံးရာကွာအရပ်တွင် မူးရေကိုဆည်တားမည်မှာ သစ်ကိုစီစဉ်၍တိုင်စိုက်ပြီးမှ ကျောက်ချ၍ကျောက်တခန်းမြေတခန်းဆည်ဖို့ရမည်ဟု စီရင်တော်မူသည်။

မြေကိုလည်း မဟာနန္ဒာကန်တော်က သည်မြေဒူးမြို့အနောက်မူးဆည်ရာအရပ်သို့ ရောက်အောင်တူးစေသည်။ ရွှေမြို့တော်သို့အပြန်သဗ္ဗန်စီး၍ပြန်တော်မူမည်ဟူ၍လည်း မြေဒူးမြို့နားတွင် ကနီမြို့သူကြီးကိုခန့်၍ သဗ္ဗန်တည်လုပ်ရသည်။ ကန်တော်ကသည် မူးအရောက်မြောင်းတူး၍ ပြီးလျှင်ရေသွင်း၍ နေပြည်တော်သို့သဗ္ဗန်နှင့် စုန်တော်မူသည် ဟူ၍ ကန်တော်ရေရောက် စီမံကိန်းကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။

ရှေးအထက်ကျော် ပုဂံခေတ်ကလည်း –

အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်တော်မူစဉ်က ဤဒေသတဝိုက်တွင်ပင် ရေမြောင်းကြီးဖောက်တော်မူခဲ့သည်ဟု သမိုင်းအဆိုရှိလေသည်။ ထိုရေစဉ်လမ်းဖောက်ရာ ရွှေဘိုမြို့အရှေ့နားတွင် ကုန်းဘောင်ရိုးတန်းဟုခေါ် သော ရိုးတန်းတစ်ခုရှိသောကြောင့်ပင်လျှင် ကုန်းဘောင်မြို့၊ ကုန်းဘောင်ပြည်ဟု အမည်တစ်မျိုးတွင်ခဲ့ခြင်းဖြစ်သည်။

ရှေးမြန်မာမင်းတို့သည် ရေရှားရာတွင် ရေရှိအောင် ရေအလှူပြုတော်မူလေ့ရှိပေသည်။ ဤသို့သောလုပ်ဆောင်ချက်ကြောင့်ပင် လက်ညှိုးညွှန်ရာရေဖြစ်သည်ဟူ၍ တင်စားပြောဆိုနိုင်ကြခြင်းဖြစ်နိုင်ပါသည်။ ယင်းတို့ခေတ်ကာလက အိမ်တစ်အိမ် ... လူတစ်ယောက်၊ ပေါက်ပြားတစ်လက်၊ တူရွင်းတစ်ချောင်းမျှ ဆင့်ဆို၍ ပြည်သူတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူကြသည်။ တင်စားဥဏ်ယူဂပြောရသော် လူသားအရင်းမြစ်ဖြင့်၊ လိုအပ်ရာရာကို ဖြစ်စေနိုင်ကြသည်ဟု ဆိုနိုင်ဖွယ်ရှိပေသည်။

ရွှေဘိုမြို့တော်ဝန်းကျင်မှ ပြည်သူများအတွက်ဆိုလျှင်လည်း ဘိုးစဉ်ဘောင်ဆက် ရေရှားပါးမှုဒုက္ခမှ လွတ်မြောက်ရပေပြီ၊ တစ်သက်

သာတွင်မကြုံစဖူးထူးကဲစွာ ရေအလျှဉ်တွင်လှေယာဉ်ဖြင့် ကူးသန်းသွားလာနိုင်ခြင်းမှာ အံ့သြကုန်နိုင်ဖွယ်ရှိကြမည်မလွဲပင်။ ရတနာသိဃ်မြို့မှာလည်း မင်းနေပြည်တော်ပီသစွာဖြင့် ရေမိုးအလျှံပယ်ဆိုရအောင် ပြည့်စုံခဲ့လေပြီ။

ဤဖြစ်ရပ်ကိုရည်ရွယ်၍ ဆရာနှုန်းဆိုသူ စာဆိုတစ်ဦးက –

"ကြောက်ဘွယ့်ဘုန်းတန်း၊ ဖြစ်ခဲ့ထူးဆန်း" အစချီသော မင်းတရားကြီးဘုန်းတော်ကို ဖွဲ့ဆိုခဲ့ပါသည်။ အလေင်းမင်းတရားကြီးသည် ကြောက်ဖွယ်လန့်ဖွယ်ကောင်းသော ဘုန်းတန်ခိုးရှင်ဟုဖွဲ့ဆိုခြင်းဖြစ်လေသည်။

ဤဖြစ်ရပ်ကိုပင်လျှင် စိန္တကျော်သူကလည်း "ချစ်၍ခေါ်သည်" အစချီသောရတုနှင့် "ချစ်၍ခေါ်ရာ" အစချီသောမဟာနန္ဒကန်တော်ဘွဲ့ကို ဖွဲ့ဆိုကြောင်းလူသိများလိမ့်မည်ထင်ပါ၏။ ထို့ပြင် မြို့တော်ရေရောက် တူးမြောင်းဖောက်သည့်စွမ်းဆောင်ချက်ကို ဆက်လက်ရေးဖွဲ့ပါသေးသည်။ ဤအဖွဲ့အသီစာကိုကား လူသိများလှမည်မထင်ပါ။

"စကြာဖြန့်ဆောင်၊ ရည်တိုင်းအောင်၍၊ မြောင်းပေါင်ရိုးလျှောက်၊ မူးကိုဖောက်၏။ ချိုးမြှောက်ဖွယ်မှု၊ အစုစုကို၊ မေရုစုတ်တံ၊ ပေရွက်ခံ၀ယ်၊ ယဉ်လျှံထွေထွေ၊ သမုဒ်ရေနှင့်၊ မြေကိုနှည်ဖျော်၊ ရေးလှည့်သော်လည်း၊ ကိုယ်တော်မြတ်ဂုဏ်၊ တည်မာကုန်အံ့၊ ၀သုန္ဒရီ၊ ထက်ပေါ်ဆီနှင့်၊ ဘုမ္မိနက်သန်၊ မြို့တော်မှန်သည်။ နိဗ္ဗာန်သည်ကစောင်းတန်းတည်း"

ဤရတုအဖွဲ့မှာ ယနေ့ခေတ်တွင်လူတိုင်းလိုလို ကြားဖူးနားဝရှိကြသော –

" အာကာကိုလွှာပုံပြုပါလို့၊ မေရုကိုတဲ့စုတ်တံချီ၊ သမုဒ်မင်ရည်ဖျော်လို့၊ ချစ်တာတွေစာစီကုံးရရင်၊ ဆုံးစမမြင် " ဟူသောချစ်သူတို့၏တင်စားချက်ကို သတိရမိကြပေမည်။ စိန္တကျော်သူ၏ အလောင်းမင်းတရား၏ ဘုန်းတော်ဘွဲ့ရတုသည် နှောင်းခေတ်ပေါ် " အာကာကိုလွှာပုံပြုပါလို့ "အဖွဲ့၏ဘိုးတော်ဘေးတော်ကြီးစင်စစ်ဖြစ်ပေ၏။ စိန္တကျော်သူက ဆက်၍ဆိုထားသည်မှာ ရေအလှူကုသိုလ်တော်ကိုပြုဆောင်သော အလောင်းမင်း၏ဂုဏ်အထူးမှာ ချီးကျူး၍ဘယ်မှာကုန်နိုင်ပါအံ့နည်း။ မင်းတရားကြီးနှင့်တကွ အများပြည်သူရေရရှိရေးကြိုးပမ်းသူလုပ်သားပြည်သူတို့အဖို့ ဤနေရာသည် နိဗ္ဗာန်သို့တက်ရန်စောင်းတန်းဖြစ်သည်ဟု တင်စားဖွဲ့ဆိုထားခြင်းဖြစ်သည်။

ထိုကဲ့သို့ အလောင်းမင်းတရားကြီး၊ ရန်ကုန်မြို့၌ စစ်စခန်း ချရပ်၍ ဟံသာဝတီမင်းနေပြည်တော်အား စစ်ရေးငင်ဝိုင်းရံနေစဉ် တဘောင်သံတစ်ခုပေါ် လာလေသည်။ ယင်းတဘောင်စာကို ဟံသာဝတီရှိကလေးသူငယ်များစုမိဆုံမိရာတွင် ရွတ်ဆိုကြွေးကြော်ကြလေသည်ဆိုပါ၏။ ယင်းတဘောင်သံစာမှာ –

ဟသ်ာချီထ၊ ဖား ကိုရ၊ နောက်မှဟသ်ာ၊ လူမှာမုဆိုး၊
အရိုးမဟုတ်၊ လေးဖြင့်ထုတ်၍၊ ကုပ်ကုပ်အသာ၊
ချုံမှာလည်းအောင်း၊ သုံးနှစ်ခြောင်းမှ၊ ပြစ်ထမကြာ
တချက်သာ၊ ဟသ်ာရင်သွေး၊ နှစ်ယောက်မွေး၊
အတွေးနှင့်သာ၊ ချော့လိမ့်မည်။ ။

ဟူ၍ဖြစ်ပါသည်။

(ယင်းစာကို ရွှေဘိုမြို့နယ်၊ ကျားရွာနေ ကိုသာအေး၏ ပေစာထုပ်မှကူးယူပါသည်။ ထိုတဘောင်စာတွင်ပါရှိသော "အရိုးမဟုတ်" ဆိုသည်မှာ အလောင်းမင်းတရားကြီးသည် ညောင်ရမ်းမင်းမျိုးမင်းနွယ် အရိုးအစဉ်မဟုတ်သူ ဟုဆိုလိုခြင်းဖြစ်သည်ဟူ၍ ကျွန်မအနေဖြင့် ယူဆမိပါသည်။ ကျန်စာသားများကို အထူးဖော်ပြရန် မလိုပါ။)

ဿ ဿ ဿ ဿ ဿ

## (၁၈)

## အလောင်းမင်းတရားကြီး၏ ဥဒေါင်းအလံတော်

လွတ်လပ်သောနိုင်ငံဟူသမျှ အမျိုးသားအလံအသီးသီးရှိကြသည်။ ယခုခေတ်တွင်သုံးသောအလံတော်များမှာ ဒီဇိုင်းအဆင်အပြင်နှင့် အရောင်ကို ဦးစားပေးပြီးသုံးစွဲကြသည်။ ရှေးခေတ်ကမူကား မိမိတို့လူမျိုးအလိုက် ကြိုက်နှစ်သက်ရာသတ္တဝါတစ်မျိုးမျိုး၏ပုံကို ထည့်သွင်းတတ်ကြသည်။

အလောင်းမင်းတရား နန်းတက်သောအချိန်ကာလမှာ ယခုဆိုလျှင် နှစ်ပေါင်း (၂၄၆) နှစ်ရှိပြီးဖြစ်၍ ရှေးခေတ်ဟုဆိုရပါမည်။ မြန်မာမင်းများလက်ထက်တော်က သူ့နေရာဌာနနှင့် သူ့အလံပုံ အမျိုးမျိုးထားရှိပြီး အခေါ်အဝေါ်လည်းသီးခြားရှိသည်။ စစ်ချီတက်ထွက်သောအခါ၊ ဘုရားဖူးထွက်သောအခါ ထွက်တော်မူပြီး၊ ထွက်တော်မူသောအချိန်မျိုးတွင်လည်းကောင်း၊ နန်းဦး၊ နန်းဆောင်၊ ကန်တော့ခံအခန်း၊ ညီလာခံအဆောင်စသည့်တို့တွင် အစဉ်လာမပျက်စိုက်ထူထားရခြင်းတွင်လည်းကောင်း၊ အရုပ်ပုံအသီးသီး ခွဲခြားရေးဆွဲထားလေ့ရှိပါသည်။

ရှေးခေတ်က အခြားနိုင်ငံများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။

တရုတ်ပြည်က နဂါးကိုနှစ်သက်သလို အမေရိကန်က သိမ်းငှက်ကို မြတ်နိုးသည်။ စကော့ပူက ခြင်္သေ့၊ ထိုင်းက ဆင်၊ အိန္ဒိယက ခြင်္သေ့ လေးစီး ကျောချင်းကပ်ပုံကိုအမြတ်တနိုးထားသည်။

ယင်းသည် ခြင်္သေ့လေးစီး ကျောချင်းကပ်ပုံမှာ မြန်မာနိုင်ငံတွင် သီရိဓမ္မာသောကမင်းဟု လူသိများသော အာသောကမင်းကြီး၏ အမှတ်တံဆိပ်ပုံတော်ဖြစ်သည်။ ယင်းအမှတ်တံဆိပ်မှာ မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဟောကြားခြင်း သဘောကိုဆောင်ပါသည်။ အိန္ဒိယတွင် ယင်းအမှတ်တံဆိပ်ကို ရုံးတော်စာချုပ်ခေါင်း၊ ငွေစက္ကူစာမျက်နှာ၊ အသေးသုံးသည့်ဒင်္ဂါးပြားစသည့်ဖြင့် နေရာတိုင်းတွင် သုံးစွဲသည်ကို ၁၉၈၁ ခုနှစ်က ကျွန်မတို့ဘုရားဖူးသွားရောက် စဉ်ကပင် သုံးစွဲဆဲဖြစ်ကြောင်းတွေ့ရပါသည်။

ကျွန်မတို့မြန်မာနိုင်ငံမှာ ရှေးရှေးကလာသော ရာဇဝင်သမိုင်းကြောင်းတွင် ဥဒေါင်းရုပ်ကား မပါလျှင်မပြီးသလောက် ခရီးရောက်တွင်ကျယ်လှချေသည်။ ဘယ်တွက်ကြောင့်ဟူမူ ရှေးသရောအခါက သာကီဝင်မင်းများသည် ဟိမဝန္တာတောင်ခြေရှိ မောရိယမြို့ဟူသော ဥဒေါင်းတို့စံပျော်ရာ တောဟေမဝါကို ရှင်းလင်းပြုပြင်စေပြီး၊ ကပိလဝတ်၊ ကောလိယစသော တိုင်းပြည်များ တည်ထောင်စိုးစံကြခြင်းကြောင့် ဥဒေါင်းတို့ကို အစဉ်အဆက်နှစ်သက်ခဲ့ကြပါသည်။

ထို့ပြင် သာကီဝင်မင်းမျိုးသည် နေနတ်နွယ်မျိုးဟူ၍လည်း ဆိုသည်။ နေဝန်းပေါ်မှာဒေါင်းရုပ်ပေါ်သည်ဟုလည်းဆိုကြသည်။ ထို့ပြင် ဥဒေါင်း၏အမြီးကွက်များ၌ စ ဓ ဗ ဝ အက္ခရာလေးလုံးပါရှိသောကြောင့် လောကုတ္တရာအားဖြင့် အလွန်မွန်မြတ်သည်ဟုလည်း

အစွဲရှိကြသေးသည်။ ထိုအက္ခရာများ အမှန်ပင်ရှိသည်ဟုမဆိုနိုင်ပါ။ သို့သော်ထိုအက္ခရာများနှင့် အတော်ဆင်တူနေသည်။ ကြည့်မြင်သူစိတ်မှာလည်းစိမ်းစိုလှပမျက်စိပသာဒရှိခြင်းကား အမှန်ဖြစ်၏။ အချို့သော မြန်မာ့အိမ်များတွင် ဒေါင်းတောင်များ အလှထိုးစိုက်ထားကြသေးသည်။

ဥဒေါင်းနှင့်ပတ်သတ်၍ ဤ၍ဤမျှစကားပလ္လင်ခံနေသည်မှာ အလောင်းမင်းတရားလက်ထက်တော်က ဥဒေါင်းရုပ်ပါသောအလံကို အမျိုးသားအလံအဖြစ် အသုံးပြုခဲ့ကြောင်း တင်ပြချင်သောကြောင့်ဖြစ်ပါသည်။

အလောင်းမင်းတရားလက်ထက်တော်က အမျိုးသားအလံမှာ လေးထောင့်စတုရန်း အဖြူရောင်ပိတ်သားပေါ်တွင် အလယ်ကအစိမ်း– ဝါပြာအရောင်ခြယ်သော က ဒေါင်းရုပ်ပါရှိပါသည်။ ကြက်လျှာစွန်းမပါပါ။

ဤအဆိုကို ဘယ်နေရာ၊ ဘယ်စာအုပ်မှာတွေ့ရှိကြောင်းအထောက်အထားရှေ့တွင်ဖော်ပြပါမည်။ မြန်မာမင်းအဆက်ဆက်အထူးသဖြင့် ကုန်းဘောင်မင်း ဆယ့်တစ်ဆက် သုံးတော်မူခဲ့သောအလံများကိုသိလို၍ စုံစမ်းရှာဖွေသောအခါ အလံတော်သုံးမျိုးကိုတွေ့ရှိထားပါသည်။ ၎င်းတို့မှာ သီပေါမင်းလက်ထက်တော်ကအလံ၊ ဘကြီးတော်ဘုရား (စစ်ကိုင်းမင်း) လက်ထက်တော်ကအလံနှင့် အလောင်းမင်းတရားကြီးလက်ထက်တော်က အလံများဖြစ်သည်။ ဤတွင် ယနေ့ခေတ်နှင့် သက္ကရာဇ်အနီးဆုံးဖြစ်သော သီပေါမင်းအလံတော်မှစ၍ဖော်ပြပါမည်။

၁။ **သီပေါမင်းလက်ထက်ကအလံတော်မှာ** အဖြူရောင်ခံ၊ **အလယ်အနီစက်ဝိုင်း၊ စက်ဝိုင်းပေါ်တွင် ကဒေါင်းရုပ်ဖြစ်၍** ကြက်လျှာ စွန်းသုံးခုပါသည်။

(မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၄ မှ )

၂။ **ဘကြီးတော်ဘုရား (ခေါ်) စစ်ကိုင်းမင်း၏အလံတော်မှာ** ဤသို့ဖြစ်သည်။ ဘကြီးတော်ဘုရားလက်ထက်တွင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့ပါသည်။ စစ်အတွင်းရန်ကုန်စစ်မြေပြင်မှ ကျိုက် ကလိုစစ်ပွဲတွင် ဗန္ဓုလစစ်သူကြီးတို့ ခုခံတိုက်ခိုက်ခဲ့ခြင်းကို သတိရကြ လိမ့်မည်ဟုထင်မိပါသည်။ စစ်ပွဲပြီးဆုံးချိန်၌ အင်္ဂလိပ်တို့ကအနိုင်ရ သောအခါ စစ်ရှုံးသူမြန်မာက တနင်္သာရီနှင့် ရခိုင်ပြည်နယ်ကိုပေး အပ်လိုက်ရသည်။ ပြင်ပနိုင်ငံများဖြင့် ရေကြောင်းဆက်သွယ်၊ ရန်ကုန် မြို့ကိုကား မပေးလိုက်ရသေးချေ။

ထိုအခါ ရန်ကုန်ရှိ အင်္ဂလိပ်တပ်စွဲထားရာအရပ်မှာ မြန်မာတို့ လက်သို့ပြန်ရောက်လာသည်။ ဤတွင် ဘကြီးတော်ဘုရားက အောက်ပါအမိန့်တော်ချမှတ်ချက်အရ –

“ရန်ကုန်မြို့ဖောင်တော်တံခါးအပြင်၌ စိုက်ထူထားသည့်ဗြိတိ သျှယူနီယံဂျက်အလံကိုချ၍ ပိတ်ဖြူအလျား (၉) တောင်၊ အနံ (၆) တောင်၊ အလယ်အနီသွတ်၊ ဥဒေါင်းရုပ်ပန်းခက်ကို၊ အထွင့်ရွှေထည်၊ မြန်မာအလံတော်ကို၊ ပွဲနတ်ရကာအတီး အကအစုံ တီးမှုတ်စေပြီးလျှင် အမြောက်သံ (၃) ချက်ပေး၍၊ ဝေးရောက်စာရေးဇေယျကျော်ထင် အနော်ရထာ၊ ရတနာပုံတိုက်စိုးဇေယျနော်ရထာတို့ကြပ်မတ်တင်ထား မြဲထားရ၏။” ဟုတွေ့ရှိရပါသည်။

(ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးဒုတိယတွဲ)

၃။ **အလောင်းမင်းတရားကြီး လက်ထက်တော်ကအလဲ**

ဤအလံတော်မှာ ဤစာအုပ်၏ အဓိကပုဂ္ဂိုလ်ဖြစ်သော အလောင်းမင်းတရား၏ အလံတော်အကြောင်းဖြစ်သောကြောင့် အတန်အသင့်စုံစေအောင်ဖော်ပြရပါမည်။

ထိုအလံတော်နှင့်စပ်လျဉ်း၍ ရှာဖွေတွေ့ရှိထားသောအချက်များအနက် စာအုပ်တွင်ဖတ်ရသောစာတွေ့အချက်တစ်ခုနှင့် ပညာရှင်တစ်ပါး၏ပြောပြချက်ကို ကြားနာမှတ်သားထားသော ကိုယ်တွေ့အချက်တစ်ခု၊ ပေါင်းနှစ်ခုကိုတင်ပြပါမည်။

ပထမအချက်မှာ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော၊ ကလေးများအတွက်စွယ်စုံကျမ်း THE CHILDREN'S ENCYCLOPEDTA တွင်တွေ့ရှိခြင်းဖြစ်သည်။ ထိုကျမ်းမှာအတွဲပေါင်း (၁၀) အတွဲပါ၍ ရေးသားပြုစုသူအမည်မှာ ARTHUR MEE ဖြစ်ပါသည်။ ကျမ်း (၁၀) တွဲစလုံးစုပေါင်းပြီးစာမျက်နှာများကို နံပါတ်စဉ်ထိုးထားသည်ဖြစ်ရာ အားလုံးစာမျက်နှာ (၇၃၄၀) တိတိရှိပါသည်။ ထိုစာအုပ်တစ်စုံကို ကျွန်မ၏သားသမီးမြေးမြစ်များအတွက်ဖတ်ရန်ဝယ်ပေးထားသည်မှာ (၃၅) နှစ်ခန့်ရှိပါလေပြီ။

နိုင်ငံတော်အစိုးရက နယ်မြို့ကြီးများတွင် ၁၉၇၇ ခုနှစ်တွင် ဒေသကောလိပ်များ ဖွင့်ပေးသောအခါရွှေဘိုမြို့တွင်လည်း ကောလိပ်ကျောင်းတစ်ကျောင်း ဖွင့်ပေးပါသည်။ ထိုအခါရွှေဘိုကောလိပ်ကျောင်း၏အမှတ်တံဆိပ်တစ်ခု ရွေးချယ်ရန်လိုအပ်လာသည်။ ရွှေဘိုကောလိပ်ကျောင်းအုပ်ကြီး ဦးဆန်နီဦးစီးသောအမှတ်တံဆိပ်

ရွေးချယ်ရေးအဖွဲ့တွင် ဆရာဦးသန်းလှ၊ ဦးဝင်းမြင့်၊ ဦးရဲမြင့်၊ ဦးရွှေမှူး၊ ဦးခင်မောင်စန်း၊ ဦးကိုကြီးတို့ပါဝင်ပါသည်။ (လတ်တလောမမှတ်မိသောဆရာတချို့ကျန်ရှိနိုင်ပါသည်။) ထိုအဖွဲ့ဝင်များသည်မဟာနန္ဒာကန်၊ အလောင်းဘုရားပြာသာဒ် စသဖြင့်ကောင်းနိုးရာရာစဉ်းစားကြပါသည်။ ဤတွင် ဆရာတစ်ဦးဖြစ်သော ဦးရဲမြင့်သည်ကျွန်မအိမ်ရှိ စွယ်စုံကျမ်းကိုလာယူပါသည်။ ၎င်းကျမ်းအတွဲ (၁၀) ထဲတွင် စာမျက်နှာ (၆၉၈၀) မှ (၆၉၉၆) အထိတွင် ဆေးရောင်စုံကြွေချောစက္ကူဖြင့် ရိုက်နှိပ်ဖော်ပြထားသော နိုင်ငံများမှအလံပုံပေါင်း (၁၀၀၀) ပါရှိပါသည်။ စာတိုက်တံဆိပ်ကောင်း အရွယ်ခန့်ရှိသည်။ ဗြိတိသျှလက်အောက်ခံနိုင်ငံများတွင် ရှေ့ခေတ်က အသုံးပြုခဲ့သောအလံပုံအဟောင်းများဖြစ်သည်။ ရှေးခေတ်သုံး အလံများဖြစ်သောကြောင့် အကွက်အဆင်မျိုးတွင်မက၊ ခြင်္သေ့၊ မြင်းပျံ၊ ဆင် စသောသတ္တဝါများ ပုံရိုက်ထားသောအလံပေါင်း အတော်များများပါရှိပါသည်။

BURMA ဟုစာတန်းပါသောလံပုံမှာ လေးထောင့်အဖြူခံပေါ်တွင် စိမ်း ဝါ ပြာအရောင်များဖြင့် ကဒေါင်းရုပ်ပါရှိပါသည်။ ယင်းတို့လက်အောက်ခံဘဝတွင် မည့်သည့်အလံမှ အမျိုးသားအလံအဖြစ်အသုံးပြုခွင့်မရှိသောကြောင့် ရှေးမြန်မာမင်းလက်ထက်က အလံပုံကိုပင်ဖော်ပြထားခြင်းဖြစ်သည်။ အလံပေါင်း (၁၀၀၀) ၏ ဆိုင်ရာနိုင်ငံများအကြောင်းကို ဖော်ပြရန်မဖြစ်နိုင်သောကြောင့် အတိုချုံးစုပေါင်းပြီး ဖော်ပြထားခြင်းဖြစ်ပါလိမ့်မည်။

သို့ဆိုလျှင် သီပေါမင်း၏ကြက်လျှာစွန်းပါသော အလံလည်း မဟုတ်၊ ကုန်းဘောင်ဆက်ကို ကနဦးတည်ထောင်သော အလောင်းမင်း

တရားကြီး၏ အလံတော်ဖြစ်နိုင်သည်ဟူ၍ ရွှေဘိုမြို့ကောလိပ်တံဆိပ် အဖြစ်ရွေးချယ်ခဲ့ကြ၏။

ထို့နောက် ယင်း အလံတော်ကိုပင် ရွှေဘိုကောလိပ်၏အမှတ် တံဆိပ်အဖြစ်သတ်မှတ်သည့်အတိုင်း ရွှေဘိုကောလိပ်၏တရားဝင် ပေးပို့သောစာလွှာများ စာရေးစက္ကူကတ်၏ခေါင်းစီးနှင့် စာအိတ် အပေါ် တံဆိပ်အဖြစ် သုံးစွဲခဲ့ကြပါသည်။

ဤအကြောင်းမှာ ပထမအချက်ဖြစ်ပါသည်။ စာအုပ်ထဲမှရ သောအကြောင်းအချက်ဖြစ်သည်။ ယခုကိုယ်တိုင်ကြားနာရသော ပညာရှင်တစ်ပါး၏ဟောပြောချက်ပါ အလောင်းမင်းတရားကြီး ၏အလံတော်အကြောင်းကို ဒုတိယအချက်အဖြစ်ဖော်ပြပါဦးမည်။ မန္တလေးမြို့၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးတွင် ဆရာကြီးရွှေပြည် ဦးဘတင်၏ ဟောပြောပွဲတစ်ခု၌ ကျွန်မတက်ရောက်နားထောင်ခွင့် ရစဉ်က ကြားနာခဲ့ရသောစကားရပ်ဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ် ကျောင်းအုပ်ဆရာကြီးမှာ ဦးကိုလေး (ဗေဒ္ယာမောင်) လက်ထက် ဖြစ်ပါသည်။ ဆရာကြီး ရွှေပြည်ဦးဘတင်၏ဟောပြောချက်ကို ကျွန်မမှတ်စု တင်ထားသည်မှာ –

"အမျိုးသားအလံတော်ဆိုတာ လွတ်လပ်တဲ့နိုင်ငံတိုင်းမှာ ရှိတာ ချည်းပဲ၊ တို့မှာလည်း အခုအမျိုးသားအလံနဲ့ဘာနဲ့ တင့်တင့် တယ်တယ်ပေါ့ကွယ်၊ အဲ ... တို့နိုင်ငံမှာ အမျိုးသာအလံရယ်လို့ မရှိတဲ့ခေတ်ကြုံခဲ့တယ်။ အရှင်နှစ်ပါးပါတော်မူပြီး၊ အင်္ဂလိပ် လက်အောက်ခံဘဝနေခဲ့ရတုန်းကပေါ့၊ သူ့ကျွန်ဘဝဆိုတော့ အမျိုးသားအလံလည်းသုံးခွင့်မရှိ၊ တို့ကလည်း သူတို့ယူနီယံ

ဂျက်ကိုမသုံးချင်ကြဘူး မဟုတ်လား။

နောက်သခင်အသင်းတွေပေါ်ထွန်းလာတော့မှ သုံးရောင်ခြယ်အလံသုံးခွင့်ရတယ်၊ ဒါသခင်အသင်းအလံပဲ၊ အမျိုးသားအလံအဖြစ်သုံးရတာမဟုတ်ဘူး။ သုံးရောင်ခြယ်တာက သာသနာရေးဦးစားထားတဲ့ အဝါရောင်၊ သယံဇာတပေါတဲ့အနေနဲ့အစိမ်းရောင်၊ ရဲရဲတောက်၊ စိတ်အင်အားအနေနဲ့ အနီရောင်၊ အလယ်ကမှ ဒေါင်းရုပ်ထည့်ထားတာ။

ဥဒေါင်းဆိုတာ တို့ဗမာတွေဘယ်တော့မှ လက်မလွှတ်ဘူး၊ ကျက်သရေရှိတဲ့ သတ္တဝါမဟုတ်လား၊ တို့ ပြည်ရွှေဘိုက အလောင်းမင်းတရားကြီးရဲ့ အောင်လံတော်မှာလည်း အဖြူခံမှာက ဒေါင်းရုပ်နဲ့ အဲဒါကြောင့် တရားကြီးသခင်ကိုယ်တော်မှိုင်းက အလံဒေသနာမှာ ဒီလိုဖွဲ့ထားတယ်”

“လောကီတခွင်၊ ကောလီမြင်သည့် ယောဂီရှင်ပင်၊ သခင်ကိုယ်တော်မှိုင်း၊ ဟုတ်တိုင်းမှန်ရာ၊ မေတ္တာဆက်ဆံအလံတရားဟောကြားလိုက်မည်။ ”

နောက် ... မြန်မာ့ကြငှန်း၏ကောင်းကျိုး ဖွေကြသည့် ဒေါင်းအိုးဝေငှက်သနင်း ....

နောက် ... ရှေးဖျားကသမ္ဘာမြူးခဲ့သော၊ ကမ္ဘာဦး ဒေါင်းအလံနှင့်၊ ကြောင်းမတန်ခွင့်သာပြီး၊ ဝင့်ဝါပုံများကို .... အဲဒါလိုဆက်ရေးသွားတယ်၊ မင်းတို့ကြားဖူးကြမဟုတ်လား ...”

ရွှေပြည်ဦးဘတင်ပြောသည်များမှ၊ ကျွန်မမှတ်ထားမိသမျှဖြစ်ပါသည်။ အခုတင်ပြတဲ့ ကလေးများစွယ်စုံကျမ်း စာအုပ်မှာပါတဲ့

BURMA အလံအကြောင်းရယ်၊ ရွှေပြည်ဦးဘတင်ရဲ့အဆိုအမိန့်ရယ် နှစ်ရပ်ပေါင်းလျှင် အဖြူရောင်အခံတွင် ကဒေါင်းရုပ်ပါရှိသော (ကြက်လျှာစွန်းမပါ) အလံတော်သည် အလောင်းမင်းတရားကြီး၏ အလံတော်ဖြစ်ကြောင်း အတည်ပြုနိုင်လောက်ပြီဟု ယူဆပါသည်။

ॐ ॐ ॐ ॐ ॐ

## (၁၉)

## အလောင်းမင်းတရား၏ ဖြောင့်မတ်သောနှလုံးသား

အလောင်းမင်းတရားကြီးသည် အမြော်အမြင်ဉာဏ်ကြီးခြင်း၊ ဖွဲ့လုံ့လကောင်းခြင်း၊ ဒေသအနေ အထားကောင်းခြင်း၊ နောက်လိုက်နောက်ပါတို့စုစည်းညီညွတ်ခြင်းတို့ကြောင့် မုဆိုးဖိုရွာအစီရင်ဦးဇအောင်ဇေယျဘဝမှ ထီးဖြူဆောင်း အလောင်းမင်းတရားဟူ၍ ရာဇပလ္လင်တွင် စံနေတော်မူရချေပြီ။ ထိုသို့နိုင်ငံတော်ထက်အောက်၊ နံလျှားထောက်ကြွားလာသည်မှာ မင်းညီမင်းသားများကဲ့သို့ မင်းဖြစ်လာခြင်းမဟုတ်၊ ပြင်းထန်၍မှန်ကန်သော စိတ်စေတနာကြောင့် ထိုက်တန်သောနေရာကို ရယူနိုင်ခြင်းဖြစ်သည်။

တစ်နည်းဆိုသော် " ဖွဲ့သန်၍ – ကံမြောက်သူ " ဟုပြောလျှင် မှားမည်မထင်ပါ။ ဟံသာဝတီပဲခူးကိုအောင်နိုင်ရာတွင် နိုင်ငံခြားသားတို့က မွန်တို့အား ခေတ်မီလက်နက်ကောင်းတို့ဖြင့် ကူညီအားပေးနေခြင်းကိုလည်း တစ်ဖက်ကတိုက်ဖျက်ရသေးသည်။ သို့ပြည်တွင်းပြည်ပရန်များအား တစ်ပြိုင်နက်ရင်ဆိုင်ပြီး အောင်လံစိုက်ထူနိုင်ခြင်းမှာ တကယ်ပင် အံ့သြချီးကျူးလောက်သော မကြုံစဖူးသည့်ဖြစ်ရပ်မှန်သည် မြန်မာ ရာဇဝင်တွင်အကောင်းဆုံးတန်ဆာဆင်နိုင်သည့် မင်းကောင်း

တစ်ပါးဖြစ်ချေသည်။

စတင်၍တာထွက်ပြီဆိုကတည်းက ရန်သူများအား တစ်တိုက်တည်းတိုက်လာရသူဖြစ်သောကြောင့် အရာရာအဆုံးအဖြတ်ပြတ်သားရသည်။ မင်းစိတ်မင်းမာန်မွေးကာ၊ ရက်စက်တန်လျှင်ရက်စက်ပြရ သည်။ သို့သော်နဂိုမူလစိတ်ရင်းမှာ ခတ်ထန်ကြမ်းကြုတ်သူကားမဟုတ်ပါ။ ဤစကားမှာသူ၏လုပ်ရပ်များနှင့်လည်းကောင်း၊ သူ၏ထုတ်ပြန်သောအမိန့်တော်များအားလေ့လာ၍ လည်းကောင်း ဆိုရခြင်းဖြစ်ပါသည်။ တိုင်းသူပြည်သားများ၏အရေး၊ ဆွေတော်မျိုးတော်များအရေး၊ မိဖုရားများအရေး စသည်တို့တွင်မိမိမှန်သည်ထင်သလို ကောင်းကျိုးကိုရှေးရှု၍ ပြတ်ပြတ်ဆုံးဖြတ် ကျင့်သုံးလေ့ရှိပါသည်။ သူ၏ထုတ်ပြန်သော အမိန့်တော်များစွာမှာ အဖြေရှာနိုင်ပါသည်။ ကူညီဖေးမတန်သူကို ကူညီဖေးမပြီး၊ ဆုံးမနှိမ်နင်းတန်သူကိုဆုံးမနှိမ်နင်းပါသည်။ နမူနာအဖြစ် အမိန့်တော် နှစ်ရပ်ကိုသာတင်ပြပါမည်။ သက္ကရာဇ် ၁၁၁၉ – ခု၊ တန်ဆောင်မုန်းလဆန်း ၈ရက်၊ ၄ – ဟူး နေ့တွင်အမိန့်တော်ရှိသည်။ ဒင်ထဲတွင် ( ရွှေဘိုမြို့နယ်မှာ ယနေ့တိုင်ရှိရွာကြီး ) အိုးအိမ်ထိမ်းမြားပေးစားသည်မှာ၊ ငဆွေတော်မျိုးတော်ဆို၍ ကျောက်အုတ်မြစ်သည်ကိုဆို၍၊ ဒင်ထဲရွာနေ ဆွေသားမျိုးသားတို့ လိုက်လံဖမ်းဆီးသည့်အရာမှာ တွန်းထိုးပိုင်စေ၊ ဆွေသားမျိုးသားမှန် လျှင်ကျောက်အုတ်မြစ်မဟုတ်။ နောင်ဆွေသားမျိုးသားဖြစ်သည်ဟူ၍ သတိုးအိမ်သူသားသမီးမှစ၍ အရပ်ရပ်အဆွေအမျိုးလူစော်ကားတို့သည်၊ မင်းညီမင်းသားကဲ့သို့၀်၊ မင်းရှိန်ကိုခဲ၍ ဆင်းရဲသားပြည်သူပြည်သားတို့ဝ်ကို၊ အလွန်အကြူး ညဉ်းပန်းနှိပ်စက် မင်းကျင့်

စိုးကျင့် ပြုကြောင်း၊ ငါ့ရွှေနားတော် ကြားသိရလျှင်၊ နေမျိုးသိရှိ နော်ရထာ၊ မြို့ဝန်ဇေယျရန္တသူ၊ မြို့ဝန်လက်ျာ စည်သူ၊ ထောင်မှူး၊ အဝန်း၊ သွေ့ကြီး ငယ်ငယ်သားတို့၊ ၂ – ခွန်းချေရမည်မမှတ်နှင့်၊ တကယ့် ညီသားပင်ဖြစ်သော်လည်း၊ မင်းသားဖြစ်သည်။ မင်းမြေးဖြစ်သည် ဆိုလျှင်၊ နှုတ်သီးကိုအတွင်းက အောက်လိုး၍ပစ်စေ၊ ငကျေးဖူးသစ္စာ တော်နှစ်ပါးရှိသည် – ရှိသည့်အတိုင်း၊ ငါမုန်းလျှင် မုန်းချင်း၊ ငါချစ် လျှင်ချစ်ချင်း ငကျေးဖူးကျက်သရေတော်ကိုထောက်၍ ဆုမွကွပ် ညှပ်စီရင်။

ထို့အပြင် နန်းတွင်းစံမိဖုရားကြီးငယ်တို့နှင့် ဆိုင်သောအမိန့် တော်ကို ထုတ်နုတ်တင်ပြပါဦးမည်။ ဤတွင်သားတော်သမီးတို့၏ မယ်တော်ဖြစ်သော မိဖုရားခေါင်ကြီးထံသို့ ရပ်ဝေးခရီးထွက်ရာမှ မင်းတရားကြီးပေးပို့တော်မူသော အမိန့်တော်စာများကား၊ ပြည်ထဲရေး၊ အထွေထွေအုပ်ချုပ်ရေး၊ နန်းတွင်းရေးတို့ဖြင့်စပ်ဆိုင်သော သို့ကြံ သို့လုပ်၊ သို့ကိုင်စသည့် ညွှန်ကြားတော်မူခြင်းသာဖြစ်သည်။

မင်းတရားကြီးသည် နိုင်ငံတော်ပြည်အရေးနှင့်စပ်၍ ခရီးထွက် တော်မူခိုက် ကိုယ်တော်တိုင်ကသာ ရပ်ဝေးသို့ရောက်ရှိနေသည်။ စိတ် တော်ကားနေပြည်တော်တွင် လုပ်ဆောင်ဖွယ်ရှိသမျှ၊ မလစ်ဟင်းမ ပေါ့လျော့ကြစေအောင် မြင်းလျင်၊ လှေလျင်တို့ဖြင့်အမိန့်တော်များ မပြတ်ပို့ဆောင်နေလေ့ရှိပါသည်။

ယခုဖော်ပြမည့်အမိန့်တော်ကား မိဖုရားငယ်များနှင့် သာသက် ဆိုင်ပါသည်။ မင်းဇေကရာဇ်တို့သည်လည်း လူထဲကလူသားတစ်ဦးပင်

ဖြစ်သောကြောင့် လူသားသဘာဝအတိုင်း မိသားစုဖွဲ့စည်းမှုရှိ သည်သာ။

ထိုသည့်ခေတ်က အရှေ့တိုင်းနိုင်ငံများမှ ဘုရင်စော်ဘွား၊ မဟာရာဇာများနည်းတူ အလောင်းမင်းတရားမှာလည်း အကြောင်းအမျိုးမျိုးကြောင့် မိဖုရားမောင်းမမိဿံ အတန်အသင့်ရှိလေသည်။ ထိုထိုသောမိဖုရားငယ်များတွင် အသိဉာဏ်ဆင်ခြင်တုံတရား ခေါင်းပါးသူအချို့လည်းပါဝင်တတ်သည်။ ထိုအခါမိဖုရားအချင်းချင်းဂုဏ်တု၊ ဂုဏ်ပြိုင်ပြုခြင်း၊ ချောပစ်ရန်တိုက်စကားများခြင်းတို့ရှိတန်ရာသည်။ ထိုအခါအရပ်ပြောပြောရလျှင် အိမ်ထောင်ဦးစီး လင်ယောကျ်ားတွင်စိတ်ရှုပ်ရတတ်သည်။

အလောင်းမင်းတရားကြီး ဘုရားသော်မှ၊ ထိုအဖြစ်မျိုးကြုံတွေ့နိုင်သည်။ ကြုံသည်ဆိုလျှင်လည်း လိုအပ်သည်ထက်ပိုမိုပြီး လိုက်လျောလိမ့်မည်မဟုတ်ကြောင်းကို အောက်ဖော်ပြပါအမိန့်တော်တစ်ရပ်ကိုဖတ်ပြီးသော် စိတ်တော်ကိုသိသာနိုင်ပါသည်။

၁၁၂၁ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့၊ ဖောင်တော်ဆိုက်၍ အမိန့်တော်ပြန်သည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော လက်နက်စကြာရတနာဆင်ဖြူများသခင်အသျှင်ဘဝရှင် အလောင်းမင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ နင်တို့ကိုစိတ်လက်မညှိုးမနွမ်း၊ မစိုးမရိမ် ငဘုန်းတော်ကိုမှီ၍ ချမ်းသာစွာအသက်မွေးရသည်။ အလှူပေးရသည်ကိုမှ ရွှေထီးရွှေနန်းတွင် မိန်းမပီပီမနေ၊ ငါ သာသနာတော်အစီးအပွား၊ ပြည်သူရဟန်းတို့အစီးအပွား၊ ပြည်မိပြည်ပဖြစ်၍၊ ပြည်ရေးတိုင်းရေးလုပ်ရာ

ကြံရာ၊ နင်တို့တစုစိတ်နှလုံးနှောင့်ယှက်အောင်ပြီးတန်ကုန် သည်အမှု ယခုတိုင်မပြီးမကုန်ကာလရှည်ကြာရသည်။ နှောင် သည်ကဲ့သို့ ယောကျ်ားမတန်မိန်းမလွန် ငါစက်တော်ဖြန့်ချီ တော်မူရာ၊ ငါမခေါ်သည်ကိုလျှောက်ထားလျှင် ရာဇဝတ် အပြစ်အလျှောက် အာကိုဟတ်မည်။

ဤကား အလောင်းမင်းတရားကြီး၏ အာဘော်ဖြစ် သောကြောင့်မှတ်လောက်သားလောက်ပြတ်ပြတ်သားသား စီရင်လေ့ ရှိကြောင်းတွေ့နိုင်ပေသည်။ အချို့သောမင်းယောကျ်ားများကဲ့သို့မငြင်း မဆန်နိုင်၊ မိန်းမတို့အလို နိုင်ငံသို့မလိုက်ပါချေ။

ဿ ဿ ဿ ဿ ဿ

## (၂၀)
## အလောင်းမင်းတရားကြီး၏ နောက်ဆုံးခရီး

၁၁၂၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၀) ရက်တွင် မင်းတရားကြီးသည် ရန်ကုန်မြို့ ဒဂုန်ဆံတော်ရှင်စေတီတော်၌ ကုသိုလ်ပြုထားသောဇရပ်ကြီးကို ရေစက်ချလှူတော်မူရန် ကျောက်မြောင်းမြို့မှ တစ်ဆင့်ရေကြောင်းတပ်ကြီးခင်းလျက် ချီတော်မူခဲ့သည်။ ရတနာသိင်္ဃမြို့တော်၌ သားတော်ကြီး အိမ်ရှေ့မင်းကို အစောင့်ထားခဲ့သည်။ စီးတော်မူရန် ရတနာရွှေဖောင်တော်ကို၊ ဆွဲလှေ၊ ငင်လှေများကဆွဲရသည်။ ဆင်တင်ဖောင်၊ မြင်းတင်ဖောင်၊ ဝန်တင်လှေဖောင်များပါ တပ်ပေါင်း (၄၄) တပ်ပါဝင်လေသည်။

မိဖုရားကြီး၊ သားတော်သမီးတော်၊ မှူးမတ်စစ်သူကြီးများခြံရံ၍ နောက်တော်ကပါရသည်။ ရဲမက်တော်တို့မှာ မွန်မြန်မာရဲမက်များအပြင်၊ တကျွန်းသားကုလားပန်းသေးတို့ပါ ပါဝင်သည်။ ယင်းတို့မှာ ယင်းတို့ဝတ်မြဲဝတ်စုံဖြစ်သော ဘဲနွတ်သီး ဦးထုပ်၊ သိုးဦးထုပ်၊ ရစ်ပေါင်းထုပ်၊ ဘောင်းဘီတို့ကို ဆင်ကြသည်။ (ကုန်းဘောင်ဆက်ရာဇဝင်ကြီးမှ) ထိုလူမျိုးခြားရဲမက်တို့မှာ အမြောက်စိန်ပြောင်းသေနက်လက်နက်ကိုင်များဖြစ်သည်။

ဤနေရာတွင်ပြောစရာရှိသည်မှာ ထိုရဲမက်များပုံတူ တစ်နည်း အလောင်းမင်းတရား၏ ရေတပ်မတော်သားများ၏ပုံတူများမှာ စာတွေ့သာမက လက်တွေ့မျက်မြင်ကြည့်နိုင်သော သမိုင်းဝင်ပစ္စည်းများဖြစ်ကြောင်းပင်။ ဤအရုပ်များထွက်ပေါ်လာသည်မှာ စိတ်ဝင်စားဖွယ် အကြောင်းများရှိပါသည်။ သားတော်ကြီးအိမ်ရှေ့မင်း (ငယ်မည်မောင်လောက်) သည် ဖခမည်းတော်၏ အရိုက်အရာကိုဆက်ခံ၍ (၁၁၂၂) ခုနှစ်တွင်နန်းတက်သည်။ နောင်တော်ကြီးမင်းဟူ၍လည်းခေါ်တွင်သည်။ ထိုမင်းသည် ရွှေဘိုမြို့၏အရှေ့မြောက်အရပ်၌ ရွှေစည်းခုံတော်စေတီကြီးတည်ထားတော်မူသည်။ ယခုကန်တွင်းရွှေပေါ်ကျွန်းဘုရားဟုလူသိများပါသည်။ ယင်းစေတီ၏ ဌာပနာတိုက်တော်တွင် ရွှေသား ငွေသားအတိပြီးသောဆင်းတုရုပ်တု၊ လောဟာဟူသောရွှေငွေကြေးစသတ္တုဖြင့်ထုလုပ်သောပစ္စည်းမျိုးစုံ ပူဇော်သွင်းနှံထားပါသည်။ ယင်းဌာပနာပစ္စည်းများအား ခရစ်နှစ် (၁၉၀၂) ခုနှစ် အတွင်း ကုလားသူခိုးတစ်စုက ဖောက်ထွင်းခိုးယူခြင်းခံရသည်။ ထိုခိုးရာပါ ဌာပနာပစ္စည်းအမျိုးစုံအနက် တချို့တစ်ဝက်ပြန်လည်ရရှိသည်။ ပြန်ရသောပစ္စည်းများကို ဘုရားဂေါပကလူကြီးများက သုံးစုခွဲခြားပြီးနောက် တစ်စုကို မူလနေရာ ဌာပနာတိုက်သို့သွင်းနှံ၍လည်းကောင်း၊ တစ်စုကို မော်ဓာမြင်သာမြို့ထောင့် စေတီတော်ပြတိုက်သို့လည်းကောင်း၊ ကျန်တစ်စုကို ရွှေတန်ဆာဘုရားရှိပြတိုက်သို့လည်းကောင်း ခွဲဝေသိမ်းဆည်းထားကြလေသည်။ ယင်းရုပ်တုများမှာ လောဟာသတ္တု၊ ကြေးသတ္တု၊ ငွေသားဖြင့်ထုလုပ်ထားပြီး၊ (၄) လက်မ (၅) လက်မမျှရှိယ်ရှိလေသည်။

အလောင်းမင်းတရားကြီး၏ ရေတပ်မတော်အသွင်ဖြစ်သော ရဲမက်လက်နက်ကိုင်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်စေနိုင်သော တစ်နည်းဆိုသော် ရာဇဝင်သမိုင်းကိုပြောပြနေသော ဌာပနာတိုက်အတွက် အရုပ်ကလေးများပင်။ ရာဇဝင်တန်ဖိုးကြီးလှချေသည်။

အဆက်ကိုပြန်ကောက်ရသော် မင်းတရားကြီးသည် ရန်ကုန်မြို့သို့ရောက်လျှင် ပြီးစီးပြီဖြစ်သောကုသိုလ်တော်ဇရပ်ကြီးကို ရေစက်သွန်းချလှူဒါန်းတော်မူသည်။ ထို့ပြင်တစ်ရပ် ပဲခူးရွှေမော်ဓောဘုရား၊ သန်လျင်ကျိုက်ခေါက်ဘုရားတို့ကို ဖူးမြော်တော်မူပြီးနောက်၊ ရွှေဘိုနေပြည်တော်သို့ပြန်ရန်သာရှိတော့သည်။ သို့စီစဉ်နေသည့်အတွင်း အထောက်တော် သတင်းလျှောက်ထားရန် ရောက်ရှိလာသည်။

သတင်းစကားလျှောက်ကြားချက်မှာ – အယုဒ္ဓယစစ်သည် အချို့ ထားဝယ်ကျေးလက်သို့ထိပါးလာကြောင်း၊ ရန်ကုန်သို့ထွက်မည့် သင်္ဘောသုံးစင်းကိုလည်း တားဆီးချုပ်ကိုင်ထားကြောင်းများဖြစ်သည်။

ထိုသတင်းသည် မင်းတရားကြီးအယုဒ္ဓယသို့ ချီတော်မူစေမည့် အရင်းခံအကြောင်းဖြစ်ပါ၏။ ထိုအခါမင်းတရားကြီးက၊ ငါကိုယ်တော်တိုင်အယုဒ္ဓယသို့ချီတော်မူမည်ဟု မိန့်တော်မူသည်။ နောက်တော်ပါလာသော မိဖုရားသားတော်သမီးတော်တို့အား နေပြည်တော်သို့ပြန်ကြစေ ဟုအမိန့်တော်ချမှတ်သည်။

ထိုအခါ ပညာရှိသမားဟူးရားတို့နှင့်မှူးမတ်များက တိုင်ပင်ဆွေးနွေးကြပြီးလျှင် ကိုယ်တော်တိုင်စစ်ချီတော်မူရန်မသင့်ကြောင်း ရှိခိုးလျှောက်ထားကြပါသည်။ “နွေရာသီဖြစ်သည့်အပြင်၊ ယခုနှစ်ဇာတာတော်မသန့်”ဟုအကြောင်းပြ ဖျောင်းဖျတင်လျှောက်ကြပါ၏။

ထိုတားဆီးတင်ကြားကြသော်လည်း လိုက်နာတော်မမူချေ။ ချီတက်ရန် စစ်ပြင်ကြစေ – ဟုအမိန့်တော်ချသည်။

ဒုတိယသားတော် မြေဒူးစားမင်းသားသတိုးမင်းစောနှင့်အတူ မင်းခေါင်အနော်ရထာ (မုဆိုးချုံဗိုလ်တွန်) စသောစစ်သူရဲကောင်းအများပါကြရသည်။ အမိန့်တော်အတိုင်း စစ်အင်ခွင်ကြီးကျယ်များပြားစွာဖြင့် ရန်ကုန်မြို့မှ မုတ္တမမြို့သို့ချီတက်ကြသည်။ သို့စစ်ချီရာသို့ နောက်တော်က ပါလာကြရစေကာမူ မှူးမတ်စစ်သူကြီးအချို့က စိတ်လက်မကြည်သာကြချေ။ ထပ်မံ၍မူ မတင်မတားဝံ့ကြပါ။

မင်းတရာကြီး၏ ဆုံးဖြတ်ပြီးသော် နောက်မဆုတ်တတ်သော စိတ်တော်ကိုသိကြပြီး ဖြစ်ကြပါသည်။ မင်းအဖြစ်ကိုယူတော်မူသောအချိန်က ဘွဲ့တံဆိပ်တော်ရွေးချယ်ရန် အချိန်ကုန်မခံခြင်း၊ ထိုနောက် ဟံသာဝတီပဲခူးမင်းသမီးတော်ဆက်သရန် နေ့ကောင်းရက်သာရွေးမည်ပြုစဉ်ကလည်း လက်ခံတော်မမူခြင်းစသော ရှေ့ပြေးဖြစ်ရပ်များ ရှိခဲ့ဖူးလေသည်။

တပ်တော်သည်ရန်ကုန်မြို့မှ မုတ္တမမြို့သို့ရောက်ပြီးနောက်၊ မုတ္တမမြို့မှ အယုဒ္ဓယမြို့အနီးအထိ အခန်းစဉ် (၃၆) စခန်းဖြင့်ရောက်ရှိတပ်စွဲမိကြသည်။ ဤနေရာသို့မရောက်မီ တနင်္သာရီသို့အရောက်၌၊ အယုဒ္ဓယမင်းက ဆင်တပ်၊ မြင်းတပ် ရဲမက်အလုံးအရင်းကြီးစွာဖြင့် ဆီးကြိုတိုက်သည်၊ မနိုင်သောအခါ ယင်းတို့ပြန်ဆုတ်သွားကြလေ၏။ ပူပြင်းသောနွေခေါင်ခေါင်ဖြစ်သည့်အပြင်၊ ခရီးလမ်းကလည်းကြမ်းတမ်းလှသည်။ မြန်မာတပ်များသည် ခရီးပန်းလှသော်ငြား အယုဒ္ဓယမြို့ကိုပတ်ရံကာ တပ်စခန်းချပြီး နေကြလေသည်။

ရက်ပေါင်းအတန်ကြာသည်အထိ၊ မြို့တွင်းသားတို့သည်ထွက်၍မတိုက်၊ အရေးစကားလည်းမဆို။ ဤသို့ဖြင့်လိပ်ခဲတည်းလည်းဖြစ်နေသည်နှင့်ပင် ၁၁၂၂ ခု (ခရစ်နှစ် ၁၇၆၀ ) ကဆုန်လအတွင်းရောက်လာလေပြီ။ မင်းတရားကြီးသည် အတိုင်ပင်ခံအဖွဲ့အားရှေ့တော်သို့ဝင်စေပြီးလျှင် –

"ယခုမိုးရာသီဝင်တော့မည်၊ ဤဒေသသည်မြစ်ပေါက်ချောင်းငယ်ပေါလှသောကြောင့် ဆင်မြင်းဗိုလ်ပါများနေစရာရှားလှသည်။ လုပ်ရေးကြံရေးခက်သည်" ဟုမိန့်ကြားတော်မူ၏။ ဤတွင် ဒုတိယသားတော်သတိုးမင်းစောနှင့် စစ်သူကြီးမင်းခေါင်အနော်ရထာ (မုဆိုးချုံဗိုလ်တွန်) တို့က –

"စစ်ပွဲမည်သည်အချိန်မဖြုန်းဘဲတိုက်ရသော် အရေးပြီးလွယ်သည်။ သူ့ကိုရံကာကြာရှည်ရသည်ကား စစ်ညောင်းလှသည်။ မှက်၊ ခြင်၊ ယင်လည်းထူထပ်လှသဖြင့်၊ ရောဂါဝင်တတ်သည်၊ သည်တစ်ကြိမ်မှာ နေပြည်တော်သို့ပြန်၍၊ မိုးအကုန်မှလုပ်ကြံရသော်သင့်ပါမည်" ဟုလျှောက်ကြားလေသည်။ ထိုအရေးစကားကို မင်းတရားကြီးကြိုက်တော်မူ၍ –

"နက်ဖြန်ပင်တပ်ဆုတ်မည်၊ သူတို့မသိစေနှင့်၊ နောက်ချန်တပ်အဖြစ်သားတော်နှင့် မင်းခေါင်အနော်ရထာတို့ချန်ရစ်၍ ဖြည်းဖြည်းလိုက်ခဲ့ကြစေ" ဟုအမိန့်ချတော်မူသည်။

သားတော်သတိုးမင်းစောနှင့် မင်းခေါင်အနော်ရထာတို့တပ်အတွက်၊ မြင်း (၃၀၀)၊ သေနတ် (၃၀၀၀) နှင့်အတူ၊ ရဲမက် (၅၅၀၀) ချန်ထားခဲ့သည်။ နေပြည်တော်သို့အပြန်ခရီးတွင် ပင်ပန်းလှသော

ကြောင့် မင်းတရားကြီးအပြင်းအထန် နာမကျန်းဖြစ်တော်မူသည်။ ဝေဒနာတော်သက်သာစေကြောင်း သမားတော်များက တစ်ဆေးမကောင်း၊ တစ်ဆေးပြောင်းပြီး ဆက်သကုမကြပါ၏။ ရောဂါတော်ကား ဆုတ်သည်မရှိချေ။ ခရီးကလည်းအဝေးကြီးကျန်သေးသည်။

၁၁၂၂ – ခု၊ (ခရစ်နှစ် – ၁၇၆၀)၊ ကဆုန်လပြည့်ကျော် (၁၂) ရက်နေ့တွင်၊ မုတ္တမအုပ်စု ကင်းရွာအရောက်တွင် မင်းတရားကြီး နတ်ပြည်စံတော်မူလေ၏။ ဤတွင်ဦးမောင်မောင်တင် (ကုန်းဘောင်ဆက်ရာဇဝင်ကြီးများကိုရေးသားသူ) စီမံရေးသားသော ရွှေနန်းသုံးဝေါဟာရကိုပြလိုပါသည်။ ထိုစကားမှာ–

နန်းပေါ်တွင်စံလျှက်ရှိသော ဧကရာဇ်မင်းတို့ဘဝပြောင်းသည်ကို "နတ်ပြည်စံသည်"ဟူ၍လည်းကောင်း၊ "နတ်ပြည်ပြောင်းစံသည်"ဟူ၍လည်းကောင်းပြောဆိုရေးသားမြဲဖြစ်သည်။ နန်းကျဘုရင်ဖြစ်စေ၊ တောင်နန်း၊ မိဖုရားခေါင်ကြီးဖြစ်စေ၊ ဘဝပြောင်းသည်ကို "နတ်ရွာစံသည်"ဟုရေးသားမြဲဖြစ်သည်။

ထို့နောက် မိမိတို့ဖခင်နတ်ပြည်စံတော်မူခြင်းကို၊ အနည်းကပ်ကြီးကြပ်ကွပ်ကဲပြုစုသူအနည်းငယ်မှအပ မည်သူတစ်ဦးတစ်ယောက်ကိုမျှအသိမခံချေ။ ကိုယ်တော်အားအတွင်းသားထုတ် ဆားသိပ်ကြပ်လှုံအောင်စည်းနှောင်ကာ ပကတိအသွင်ဖြင့် စီးတော်မူမြဲဝေါတော်ဖြင့် သယ်ဆောင်ခဲ့ကြသည်။ ရန်ကုန်မြို့သို့ရောက်ကြပြီး ဖောင်တော်သို့တင်ရာတွင်မှ "မင်းတရားကြီးနတ်ပြည်စံလေပြီ"ဟူ၍ အများသိကြရလေသည်။

ရတနာသိင်္ဃနေပြည်တော်စောင့်ကျန်ရစ်သော သားတော်ကြီး

အိမ်ရှေ့မင်းသည် နတ်ပြည်စံသတင်းကို တစ်လနီးပါးကြာမှသိရသည်။ ထိုနှစ်နယုန်လပြည့်ကျော် (၈) ရက်၊ ကြားသိပြီး နောက်တစ်နေ့ (၉) ရက်နေ့တွင် နန်းမလေ့နှင့်အညီ နန်းတက်တော်မူလေသည်။ ဖခမည်းတော် အလောင်းတော်သယ်ဆောင်၍ နေပြည်တော်သို့ ရောက်လာလျှင် မြို့တော်မြောက်မျက်နှာ လိုင်သာတံခါးသွင်းဆောင်သည်။

ထိုနောက်လွှတ်တော်ကြီး၏ မြောက်ဘက်တွင် အခမ်းအနားကြီးကျယ်စွာဖြင့် ဈာပနတော်ကျင်းပကြလေသည်။

အလောင်းမင်းတရားကြီးတွင် အိမ်တော်ပါမိဖုရားကြီးတွင်မြင်သည့်သားတော် (၇) ပါး (တစ်ပါး ငယ်ကလွန်) နှင့်သမီးတော် (၃) ပါးကျန်ရစ်ပါသည်။ ကျန်မိဖုရားငယ် (၆) ပါးမှသားတော် (၃) ပါးနှင့် သမီးတော် (၃) ပါးကျန်ရှိသည်။ မိဖုရားခေါင်ကြီး၏သားတော်များအနက် (၃) ပါးမှာ ဘုရင်ချည်းဖြစ်ကြလေသည်။ မင်းတရားကြီးအမိန့်တော် ရှေ့ပေထားခဲ့သည်မှာ –

“ငါ၏သားတော်များကား၊ လက်ချောင်းတို ရှည်ကဲ့သို့ အပြိုင်းအရိုင်းရှိကြသည်။ ထို့ကြောင့် ပထမသားတော်ကြီးမှစ၍၊ ကြီးစဉ်ငယ်လိုက်နန်းစံကြရမည်” ဟူ၍ဖြစ်သည်။

မင်းတရားကြီးသည် မင်္ဂလာအိမ်တော်စံ (၃၇) နှစ်၊ နန်းတက်၍ စည်းစိမ်တော် (၈) နှစ်နှင့်တစ်လ၊ သက်တော် (၄၅) နှစ်နှင့် ရှစ်လတွင် နတ်ပြည်စံတော်မူသည်။ သက်တော်မငယ်တော့စေကာ အရွယ်ကောင်းဆဲရှိပါသေးသည်။ နန်းတက်၍ နန်းစံသက် (၈) နှစ်အတွင်းနန်းစည်းစိမ်ဖြင့် ယစ်မူးပျော်ပါးကာ မနေအားပါ။ တတိယမြန်မာနိုင်ငံ

တော်ကြီးကို တည်တံ့ခိုင်မြဲစေရန်၊ မနေမနားကြိုးစားလုပ်ဆောင်တော်မူပါသည်။ မင်းတရားကြီး၏ ဘဝတစ်လျှောက်လုံး သူ့အချိန်ကို သုံးသည်မှာ နိုင်ငံနှင့် ပြည်သူ့အကျိုးကိုဆောင်ရွက်ခြင်း၌ သုံးခဲ့သူ ဖြစ်ပါ၏။

သို့ဘဝတစ်သက်တာအတွင်း အချိန်ကိုသုံးခဲ့ရာတွင် လောကီရေး၊ တိုင်းကျိုးပြည်မှုချည်းသာ အရေးပေးနေခြင်းမကပါ။ လောကုတ္တရာသာသနာရေးဘက်တွင်လည်း မေ့လျော့လစ်ဟင်းမနေချေ။

နန်းတက်စအချိန်တွင်ပင် သာသနာဘာသာအယူအဆနှင့်ပတ်သက်သော ခဲရာခဲဆစ်အချက်များကို၊ မင်းဆရာအတုလယသထေရ်အရှင်အားမေးလျှောက်ခြင်းပြုတော်မူပါသည်။ ယင်း "နန်းစဉ်ပုစ္ဆာ (၅၃) ပုဒ်မှာ နက်ရှိုင်းကျယ်ပြန့်လှသောကြောင့် မင်းတရားကြီး၏ မင်းမဖြစ်မီက မူလပကတိအသိဉာဏ်ဆင်ခြင်တုံတရားကို ယင်းပုစ္ဆာများကိုထောက်ချင့်ပြီး ထင်ရှားစေနိုင်ပါသည်။"

ထို့အပြင် –

"ဘုရားနှင့် တန်ဆောင်း၊ ကျောင်းနှင့် ဇရပ်၊ ကြာယပ်ဗိတာန်၊ ရေကန်ရေမြောင်း" အစုံစုံကိုဆောက်တည်ပြုလုပ်ခြင်းဖြင့် ကုသိုလ်တော်ပွားခဲ့ပါသည်။ ယင်းကုသိုလ်တော်များနှင့် စပ်လျဉ်း၍ ရာဇဝင်၊ အရေးတော်ပုံကျမ်းစသော ကျွန်မတွေ့ဖူးသမျှ တစ်အုပ်နှင့် တစ်အုပ် မတူကြပါ။ ထို့ကြောင့် ကုသိုလ်တော်ဦးရေအများဆုံးပါရှိသော စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး ရေးသားသည့် –

"ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေများ" စာအုပ်တွင်ပါရှိသော

စာရင်းကိုသာဖော်ပြပါမည်။

၁။ မင်္ဂလာအိမ်တော်ရာရွှေချက်သိုစေတီတော်

၂။ တကောင်းမြို့ ဇိနအောင်ချာရွှေဘုံသာစေတီတော်

၃။ ပြည်မြို့ နဝင်းချောင်းအောက် ဖောင်တော်ဦးစေတီတော်

၄။ မြန်အောင်မြို့ ရွှေဘုံသာစေတီတော်

၅။ ပဲခူးနယ်ဇေယျဝတီမြို့၊ မြို့ ၄ ထောင့်စေတီတော် ၄ ဆူ

၆။ ငှင်းမြို့ ၄ မျက်နှာရှိစေတီတော် ၄ ဆူ

၇။ ငှင်းမြို့လယ်စေတီတော် ၁ ဆူ

၈။ ထီးဖြူရာဇပလ္လင်နေရာတွင် စေတီ ၁ ဆူ

၉။ ဟသ်ာတမြို့အရပ် သံတောင် (၄၀) ရှိစေတီ ၁ ဆူ

၁၀။ ကသည်းချိရာတွင် တပ်ဦးစံနန်းတော်နေရာ စေတီ ၁ ဆူ

၁၁။ မြန်အောင်မြို့အရပ် သံတောင် (၄၀) ရှိစေတီ ၁ ဆူ

၁၂။ ရွှေဘိုမြို့ထောင့် စတုရန်းသံတောင် (၁၈၀) မော်ဓောမြင်သာစေတီ ၁ ဆူ

၁၃။ မော်လူးမြို့ မြစ်ဆိပ်နန်းတော်ဦးသိပ် စေတီတော် ၁ ဆူ

၁၄။ ရေကန်မြို့ နန်းတော်နေရာအရပ် သံတော် (၄၀) ရှိစေတီ ၁ ဆူ

၁၅။ မော်လူးမြို့ စည်းခုံတော်အနီး (၄) ထပ်ဇေတဝန်ကျောင်းတော်ကြီး

၁၆။ ငှင်းလမ်းဝဲယာ၊ သစ်ပင်ကြီးများထွင်း၍ ထုလုပ်သောရုပ်ပွားတော် (၄၉) ဆူ

၁၇။ ရွှေပေါက္ကျန်းဘုရားရှိ ရွှေဇရပ်ကြီး ၁ ဆောင်

၁၈။ မြဲတောင်မြို့တွင် ဇရပ်ကြီး ၁ ဆောင်

၁၉။ ပြည်ရွှေဆံတော်ဘုရားတွင် ဇရပ်တော် ၃ ဆောင်

၂၀။ ၎င်းတွင်ဇရပ်တော်ကြီး ၃ ဆောင်

၂၁။ ဒဂုန်ရွှေဆံတော်ဘုရားရှိ ရွှေစောင်းတန်းကြီး ၁ သွယ်

၂၂။ တူးဖောက်တော်မူသော မဟာနန္ဒာမြောင်းတော်

အစုစုကုသိုလ်တော် (၂၂) ရပ်ရှိပါသည်။

ဤတွင် အလောင်းမင်းတရားကြီး၏ အဖြစ်တော်စဉ်ကို အတိုချုပ်အားဖြင့် ရေးသားပြီးဖြစ်သောကြောင့်၊ နိဂုံးကမ္ပတ်အဆုံးသတ်ရန်သာ ရှိတော့သည်။ စာဖတ်သူ သုတေသီလူငယ်ထုအတွက်စာလုံးရေမများဘဲ မရှည်လျားဘဲ သိသာထင်ရှား ရုံအကျဉ်းမျှသာဖော်ပြရန်အားထုတ်ရေးပါသည်။

အပြီးသတ်ရေးလိုသော သဘောသဘာဝတစ်မျိုးကိုတင်ပြပါဦးမည်။ မင်းတရားကြီးသည် လူသားတို့သက်တမ်းအပြင် နန်းစံသက်ပါတိုသောသူဖြစ်သည်။ သို့တစေ ရှေးမြန်မာမင်းတို့သုံးစွဲနေကျစကား "သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်" ဟူသောဆိုရိုးရှိသည်၊ ရှိပင်ရှိစေကာ ထိုအဆိုနှင့် ညီညွတ်ပြည့်စုံအထမြောက်သွားသူ မင်းဘယ်နှစ်ပါးများ ရာဇဝင်မှာပါရှိပါသလဲ၊ ရှာလေရှားလေဖြစ်ပါ၏။

အလောင်းမင်းတရားကြီးအတွက်ကား အသက်တိုသော် ငြားသားတော်မှတီတော်သီပေါမင်းအထိ သူတည်ထောင်ခဲ့သောကုန်းဘောင်မင်းဆက်ရှည်လျားပါသည်။ တစ်နည်းဆိုရသော် နိုင်ငံခြားသားတို့လက်အောက်သို့ရောက်ရန် တဲတဲကလေးကျန်တော့သည်မှာ

နှစ်ပေါင်း (၁၃၃) နှစ်တိုင် မြန်မာတို့လွတ်လပ်ရေးကို ထိန်းသိမ်းထားခဲ့နိုင်သည်။

အလောင်းမင်းတရားကြီးသာ မပေါ်ထွန်းခဲ့သော် –

"တတိယမြန်မာနိုင်ငံတော်ကြီး" ဟူ၍ ရှိပါဦးမည်လော၊ မေးခွန်းထုတ်ဖွယ်ဖြစ်ပါလိမ့်မည်။ ဤတွင်ထင်မြင်စရာတစ်ချက် နက်နက်ရှိုင်းရှိုင်းရှိနေသည်။

လူ့ဘဝတွင် အသက်ကြာရှည်နေခြင်းသည်ကောင်း၏ ဟူ၍ ယေဘုယျသဘောပြောကြသည်။ စင်စစ်အသက်ရှည်ခြင်းဆိုခြင်းသည်ပဓာနမဟုတ်ပါ။ ထိုသူအသက်ရှင်စဉ် "ဘာတွေလုပ်ခဲ့သလဲ" ဆိုသည်သာပဓာနဖြစ်သည်။ သူ၏ဘဝတစ်လျှောက် သူ့လုပ်ရပ်သည်သာ အရေးပါပါသည်။ သူ့ဘဝကိုတန်ဖိုးဖြတ်ခြင်းဖြစ်ပေသည်။

ဤနေရာတွင်တန်ဖိုးဆိုသည်မှာ သမိုင်းတန်ဖိုးကိုဆိုလိုခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီးက သူ့ဘဝကိုအသုံးပြုသွားပုံမှာ မြန်မာတိုင်းစံနမူနာကောင်းအဖြစ် အတုယူထိုက်ပါသည်။

အလောင်းမင်းတရားကား သက်ရှိထင်ရှားရှိစဉ်ကလည်း သတင်းမွှေးလှသည်။ နတ်ပြည်ပြောင်းစံတော်မူပြီးသည့်နောက်မှာလည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးဟူ၍ ခိုင်မာတည်တံ့နေသမျှ ကာလပတ်လုံးထာဝရအစဉ်သတင်းမွှေးမြဲမွှေးနေဦးမည်မှာမြေကြီးလက်ခတ်မလွဲနိုင်သကဲ့သို့ပင် ဖြစ်ချေသည်။

လူငယ်တို့ကိုအတုယူ၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တိုးပွားကြစေချင်လှပါသည်။

ॐ ॐ ॐ ॐ ॐ

# ကိုးကားသောစာအုပ်များ


၁။ မြန်မာစာညွှန့်ပေါင်းကျမ်း (ဒုတိယတွဲ)

၂။ အလောင်းမင်းတရားအရေးတော်ပုံ (တွင်းသင်းတိုက်ဝန် မဟာစည်သူ)

၃။ အလောင်းမင်းတရားကြီး၏ အမိန့်တော်များ (မြန်မာနိုင်ငံ သမိုင်းကော်မရှင်)

၄။ ရွှေနန်းသုံးဝေါဟာရအဘိဓာန် (ဦးမောင်မောင်တင်)

၅။ မှန်မင်းကြီး မင်းလက်ဝါးမှတ်စုများ

၆။ ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေများ (ဒေါ်ဒဂုန်ခင်ခင်လေး)

၇။ ဘိုးတော်ရှင်ချေင်းနှင့် လူးတား (စိန္တကျော်သူ)

၈။ ဦးကုလား မဟာရာဇဝင်တော်ကြီး (ပထမတွဲ)

၉။ ကုန်းဘောင်ဆက်မဟာရာဇဝင်(ပထမတွဲ၊ ဦးမောင်မောင်တင်)

၁၀။ ကျောင်းသုံးမြန်မာရာဇဝင် (ဦးဘသန်း)

၁၁။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၅၊ အတွဲ ၁၄)

၁၂။ ရွှေဘိုနိဒါန်း (ရွှေဘိုမြို့နယ် စာပေလုပ်သားအဖွဲ့)


၁၃။ Burma Gazetteer Shwe Bo District - Volume . A

၁၄။ The Children's Encyclopedia Volume Ten

by - Arthur Mee




လောကနတ်



ARTHUR ME ၏ THE CHILDERN'S ENCY-
CLOPEDIA မှ အလံဓာတ်ပုံများ




ရွှေဘိုမြို့အဝင်မှ အလောင်းမင်းတရားကြီးရုပ်တု



ရွှေဘိုမြို့နန်းတော်ရှေ့မှ အလောင်းမင်းတရားကြီးရုပ်တုတော်




ရွှေဘိုမြို့၊ ရွှေဘုံရတနာနန်းတော်ရှေ့မှ အလောင်းမင်းတရားကြီးရုပ်တု




ကြေးသွန်းစစ်သည်ရုပ်များ


ရွှေပေါ်ကျွန်းဘုရားဌာပနာတိုက်မှ ကြေးရုပ်များ



ရွှေပေါ်ကျွန်းဘုရားဌာပနာတိုက်မှ ကြေးရုပ်များ



အလောင်းမင်းတရားကြီးအုတ်နန်းပြာသာဒ်တော်



ဥဒေါင်းပုံ

ပ၊ ၈၊ လ/ ၅၉/ ၂၀၀၁/ ၀၁၆ပ(၀၁တည်း)/ ၂၀၀၀+ ၅၀+ ၁၅အုပ်/ ၀၁၆ပ။

| | | |
|---|---|---|
| Numbered<br><br>Process Lad | Out | Stamped |
| Book-Plate<br><br>B/. 98960. | | Checked |
| Accession | | Issued |



၁၉၉၉ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု
ကျမ်းစာပေ တတိယဆုရ
"ကုန်းဘောင်ဖြူဝန်းစိုး"
ရေးသူ – ရွှေဘိုမိမိကြီး

မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးပေါင်း ၁၅၀ ခန့်ရေးသားခဲ့သည်။ စာပေဗိမာန်မှ ၁၉၇၉ ခုနှစ်တွင် "မင်းလက်ဝါးအတ္ထုပ္ပတ္တိ" နှင့် ၁၉၈၅ ခုနှစ်တွင် "လှေသင်းအတွင်းဝန်မင်း ဦးရွှေမောင်အတ္ထုပ္ပတ္တိ" စာအုပ်များထုတ်ဝေခဲ့သည်။ ၁၉၈၈ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် "ဗုဒ္ဓဝင်နေရာတော်နှစ်ဆယ်ဘုရားဖူးမှတ်တမ်း" စာမူဖြင့် စာပဒေသာတတိယဆုရရှိသည်။ ၁၉၈၉ ခုနှစ်တွင် မန္တလေးကြီးပွားရေးပုံနှိပ်တိုက်မှ "ရွှေရည်မင်းစံဆောင်းပါးများ" ကို ထုတ်ဝေခဲ့သည်။

၁၉၉၁ ခုနှစ်တွင် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် "ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ" စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုရရှိခဲ့ပြီး ယင်းစာအုပ်ဖြင့်ပင် ၁၉၉၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သည်။

အမှတ် ဃ/ ၆၉၊ ၅ လမ်း၊ ချမ်းမြရွှေပြည်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ခင်ပွန်းသည် ဦးဖေတင် (ဗဟိုတရ… ရှေ့နေ)၊ သားသမီးများနှင့်အတူနေထိုင်လျက် ပြည်သူအ… စာပေများ သုတေသနပြုရေးသားလျက်ရှိပါသည်။

အမည်ရင်း ဒေါ်မိမိကြီး ဖြစ်သည်။

Class No.
Acc. No